တပေါ်စ ဧတံ မင်္ဂလ မုတ္တမံ၊ ခြိုးခြံစွာ ကျင့်သုံးနေထိုင်ခြင်းသည် မြတ်သောမင်္ဂလာမည်၏။

မြန်မာ့အလင်း

၁၂၇၉ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၅ ခုနှစ်၊ နှောင်းတန်ခူးလပြည့်ကျော် ၃ ရက်၊ ၂၀၀၄ ခုနှစ်၊ မေ ၇ ရက်၊ ဗုဒ္ဓဟူးနေ့၊ အတွဲ(၄၁)၊ အမှတ်(၁၉၀)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်ခဲ့ပြီး ပြန်လည်ရောက်ရှိလာသော နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်အား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်စဉ်။ (သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ချစ်ကြည်ရေးခရီးမှပြန်လည်ရောက်ရှိလာသော နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီးခင်ညွန့်အား ကြိုဆိုနှုတ်ဆက်

ရန်ကုန် မေ ၆

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ် ဘီဂမ်ခါလီဒါဇီယာ၏ ဖိတ်ကြားချက်အရ မေ ၄ ရက်မှ ၆ ရက်အထိ ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်လည်ပတ်ခဲ့ပြီးနောက် ယနေ့ညနေ ၃နာရီခွဲတွင် ရန်ကုန်မြို့သို့ အထူးလေယာဉ်ဖြင့် ပြန်လည်ရောက်ရှိလာသည်။

စာမျက်နှာ ၃ ကော်လံ ၁ ■

နှစ်နိုင်ငံဆက်ဆံရေးအကျိုးဖြစ်ထွန်းစေမည့် သဘောတူညီချက်များလက်မှတ်ရေးထိုးနိုင် ဒေသတွင်းနိုင်ငံများက နိုင်ငံတော်ရှေ့ဆက်သွားမည့်မူဝါဒလမ်းစဉ်များကို ထောက်ခံကြ၍ဝမ်းမြောက်

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်

နှစ်နိုင်ငံနည်းလမ်းသစ်များအကောင်အထည်ဖော်ခြင်းနှင့် နှစ်ဖက်စီးပွားရေးတိုးမြှင့်ရေးပိုမိုအားပေး နှစ်နိုင်ငံပြည်သူများအကြားတည်ရှိပြီး ဆက်သွယ်မှုကိုပိုမိုခိုင်မြဲရေးသည် ဦးစားပေးကိစ္စရပ်ဖြစ်

ဝန်ကြီးချုပ် ဘီဂမ်ခါလီဒါဇီယာ

ရန်ကုန် မေ ၆

ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ် ဘီဂမ်ခါလီဒါဇီယာက ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်အား မေ ၄ ရက်၌ ဂုဏ်ပြုတည်ခင်းသည့် ညစာစားပွဲတွင် ဗိုလ်ချုပ်ကြီးခင်ညွန့်ပြောကြားသော မိန့်ခွန်းအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်။

အဆွေတော်ဝန်ကြီးချုပ် ဘီဂမ် ခါလီဒါဇီယာ၊ ကြွရောက်လာကြတဲ့ ဧည့်သည်တော်များခင်ဗျား–

ဒါကာမြို့တော်ကို ကျွန်တော်တို့ကိုယ်စားလှယ်အဖွဲ့ ဆိုက်ရောက်လာချိန်ကစပြီး လှိုက်လှဲပျူငှာစွာ ကြိုဆိုခဲ့တဲ့အပြင် ယခုလိုဂုဏ်ပြုညစာစားပွဲနဲ့ တည်ခင်းဧည့်ခံတဲ့အတွက် ကျွန်တော့်အနေနဲ့လည်းကောင်း၊ ကျွန်တော့်ကိုယ်စားလှယ်အဖွဲ့အနေနဲ့လည်းကောင်း ကျေးဇူးဥပကာရတင်ရှိပါကြောင်း ပြောကြားလိုပါတယ်။

စာမျက်နှာ ၇ ကော်လံ ၁ ●

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၄ ခုနှစ်၊ ဧပြီလ ၇ ရက်)

ရေကြောင်းပညာရပ်များ ဖွံ့ဖြိုးတိုးတက်ထွန်းကားရေး ဖော်ဆောင်ပေး ဦးဆောင်နိုင်သည့် ပညာရှင်များဖြစ်လာစေရန် ကြိုးပမ်းအားထုတ်

ယနေ့အချိန်အခါတွင် တစ်ကမ္ဘာလုံးလွှမ်းခြုံပြီး နိုင်ငံတကာသိပ္ပံနှင့်နည်းပညာရပ်များ၏ နှိုင်းဆမရနိုင်သည့် အရှိန်အဟုန်ဖြင့် တိုးတက်ပြောင်းလဲမှုများသည် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေး၊ ကာကွယ်ရေး၊ လုံခြုံရေးနယ်ပယ်ကဏ္ဍစုံကို လွှမ်းမိုးကြီးစိုးလျက်ရှိသည်။

ယင်းကဲ့သို့ အခြေအနေအချိန်အခါမျိုးတွင် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုစွမ်းအား၊ အမျိုးသားစီးပွားရေးဘဝတောင့်တင်းခိုင်မာမှုစွမ်းအားဖြင့် နိုင်ငံတကာအဆင့်မီပညာရည်မြင့်မားသော လူသားအရင်းအမြစ်စွမ်းအားတို့ကို အခိုင်အမာတည်ဆောက်နိုင်ရေးသည် မရှိမဖြစ်အလိုအပ်ဆုံးဖြစ်နေသည်ကို တွေ့ရသည်။

ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီးဖြစ်ထွန်းလာရေးတွင် နိုင်ငံတကာသိပ္ပံနှင့်နည်းပညာတိုးတက်ပြောင်းလဲမှုများနှင့် ဆီလျော်ညီညွတ်စွာ နိုင်ငံတော်အတွင်း ခေတ်မီသိပ္ပံနှင့်နည်းပညာရပ်များနယ်ပယ်ကဏ္ဍစုံ၌ တိုးတက်ဖြစ်ထွန်းနေစေရန်နှင့် မိမိနိုင်ငံ မိမိတည်ဆောက်နိုင်စွမ်းရှိသည့် အရည်အသွေးမြင့်မားသော စက်မှုပညာရှင်များ၊ အင်ဂျင်နီယာများ၊ ဗိသုကာပညာရှင်များ၊ သိပ္ပံပညာရှင်များပြုစုပျိုးထောင်မွေးထုတ်နိုင်စေရန်သည် ပဓာနအကျဆုံး အမျိုးသားရေးလိုအပ်ချက်ဖြစ်သည်ကို တွေ့ရသည်။

နိုင်ငံတော်အကြီးအကဲဗိုလ်ချုပ်မှူးကြီးသန်းရွှေက နိုင်ငံတကာတွင် တိုးတက်ဖြစ်ထွန်းနေသည့် သိပ္ပံနှင့်နည်းပညာရပ်များနှင့် လိုက်လျောညီထွေစွာ သိပ္ပံနှင့်နည်းပညာရပ်နယ်ပယ်စုံတွင် တိကျခိုင်မာသည့် ရည်မှန်းချက်များထားရှိပြီး အနာဂတ်အတွက် စီမံကိန်းများ ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်သွားရန်နှင့် ပထမအဆင့်အနေဖြင့် မြန်မာနိုင်ငံအတွင်းတွင် လေကြောင်းနှင့် အာကာသပညာရပ်များ၊ ရေကြောင်းပညာရပ်များ တိုးတက်ဖြစ်ထွန်းလာစေရေး၊ လေယာဉ်တည်ဆောက်ရေးနှင့် ရေယာဉ်တည်ဆောက်ရေးဆိုင်ရာ ဗိသုကာပညာရှင်များနှင့် တည်ဆောက်ရေးအင်ဂျင်နီယာများ၊ လေကြောင်းပို့ဆောင်ရေးနှင့် ရေကြောင်းပို့ဆောင်ရေးတို့နှင့် နီးနွယ်သည့်အသိပညာရှင်၊ အတတ်ပညာရှင်များ မွေးထုတ်ပေးနိုင်စေရေးတို့အတွက် သက်ဆိုင်ရာတက္ကသိုလ်များ ထူထောင်သွားရန် လမ်းညွှန်ခဲ့ခြင်းကြောင့် ယခုကဲ့သို့ နိုင်ငံတကာအဆင့်မီ မြန်မာနိုင်ငံလေကြောင်းနှင့် အာကာသပညာတက္ကသိုလ်နှင့် မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်တို့ အလျင်အမြန်ပေါ်ထွန်းလာခဲ့ခြင်းပင် ဖြစ်သည်။

ပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ် ပင်မအဆောက်အအုံသစ်ဖွင့်ပွဲအခမ်းအနားကို မတ်လ ၂၉ရက်နေ့ နံနက်ပိုင်းက ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ် သီလဝါရှိ အဆိုပါမြန်မာနိုင်ငံရေကြောင်း ပညာတက္ကသိုလ်၌ ကျင်းပရာ မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်ချီးမြှင့်ပြီး အမှာစကားပြောကြားသည်။

မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က အမှာစကားပြောကြားရာတွင်–

> **“နိုင်ငံတော်အတွင်း ရေကြောင်းဆိုင်ရာ အရာရှိများ၊ ရေကြောင်းအင်ဂျင်နီယာများ၊ ရေယာဉ်နှင့်သင်္ဘောတည်ဆောက်ရေးဆိုင်ရာ အင်ဂျင်နီယာနှင့် ဗိသုကာပညာရှင်များပြုစုပျိုးထောင် မွေးထုတ်နိုင်ရေးသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး၊ အမျိုးသားစီးပွားရေးဘဝ တောင့်တင်းခိုင်မာရေးတို့အတွက်သာမက နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်စောင့်ရှောက်ရေးအတွက်ပါများစွာ အထောက်အကူဖြစ်စေမည်ဖြစ်ကြောင်း”**

ပြောကြားသွားသည်။

ယနေ့နိုင်ငံတကာတွင် ပင်လယ်ရေကြောင်းပို့ဆောင်ရေးသည် ကမ္ဘာ့ကုန်သွယ်ရေး၊ ကုန်စည်ပို့ဆောင်ရေး၊ ရေနံနှင့်သဘာဝဓာတ်ငွေ့သယ်ယူပို့ဆောင်ရေးလုပ်ငန်းများကို လွှမ်းမိုးကြီးစိုးနေဆဲ ဖြစ်သည်။ ကမ္ဘာလှည့်ခရီးသွားသင်္ဘောကြီးများ၊ ဇိမ်ခံသင်္ဘောကြီးများနှင့် အပန်းဖြေခရီးသွားလာမှုများလည်း တွင်ကျယ်ခေတ်စားနေသည်ကို တွေ့နိုင်သည်။ ထို့ပြင် နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေးတွင်လည်း ရေကြောင်းဆိုင်ရာစွမ်းပကားသည် ပဓာနကျသည့်အခန်းကဏ္ဍက ပါဝင်နေဆဲဖြစ်သည်။

ထို့အပြင် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကဲ့သို့ မြစ်ချောင်းပေါများပြီး ရှည်လျားကျယ်ပြန့်သည့် ပင်လယ်ကမ်းရိုးတန်းများနှင့် တန်ဖိုးမဖြတ်နိုင်သော သဘာဝသယံဇာတအရင်းအမြစ်များကြွယ်ဝလှသည့် ပင်လယ်ပြင်တို့ကို ပိုင်ဆိုင်ထားသည့် နိုင်ငံတစ်နိုင်ငံအတွက် မြစ်ချောင်းများပြုပြင်ထိန်းသိမ်းမှု၊ စီမံခန့်ခွဲမှုနှင့် ပင်လယ်ဆိပ်ကမ်းများတည်ဆောက်မှု၊ ဆိပ်ကမ်းများစီမံခန့်ခွဲမှု နယ်ပယ်ကဏ္ဍများကို ကျွမ်းကျင်ပိုင်နိုင်စွာ ထိန်းသိမ်းမြှင့်တင်ဆောင်ရွက်နိုင်ခြင်းအားဖြင့် အမျိုးသားရေးအကျိုးစီးပွားကို များစွာစောင့်ရှောက်မြှင့်တင်ပေးနိုင်မည်ဖြစ်သကဲ့သို့ ပင်လယ်ပြင်လွှမ်းမိုးကြီးစိုးနိုင်မှုကိုလည်း များစွာအထောက်အကူပြုလာမည်ဖြစ်သည်။

သို့ဖြစ်ရာ မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်ကြီးဖွင့်လှစ်နိုင်မှုသည် နိုင်ငံတကာအဆင့်မီ ရေကြောင်းဆိုင်ရာ ပညာရပ်များ ဖွံ့ဖြိုးတိုးတက်ထွန်းကားရေးကို ဖော်ဆောင်ပေးနိုင်မည်ဖြစ်သည့်အပြင် ရေကြောင်းပညာတက္ကသိုလ် ကျောင်းသားများအနေဖြင့် နိုင်ငံတကာအဆင့်မီ ရေကြောင်းပညာရပ်များ ဖွံ့ဖြိုးတိုးတက်မှု၌ ဦးဆောင်နိုင်သည့် ပညာရှင်များဖြစ်လာစေရေး ကြိုးပမ်းအားထုတ်သွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ယဉ်ကျေးမှုဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ကြည်အောင် ရှေးဟောင်းသုတေသနဆိုင်ရာလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

ရန်ကုန် ဧပြီ ၆

ယဉ်ကျေးမှုဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ကြည်အောင်နှင့်အဖွဲ့သည် ဧပြီ ၂ရက်နံနက်ပိုင်းတွင် မန္တလေး အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ရောက်ရှိသည်။ ဝန်ကြီးနှင့်အဖွဲ့သည် မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်မှ ပင်းယမြို့ဟောင်းတောင်ဘက်ရှိ မင်းကြီးစွာစော်ကဲ တည်ထားခဲ့သော အောင်စည်းခုံစေတီကြီး သဲ၊ ခဲများ တူးဖော်ရှင်းလင်းထားရှိမှု အခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် အင်းဝ ဆင်ကျုံးခံတပ်သို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး ခံတပ်၏အနောက်မြောက်ထောင့်ရှိ အက်ကွဲနေသော နေရာများကို ပြုပြင်ရန် ခံတပ်ပေါ်တွင် ပေါက်နေသော သစ်ပင်၊ ပေါင်းပင်များကို ရှင်းလင်းရန်နှင့် ဝင်ပေါက်ရှိ သစ်သားတံတားကို ပြုပြင်ထိန်းသိမ်းရန် မှာကြားသည်။

ယင်းနောက် အင်းဝ ရှေးဟောင်းသုတေသနပြတိုက်ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်နေသေးသော ရှေးဟောင်းပစ္စည်းများကို ထပ်မံစုဆောင်းပြသရန် မှာကြားသည်။ ဆက်လက်၍ ဝန်ကြီးသည် စစ်ကိုင်းတံတားကြီး အရှေ့ဘက်ရှိ မြန်မာသက္ကရာဇ် (၁၂၃၆)ခုနှစ်တွင် တည်ဆောက်ခဲ့သော သပြေတန်းခံတပ်ကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဝန်ကြီးသည် (၁၂၃၇) ခုနှစ်က တည်ဆောက်ခဲ့သော စစ်ကိုင်းအစေခံ ခံတပ်ကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး အစေခံ ခံတပ်၏ အရှေ့ဘက် ကပ်လျက်ရှိသော အင်္ဂလိပ်စစ်သင်္ချိုင်းကို ကြည့်ရှုသည်။

ထို့နောက် ဝန်ကြီးနှင့် အဖွဲ့သည် စစ်ကိုင်းတောင်ရိုးရှိ ပြုပြင်ပြီးစီး သွားပြီဖြစ်သော အင်းဝခေတ်တစ်ပါးကျောင်း (အရိယာဝံသကျောင်း)ကို သွားရောက်စစ်ဆေးသည်။ ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် မန္တလေးမြို့ မဟာမြတ်မုနိဘုရားကြီး၏ အရှေ့မြောက်ဘက်ရှိ ပြုပြင် နေဆဲဖြစ်သည့် ခနက်ပလာဆင်ဝန် မဟာမင်းထင် သစ်သားကျောင်းတော်ကြီးသို့ သွားရောက်စစ်ဆေးသည်။

ထို့နောက် ဝန်ကြီးသည် မန္တလေးတောင်ခြေရှိ စန္ဒာမုနိဘုရား ပရဝဏ်အတွင်း ၂၀၀၃–၂၀၀၄ ခု ဘဏ္ဍာရေးနှစ်အတွင်း အပြီးသတ် တည်ဆောက်မည့် စေတီ(၆၁)ဆူ ပြီးစီးမှုအခြေအနေနှင့် ကျောက်စာများ မင်ထပ်မှုအခြေအနေကို လှည့်လည်စစ်ဆေးသည်။

ဝန်ကြီးနှင့်အဖွဲ့သည် ဧပြီ ၃ ရက်နံနက်ပိုင်းတွင် မော်တော်ယာဉ်များဖြင့် မကွေးတိုင်း စလင်းမြို့ ရုပ်စုံကျောင်းပြုပြင်မှုလုပ်ငန်း၊ မျိုးချစ်တော်လှန်ရေးခေါင်းဆောင် ဗိုလ်ဥတ္တမတို့ အခြေပြုစခန်းချ နေထိုင်ခဲ့သော ကိုးဆောင်ကျောင်းကြီး ပြုပြင်နေဆဲလုပ်ငန်းကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဝန်ကြီးသည် ဖူးသည်ဆိပ်အနီး ဝါဏိဇ္ဇဂါမ ရွာနေရာ၌ အစမ်းကျင်းတူးဖော်ရာမှ တွေ့ရှိသော ပျူစာပါနတ်များ၊ ပျူပုတီးစေ့များ၊ ကျောက်စိမ်းပုတီးစေ့များ၊ပယင်းရောင်ပုတီးစေ့များကို ကြည့်ရှုလေ့လာသည်။ ဆက်လက်၍ဝန်ကြီးသည်ရှေးဟောင်းသုတေသနဦးစီးဌာန ပုဂံနှင့် မန္တလေးဌာနခွဲမှ အင်ဂျင်နီယာများ၏ ရှေးဟောင်းအုတ်ရိုးနှင့် ရှေးဟောင်းသိမ်တို့ ရေတိုက်စားမှု မခံရစေရန် ကျောက်ရိုးစီ ထိန်းသိမ်းခြင်း လုပ်ငန်းကို ကြည့်ရှုစစ်ဆေးသည်။

ဗိဿနိုးမြို့ဟောင်း

ဝန်ကြီးနှင့်အဖွဲ့သည် ဧပြီ ၄ရက်တွင် မကွေးမြို့မှ ဗိဿနိုး မြို့ဟောင်းသို့ ရောက်ရှိလာပြီး ဝန်ကြီးသည် ဗိဿနိုးမြို့ဟောင်းအဝင်မုခ်ဦးကို ကြည့်ရှုစစ်ဆေးရာ ရှေးဟောင်းသုတေသနဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးဘုန်းကျော်က တည်ဆောက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။ ဆက်လက်၍ ဝန်ကြီးသည် ဗိဿနိုး မြို့ဟောင်းအတွင်း ကျောက်လမ်းခင်းရန် နေရာများကို လိုလ်လံကြည့်ရှုပြီး လိုအပ်သည်များကိုမှာကြားသည်။

မြို့ဝင်ပေါက်

ထိုမှတစ်ဆင့်ဝန်ကြီးသည်ဗိဿနိုးမြို့ဟောင်း မြို့ဝင်ပေါက် အမှတ်(၁၅)ကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။ ထို့နောက် ဝန်ကြီးသည် ဗိဿနိုးမြို့ဟောင်းမှ ထွက်ခွာပြီး တောင်တွင်းကြီးမြို့ ရွှေအင်းတောင် ဘုရားကြီးကြံ့ခိုင်မှုရှိရေးအတွက် ပြုပြင်ထိန်းသိမ်းနေမှုများကို ကြည့်ရှုသည်။ ဝန်ကြီးသည် မွန်းလွဲပိုင်းတွင် တောင်တွင်းကြီးမြို့မှ ထွက်ခွာလာရာ ညနေပိုင်းတွင် ပြည်မြို့သို့ ရောက်ရှိသည်။

ဆက်လက်၍ ဝန်ကြီးသည် ပြည်မြို့နယ် သရေခေတ္တရာ မြို့ဟောင်းသို့ သွားရောက်ပြီး နန်းတော်ပတ်လမ်းခင်းကျင်းပြီးစီးမှု အခြေအနေကိုလည်းကောင်း၊ နန်းတော်ပတ်လမ်းမှ ရဟန္တာဂူသို့သွားသော မြေလမ်းခင်းနေမှု အခြေအနေများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရန်ကုန်မြောက်ဥက္ကလာပမြို့နယ်(ည)ရပ်ကွက်သုနန္ဒာလမ်းနှင့် ခေမာသီလမ်းထောင့်ရှိ ဆောက်လုပ်ဆဲ ကျပ်သိန်း ၂၀၀ ကျော်ရှိ ပြည့်စုံအေး မဟာစည်ရိပ်သာ ဝိသုံဂါမသိမ်တော်ကြီးအတွက် အလှူငွေပေးအပ်ပွဲကို ဧပြီ ၅ရက်က အဆိုပါ သိမ်တော်ကြီး၌ ကျင်းပရာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇမဟာရဋ္ဌဂုရု မကွေး ဆရာတော် ဘဒ္ဒန္တ ကုမာရထံ ရိပ်သာပဓာနနာယက တောင်ငူ ဆရာတော် ဘဒ္ဒန္တ သုဇာတအား အမှူးထား၍ ကျေးဇူးရှင် သီဟဗလဗိုလ်မှူးကြီး စိန်မှန်–ဒေါ်အေးကြည်တို့အား ရည်စူး၍ ဗဟန်းမြို့နယ်နေ သမီး ဒေါ်ဒေါ်ချော မိသားစုက ကျပ်သိန်း ၁၀၀ ဆက်ကပ်လှူဒါန်းစဉ်။

(က–ပ)

သင်္ကြန်အထူးတရားစခန်း

ရန်ကုန် ဧပြီ ၆

ရန်ကုန်တိုင်း သင်္ဃန်းကျွန်းမြို့နယ် ဆ/ခရပ်ကွက် ရတနာလမ်း မဟာစည် ဗုဒ္ဓသာသနာ့ရိပ်သာ (ဒေါ်ကြင်ယုံဓမ္မာရုံ)တွင် ဧပြီ ၉ ရက် သောကြာနေ့မှ ၁၉ ရက် တနင်္လာနေ့အထိ ၁၀ ရက် သင်္ကြန် အထူးတရားစခန်းပွဲကို မဟာစည်နယ်လှည့် ဓမ္မကထိက သာသနဓဇ ဓမ္မာစရိယ ကမ္မဋ္ဌာနာစရိယ ထီလာဆရာတော် အရှင်သုဇာတကနိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားမည် ဖြစ်ကြောင်း သိရသည်။ **(က–ပ)**

နိဗ္ဗာန်ရောက်ကြောင်း တရားဟောကြားမည်

ရန်ကုန် ဧပြီ ၆

ရန်ကုန်တိုင်း ကျောက်တန်းမြို့နယ် သိမ်ကုန်း ဝေနေယျသုခ ကမ္မဋ္ဌာန်းကျောင်းတိုက်နှင့် နှစ်ဖက်လှ ကမ္မဋ္ဌာန်းရိပ်သာတို့၏ ဦးစီးပဓာနနာယက ဆရာတော် ဘဒ္ဒန္တကုမာရ (သီရိပဝရ ဓမ္မာစရိယ)က ဧပြီ ၁၂ရက်မှ ၁၆ရက်ထိ ငါးရက်တိုင်တိုင် နေ့စဉ် မွန်းလွဲ ၁နာရီတွင် နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားတော်မူမည်ဖြစ်ကြောင်း သိရသည်။ **(က–ပ)**

■ **ရှေ့ဖုံးမှ**

နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီး ခင်ညွန့် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့အား နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီး သူရရွှေမန်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)၊ ကာကွယ်ရေးဦးစီးချုပ်(လေ)၊ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး၊ တပ်မတော်အရာရှိကြီးများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ သံတမန်အဖွဲ့နာယက စင်ကာပူ သမ္မတနိုင်ငံသံအမတ်ကြီး မစ္စတာ ဆိုင်မွန်တန်ဆင်ဒီခရစ်နှင့် ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံရုံးအကြီးအကဲများ၊ ကုလသမဂ္ဂ လက်အောက်ခံ အဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံသံရုံး သံရုံးယာယီတာဝန်ခံ မစ္စတာ ယူဆွတ်အလီနှင့် သံရုံးအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာအကြီးအကဲများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

ပြန်လည်လိုက်ပါလာ

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အတူ မြန်မာကိုယ်စားလှယ်အဖွဲ့ဝင်များဖြစ်ကြသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ ရခိုင်ပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မောင်ဦး၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ညွန့်တင်၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ပြည့်စုံ၊ ပြည်ထဲရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင်၊ ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဆန်း၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှမြင့်ဆွေ၊ ဝန်ကြီးချုပ်ရုံးဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင့်ဆွေ၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်အောင်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဒုတိယဗိုလ်မှူးကြီး ဖေငြိမ်းနှင့် ဌာနဆိုင်ရာအကြီးအကဲများလည်း ပြန်လည်လိုက်ပါလာကြသည်။

(သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်ခဲ့ပြီး ပြန်လည်ရောက်ရှိလာသော နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်အား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်စဉ်။ (သတင်းစဉ်)

ထုတ်ကုန်နှစ်ဆ တိုးမြှင့်ကြ

မဟာဝိဇယစေတီတော်ရှိ မြတ်စွာဘုရားအား ဘာဏုရာဇာနေမင်းကြီးက ဦးခိုက်ပူဇော်မည်

ရန်ကုန် ဧပြီ ၆

ရန်ကုန်မြို့ ရွှေတိဂုံဘုရားလမ်း ဓမ္မရက္ခိတကုန်းပေါ်တွင် တည်ထားကိုးကွယ်လျက်ရှိသော မဟာဝိဇယစေတီတော် ဂန္ဓကုဋိတိုက်အတွင်းရှိ အပရာဇိတပလ္လင်ပေါ်၌ သီတင်းသုံးစံပယ်လျက်ရှိတော်မူသော နာဂစီဝရာပဋ္ဌ ပဋိမာ မြတ်စွာဘုရားဆင်းတုတော်မြတ်ကို ရောင်ခြည်တစ်ထောင် အလင်းဆောင်သော ဘာဏုရာဇာနေမင်းကြီးသည် မိမိ၏ အလင်းရောင်ဖြင့် တစ်နှစ်တွင် တစ်လ၊ တစ်လတွင် တစ်ရက်၊ မြန်မာ့သက္ကရာဇ် ၁၃၆၆ ခုနှစ် တန်ခူးလပြည့်ကျော်၁၃ ရက် မြန်မာနှစ်ဆန်း ၁ ရက်နေ့ (ဧပြီ ၁၇ ရက်) နံနက်ရနာရီ ၃၅မိနစ်တွင်တစ်ကြိမ်၊ ထိုနေ့ညနေ ၃ နာရီ ၂၅ မိနစ်တွင် တစ်ကြိမ် စုစုပေါင်းနှစ်ကြိမ်တိုင်တိုင် ဦးခိုက်ပူဇော်မည်ဖြစ်သည်။

နေမင်းကြီးက မြတ်စွာဘုရားသခင်အား အလင်းရောင်ဖြင့် ဦးခိုက်ပူဇော်ချိန်တွင် ဗုဒ္ဓဘာသာဝင်သူတော်စင်များအနေဖြင့် မြတ်စွာဘုရားအား ပူဇော်၍ ဆုတောင်းအဓိဋ္ဌာန်ပြုကြသူများ အဓိဋ္ဌာန်အောင်မြင်ပြီး ဆုတောင်းပြည့်ဝနိုင်ကြသည့်အတွက် ထူးမြတ်လှသော အချိန်အခါတွင် ဖူးမြော်ကြည်ညို နိုင်ကြသည်။

ဘုရားဖူးပြည်သူများသည် ဂန္ဓကုဋိတိုက်အတွင်းတွင် ပူဇော်ခြင်းအပြင် စေတီတော်ကြီးအတွင်းသို့ အဝင်မုခ်ဦးလေးပေါက်၌ မုခ်ဦးပေါက် တစ်ပေါက်လျှင် ရုပ်မြင်သံကြားစက် တစ်လုံးစီထားရှိပြီး ယမန်နှစ်ကကဲ့သို့ တိုက်ရိုက်လွှင့်ထုတ်၍ ပြသသွားမည် ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

လျှပ်စစ်စွမ်းအားဝန်ကြီးဗိုလ်ချုပ်တင်ထွတ် တီကျစ်ဓာတ်အားပေးစက်ရုံစစ်ဆေး

ရန်ကုန် ဧပြီ ၆

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း(ဗဟို)အတွင်းရေးမှူး လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်သည် ဧပြီ ၄ ရက် နံနက်ပိုင်းက ရှမ်းပြည်နယ် (တောင်ပိုင်း) ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ဖွင့်လှစ်သော အမှုဆောင်များစီမံခန့်ခွဲရေးသင်တန်း အမှတ်စဉ်(၁)သို့ သွားရောက်၍ သင်တန်းသားသင်တန်းသူများအား နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များအား ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် ဧပြီ ၅ ရက်တွင် ပင်လောင်းမြို့နယ် တီကျစ်ကျေးရွာအနီးတွင် တည်ဆောက် အကောင်အထည်ဖော်လျက်ရှိသော ကျောက်မီးသွေးသုံး ဓာတ်အားပေးစက်ရုံ စီမံကိန်းသို့ ရောက်ရှိပြီး လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့်ဝန်ကြီးနှင့်အဖွဲ့သည် ဘီလူးချောင်းမှ စက်ရုံအတွက် လိုအပ်သော ရေဖြန့်ဝေမည့် ရေလှောင်ကွန်ကရစ်တမံဆောက်လုပ်ပြီးစီးမှု၊ ရေတွန်းစက်ရုံအတွင်းစက်များ တပ်ဆင်ပြီးစီးမှု၊ တီကျစ်/ကလော ၁၃၂ ကေဗွီ ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံ တည်ဆောက်ပြီးစီးမှု အခြေအနေများအား လိုက်လံစစ်ဆေး၍ လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် တီကျစ်ကျောက်မီးသွေးသုံး ဓာတ်အားပေးစက်ရုံ စီမံကိန်း ရှင်းလင်းဆောင်တွင် စီမံကိန်းတာဝန်ရှိသူများ၏ တင်ပြချက်များနှင့် စပ်လျဉ်း၍ မြို့ပြဆိုင်ရာ အဆောက်အအုံများ တည်ဆောက်မှုလုပ်ငန်းများအား မိုးရာသီမတိုင်မီ ပြီးစီးအောင် တည်ဆောက်ရေး အသေးစိတ် လိုက်လံကြည့်ရှုစစ်ဆေး မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရထားပို့ဆောင်ရေးဝန်ကြီးဗိုလ်ချုပ်အောင်မင်း ထားဝယ်–ရေး ရထားလမ်းပိုင်းကြည့်ရှုစစ်ဆေး

ရန်ကုန် ဧပြီ ၆

ရထားပို့ဆောင်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်အောင်မင်းသည် ဒုတိယဝန်ကြီးဦးဖေသန်းနှင့် မြန်မာ့မီးရထားမှ တာဝန်ရှိသူများလိုက်ပါလျက် ဧပြီ၂ရက် ညနေပိုင်းတွင် ထားဝယ်ဘူတာသို့ရောက်ရှိပြီး ဘူတာဝန်းကျင်သန့်ရှင်းသာယာလှပမှုရှိအောင် ဆောင်ရွက်ထားရှိမှုများ၊ ခရီးသွားပြည်သူများ စိတ်လက်ကြည်သာရွှင်ပျစွာ လာရောက်စီးနင်းနိုင်ရေး ဂရုပြုဆောင်ရွက်ရန် မှာကြားဖြည့်ဆည်းပေးသည်။

ထို့နောက် ဝန်ကြီးသည် သပြုချောင်းရပ်စခန်း ဘူတာသို့ ရောက်ရှိပြီး ရပ်စခန်းဘူတာ တည်ဆောက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေး၍ စနစ်တကျ သေသပ်စွာဖြင့် လုပ်ငန်းလျင်မြန်စွာပြီးစီးရေး ကြိုးပမ်းဆောင်ရွက်ရန်စသည်ဖြင့် မှာကြား၍ လုပ်ငန်းလိုအပ်ချက်များ ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။ **(ယာပုံ)**

ဧပြီ၃ရက် နံနက်တွင် ဝန်ကြီးသည် ဒုတိယဝန်ကြီး ဦးဖေသန်းနှင့် တာဝန်ရှိသူများနှင့်အတူ ထားဝယ်ဘူတာသို့ရောက်ရှိပြီး မြန်မာ့မီးရထား၏ ၂၀၀၃–၂၀၀၄ခုနှစ်တွင် စွမ်းစွမ်းတမံဆောင်ရွက်ခဲ့သည့် ဝန်ထမ်းများအားတွေ့ဆုံ၍ အမှာစကားပြောကြားပြီး တာဝန်ဝတ္တရားများကို စွမ်းစွမ်းတမံကြိုးစားဆောင်ရွက်သော ဝန်ထမ်းများအား ဂုဏ်ပြုငွေချီးမြှင့်သည်။

ထို့နောက် ဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ထားဝယ်–ရေး ရထားလမ်းပိုင်း တိုးတက်မွမ်းမံပြင်ဆင် ဆောင်ရွက်နေမှုများကို လမ်းတစ်လျှောက် ကြည့်ရှုစစ်ဆေး၍ ဘူတာယာ့ဒ်ဝင်းနှင့် အဆောက်အအုံ ဆောက်လုပ်ပြီးစီးမှု တို့ကို ကြည့်ရှုစစ်ဆေးသည်။

(သတင်းစဉ်)

မဇ္ဈိမဂုဏ်ရည်ဓမ္မသဘင်

ရန်ကုန် ဧပြီ ၆

ရန်ကုန်မြို့ သာကေတမြို့နယ် ပြည်ထောင်စုတိုင်းရင်းသားကျေးရွာအနီးရှိ မဇ္ဈိမဂုဏ်ရည် မဟာစည်သာသနာ့ရိပ်သာကြီးတွင် ဧပြီ ၉ရက်မှ ၁၇ ရက် အထိ ဖွင့်လှစ်မည့် အထူးတရားစခန်းပွဲတွင် နေ့စဉ်နံနက် ၈နာရီတွင် မဇ္ဈိမဂုဏ်ရည်ဆရာတော် ဒေါက်တာအရှင်ကောဝိဒက သီလပေးနှင့် အလုပ်ပေးတရားဟောကြား ချီးမြှင့်မည်ဖြစ်ပြီး၊ ဧပြီ၁၀ရက်တွင် မဟာစည်နာယက မြစ်သားဆရာတော်၊ ၁၁ရက်တွင် သာကေတဆင်ဖြူတောင်ဆရာတော်၊ ၁၂ ရက်တွင် အင်းစိန်ညောင်ကန်အေးဆရာတော်၊ ၁၃ရက်တွင် နိုင်ငံတော် သံဃမဟာနာယက ဒုတိယဥက္ကဋ္ဌ သရက်ဆရာတော်၊ ၁၄ရက်တွင် မဟာစည်နာယက ကျောက်ပန်းတောင်း ဆရာတော်၊ ၁၅ရက်တွင် မဇ္ဈိမဂုဏ်ရည်ဆရာတော်၊ ၁၆ရက်တွင် မဟာစည်နာယက မြန်အောင်ဆရာတော်၊ ၁၇ရက်တွင် မဇ္ဈိမဂုဏ်ရည် ဆရာတော်တို့က နေ့စဉ် ညနေ၄နာရီခွဲ၌ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားတော်မူမည်ဖြစ်ကြောင်းသိရသည်။

(က–ပ)

လှော်ကားဥယျာဉ်ခေတ္တပိတ်ထားမည်

ရန်ကုန် ဧပြီ ၆

သစ်တောဦးစီးဌာန လှော်ကား ဥယျာဉ်ကို ဧပြီ ၁၂ ရက်မှ ၁၇ရက် အထိ သင်္ကြန်ရက်အတွင်း ခေတ္တပိတ်ထားမည်ဖြစ်ပြီး ဧပြီ ၁၈ရက်(နှစ်ဆန်း နှစ်ရက်နေ့)တွင် အများပြည်သူများပျော်ရွှင်စွာ အပန်းဖြေအနားယူနိုင်ရန် အတွက် ပြန်လည်ဖွင့်လှစ်ထားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အမ်မာရာ၌ ဆန္ဒပြသူများကို ဗြိတိန်တပ်ဖွဲ့ကပစ်ခတ်
အီရတ် အများအပြား ထိခိုက်ဒဏ်ရာရရှိခဲ့

လန်ဒန် ဧပြီ ၅

အီရတ်ထိပ်တန်းခေါင်းဆောင်၏ လက်ထောက်ကိုဖမ်းဆီးမှုနှင့် သတင်းစာပိတ်ပစ်မှုကို အမ်မာရာတွင် တနင်္ဂနွေနေ့၌ ဆန့်ကျင်ဆန္ဒပြစဉ် တိုက်ခိုက်ခြင်းခံရပြီးနောက် ဗြိတိသျှတပ်ဖွဲ့ဝင်များက ပစ်ခတ်သဖြင့် အီရတ် အများအပြားဒဏ်ရာရခဲ့ကြောင်း ဗြိတိန်ကာကွယ်ရေးဝန်ကြီးဌာနက ပြောကြားသည်။

ငြိမ်းချမ်းစွာ ဆန္ဒပြစဉ် တိုက်ခိုက်မှုဖြစ်ပွားခဲ့ပြီးနောက် အီရတ်တို့အတွင်း သေဆုံးမှုများရှိနိုင်သည်မှာ ဖြစ်နိုင်စရာရှိကြောင်း စစ်ဘက်ပြောရေးဆိုခွင့်ရှိသူ အမျိုးသမီးက ပြောကြားသည်။ သို့ရာတွင် မည်မျှထိခိုက်သေဆုံးမှုရှိသည်ကိုမူ ခန့်မှန်းပြောဆိုခြင်း မပြုပေ။

အဆိုပါ အီရတ်နိုင်ငံအရှေ့တောင်ပိုင်းရှိ အမ်မာရာမြို့၌ ဖြစ်ပွားသော တိုက်ခိုက်မှုတွင် ဗြိတိသျှတပ်ဖွဲ့ဝင်များ ထိခိုက်သေဆုံးမှုမရှိကြောင်း သူမက ပြောကြားသည်။

ပစ်ခတ်

ဆန္ဒပြစဉ် ဗြိတိသျှတပ်ဖွဲ့ဝင်များသည် ဒုံးပစ်လောင်ချာများ၊ လက်နက်ငယ်များဖြင့် ပစ်ခတ်ခြင်းခံခဲ့ရပြီးနောက် ဗြိတိသျှတပ်ဖွဲ့ဝင်များက ပြန်လည် ပစ်ခတ်ခဲ့ခြင်းဖြစ်သည်။

ဆန္ဒပြ

အီရတ်ထိပ်တန်းခေါင်းဆောင်၏ လက်ထောက်ဖြစ်သူ မူစတာဖာယာကူဘီကို ဖမ်းဆီးမှုနှင့် အမေရိကန်အာဏာပိုင်တို့က သတင်းစာကိုပိတ်ပစ်မှုတို့ကို အီရတ်တို့က ဆန့်ကျင်ဆန္ဒပြခဲ့ကြခြင်းဖြစ်သည်ဟု ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။ **အမ်အင်အေ၊ရိုက်တာ**

စောင့်ကြပ်

ဧပြီ ၅ ရက်က ဖော်လူဂျာမြို့တွင် စစ်ယာဉ်များနှင့် လုံခြုံရေးစောင့်ကြပ်နေသော အမေရိကန်တပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဒီမိုကရက်တစ်သမ္မတလောင်း ဂျွန်ကယ်ရီ သမ္မတဘုရှ်ကို အသစ်တစ်ဖန် ဝေဖန်တိုက်ခိုက်

ဘော့စ်တွန် ဧပြီ ၅

ဒီမိုကရက်တစ်သမ္မတလောင်း ဂျွန်ကယ်ရီသည် အမေရိကန်စီးပွားရေးနှင့် ပြည်ထောင်စုဘတ်ဂျက်လိုငွေပြမှု မြင့်တက်လာခြင်းတို့နှင့်ပတ်သက်၍ သမ္မတဂျော့ဒဗလျူဘုရှ်နှင့် သမ္မတရွေးချယ်ရေးစည်းရုံးမှု စစ်ပွဲဆင်နွှဲရာတွင် စစ်မျက်နှာသစ်ကို တနင်္ဂနွေနေ့က ဖွင့်လိုက်သည်။

စွပ်စွဲ

မက်ဆက်ချူးဆက်ပြည်နယ် ဒီမိုကရက်တစ်အထက်လွှတ်တော်အမတ် ဂျွန်ကယ်ရီသည် ဘုရှ်အား အသစ်တစ်ဖန်စည်းရုံးရေး စစ်ပွဲဆင်နွှဲရာ၌ ဘုရှ်သည် နှုတ်မှုစွမ်းရည်မရှိသူ၊ နိုင်ငံရေးအနေအထားမရှိသူဖြစ် စွပ်စွဲပြောဆိုထားသည်။

တိုးမြှင့်မည်

ဘုရှ်သည် ဘတ်ဂျက်အသုံး စရိတ်ကို မြှင့်တင်ခြင်းသည် လာမည့် ၁၀ နှစ်တွင် အမေရိကန်ပြည်ထောင်စု၏ ဘတ်ဂျက်လိုငွေပြမှု ဒေါ်လာ ဗိထရီလီယံ တိုးမြှင့်သွားမည်ဖြစ်သည်ဟု ဂျွန်ကယ်ရီကဆိုသည်။

အမ်အင်အေ၊ရိုက်တာ

မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

အီရတ်နိုင်ငံတစ်ဝန်း ရုန်းရင်းဆန်ခတ်မှုများဖြစ်ပွား ကန်တို့ဆောင်ရွက်မှုအပေါ် သံသယဖြစ်လာ

ဘဂ္ဂဒက် ဧပြီ ၅

အမေရိကန်ဦးဆောင်သော တပ်ဖွဲ့များကို ရုန်းရင်းဆန်ခတ်တိုက်ခိုက်မှုများ အီရတ်နိုင်ငံတစ်ဝန်းရှိ မြို့ကြီးများတွင် ယမန်နေ့က ဖြစ်ပွားခဲ့ခြင်းကြောင့် ဇွန် ၃၀ရက်၌ အချုပ်အခြာအာဏာလွှဲပြောင်းပေးရန် သတ်မှတ်ထားမှု အကြိုအဖြစ် အီရတ်နိုင်ငံတွင် တည်ငြိမ်မှုရရှိလာစေရန် အမေရိကန်က ဆောင်ရွက်နိုင်မည်လားဆိုသော မေးမြန်းစရာဖြစ်လာသည်။

အမေရိကန်နှင့် အပေါင်းပါနိုင်ငံများက သတင်းစာထုတ်ဝေခွင့်ပိတ်ပင်မှုကို အမေရိကန်ဆန့်ကျင်သည့်အီရတ်ခေါင်းဆောင်အယ်ဆာဒါကို ထောက်ခံသူများက သီတင်းတစ်ပတ်လုံး ကန့်ကွက်ဆန္ဒပြမှုများပြုလုပ်ခဲ့သည့်ပြင် ဆာဒါ၏ ထိပ်တန်းလက်ထောက်တစ်ဦးကို ဖမ်းဆီးထိန်းသိမ်းထားမှုကြောင့်လည်း ဆန္ဒပြခဲ့ခြင်းဖြစ်သည်။

ဖြစ်ပွား

စပိန်တပ်ဖွဲ့ဝင်များ ဦးဆောင်သော တပ်ဖွဲ့နှင့်အီရတ်ရဲတပ်ဖွဲ့ဝင်များက ဆန္ဒပြသူများကို ပစ်ခတ်ခဲ့ပြီး လက်နက်ကိုင်အီရတ်များနှင့်လည်း နာဂျက်ဖ်မြို့တွင် ယမန်နေ့က တိုက်ခိုက်မှုများဖြစ်ပွားခဲ့သည်။ အယ်လ်ဆာဗေဒိုတပ်ဖွဲ့ဝင် တစ်ဦးနှင့်အမေရိကန်တပ်ဖွဲ့ဝင် တစ်ဦးသေဆုံးကာ ကိုးဦးဒဏ်ရာရရှိခဲ့သည်။ ထို့အပြင် အီရတ်လူမျိုး ၂၀ သေဆုံးပြီး လူ နှစ်ရာကျော် ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း ဒေသခံတာဝန်ရှိသူများက ပြောကြားခဲ့သည်။

အတည်ပြု

အလားတူ အီရတ်နိုင်ငံတောင်ပိုင်း နာဆာရီယားမြို့၌လည်း အီတလီတပ်ဖွဲ့ဝင်များနှင့်ဒေသခံများ ဆန္ဒပြမှုအတွင်း ပြစ်ခတ်မှုဖြစ်ပွားခဲ့ရာ အီတလီအရာရှိတစ်ဦး ဒဏ်ရာရရှိခဲ့သည်။ ဘဂ္ဂဒက်မြို့လယ်တွင် ဖြစ်ပွားခဲ့သော ဆန္ဒပြမှု၌ အမေရိကန်တပ်ဖွဲ့ဝင် ခုနစ်ဦး သေဆုံးခဲ့ကြောင်း အမေရိကန်စစ်ဘက်တာဝန်ရှိသူများက အတည်ပြုပြောကြားခဲ့သည်။ **(စီစီတီဗွီ)**

ဧပြီ ၅ ရက်က ဘဂ္ဂဒက်မြို့ ဆာဒါစီးတီးအရပ်တွင် အမေရိကန်တပ်ဖွဲ့ဝင်များနှင့် အီရတ်ပြောက်ကျားတို့ အပြန်အလှန်ပစ်ခတ်မှုဖြစ်ပွားစဉ် သေနတ်ထိမှန်ခံရသော သုံးနှစ်အရွယ် အီရတ်ကလေးငယ်တစ်ဦး ဆေးရုံ၌ ဆေးကုသမှုခံယူနေရသည်ကို မိခင်ဖြစ်သူက ဝမ်းနည်းစွာကြည့်ရှုနေစဉ်။

(ဓာတ်ပုံ-အင်တာနက်)

နာဂျက်ဖ်၌ ကန်တပ်ဖွဲ့ဝင်တစ်ဦးနှင့် ဆာဗေဒိုတပ်ဖွဲ့ဝင်တစ်ဦးသေဆုံး

မက်ဒရစ် ဧပြီ ၅

အီရတ်နိုင်ငံ နာဂျက်ဖ်မြို့အနီးတွင် တနင်္ဂနွေနေ့က ဖြစ်ပွားခဲ့သည့် ပဋိပက္ခမှု၌ အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးနှင့် ဆာဗေဒိုတပ်ဖွဲ့ဝင်တစ်ဦး သေဆုံးခဲ့ကြောင်း အစောပိုင်းက ဖော်ပြခဲ့သလို ဆာဗေ ဒိုတပ်ဖွဲ့ဝင်လေးဦး မဟုတ်ကြောင်း စပိန်ကာကွယ်ရေးဝန်ကြီးဌာနက ပြောကြားသည်။

ပြောကြား

အမှန်အကန် သေဆုံးသည်မှာ အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးနှင့် ဆာဗေဒိုတပ်ဖွဲ့ဝင်တစ်ဦးဖြစ်ပြီး ဆာဗေဒိုတပ်ဖွဲ့ဝင် ၁၉ ဦး ဒဏ်ရာရခဲ့ကြောင်း ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ

ရွှေ့ဆိုင်းခဲ့သော အာရပ်ထိပ်သီးအစည်းအဝေး အမြန်ဆုံးကျင်းပရန် ဘာရိန်းနှင့်ဂျော်ဒန် တိုက်တွန်း

ကိုင်ရို ဧပြီ ၅

ရွှေ့ဆိုင်းခဲ့သော အာရပ်ထိပ်သီးအစည်းအဝေးကို ကောင်းမွန်စွာ ကြိုတင်ပြင်ဆင်လျက် အမြန်ဆုံးကျင်းပသင့်သည်ဟု ဘာရိန်းနှင့်ဂျော်ဒန်တို့က စနေနေ့တွင် သဘောတူညီမှုရရှိခဲ့ကြောင်း မာနာမာမှလာသော သတင်းများတွင် ဖော်ပြ ပါရှိသည်။

တိုက်တွန်း

ဘာရိန်းဘုရင် ဟာမက်ဘင်အစ်ဆာအယ်လ်ခါလီဖာနှင့် မာနာမာတွင် နှစ်ရက်ကြာ အလည်အပတ်ခရီးရောက်ရှိနေသော ဂျော်ဒန်ဘုရင် အဗ္ဗဒူလာတို့သည် ရွှေ့ဆိုင်းခဲ့သော အာရပ်ထိပ်သီးအစည်းအဝေး ပြန်လည်ကျင်းပရန် ဆွေးနွေးစဉ် တိုက်တွန်းပြောကြားခြင်းဖြစ်သည်။

ပူးပေါင်းသင့်

လွန်ခဲ့သည့် စနေနေ့၌ တူနီးရှားက ရက်အကန့်အသတ်မရှိ ရွှေ့ဆိုင်းခဲ့သည့် ထိပ်သီးအစည်းအဝေးအောင်မြင်မှု သေချာစေရန် အာရပ်နိုင်ငံများက ပူးပေါင်းဆောင်ရွက်သင့်ကြောင်း ဘုရင်အဗ္ဗဒူလာက ပြောသည်။ **အမ်အင်အေ၊ဆင်ဟွာ**

အမေရိကန်တို့၏ အစိုးရောင်နယ်မြေတွင် အီရတ်လူမျိုး ထောင်ပေါင်းများစွာ ကန့်ဆန့်ကျင်ရေး ဆန္ဒပြ

ဘဂ္ဂဒက် ဧပြီ ၅

အမေရိကန်ဆန့်ကျင်ဆန္ဒပြသူများသည် အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ၏ ဌာနချုပ်အဆောက်အအုံရှိရာ အစိမ်းရောင်နယ်မြေနှင့် သတင်းစာဆရာများတည်းခိုနေသော ဟိုတယ်များရှေ့တွင်လည်း ဆန္ဒပြခဲ့ကြသည်။ အမေရိကန်နှင့် အပေါင်းပါတို့သည် လတ်တလောအခြေအနေ၌ အခက်အခဲများ ရင်ဆိုင်ကြုံတွေ့နေရသည်။

အီရတ်နိုင်ငံ၌ ဩဇာတိက္ကမကြီးမားသော အီရတ်ခေါင်းဆောင်၏ နောက်လိုက်များစုဝေးကာ အမေရိကန်ဆန့်ကျင်ရေး ဆန္ဒပြပွဲများကျင်းပစဉ် အဓိကရုဏ်းများဖြစ်ပွားသည်။ အီရတ်နိုင်ငံဆိုင်ရာ အမေရိကန်အုပ်ချုပ်ရေးမှူး ပေါလ်ဘရီမာက အီရတ်နိုင်ငံအတွက် လုံခြုံရေးအေဂျင်စီသုံးခုကို အသစ်ဖွဲ့စည်းကြောင်း ကြေညာခဲ့ပြီး နောက်ပိုင်း ယခုလို အဓိကရုဏ်းများဖြစ်ပွားခဲ့ခြင်း ဖြစ်သည်။

အသစ်ဖွဲ့စည်းလိုက်သော အေဂျင်စီများသည် လုပ်ပိုင်ခွင့်အပြည့်အဝမရှိကြောင်း သိရသည်။ နာဂျက်ဖ်မြို့တွင် အမေရိကန်ဆန့်ကျင်ရေးဆန္ဒပြသူများနှင့် စပိန်တပ်ဖွဲ့ဝင်များ ရုန်းရင်းဆန်ခတ် ဖြစ်ပွားခဲ့ပြီး သေနတ်များနှင့် အပြန်အလှန် ပစ်ခတ်ခဲ့ကြသည်။

အဆိုပါဖြစ်ရပ်မှာ အယ်ဆာဗေဒိုတပ်ဖွဲ့ဝင်အချို့ သေဆုံးကာ အခြားတပ်ဖွဲ့ဝင်များ ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်းဖြင့် အုပ်ချုပ်ရေးမှူး ပေါလ်ဘရီမာက ပြောကြားခဲ့သည်။

(စီအင်န်အင်န်)

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့် ခေါင်းဆောင်သော မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များ နှင့် ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံဝန်ကြီးချုပ် ဘီဂမ်ခါလီဒါဇီယာ ခေါင်းဆောင်သောအဖွဲ့ဝင်များ ခင်မင်ရင်းနှီးစွာတွေ့ဆုံကြစဉ်။ (သတင်းစဉ်)

✻ ကျောဖုံးမှ

တက်ရောက်

တွေ့ဆုံပွဲသို့ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အတူ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အနောက်ပြည်သူ့သမ္မတနိုင်ငံ နှစ်နိုင်ငံတွေ့ဆုံဆွေးနွေးပွဲကို ဝန်ကြီးချုပ်ရုံး အစည်းအဝေးခန်းမ၌ ညနေ ၃ နာရီခွဲတွင် ဆက်လက်ကျင်းပရာ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အတူ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး ဦးသိန်းမြင့်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဒုတိယဗိုလ်မှူးကြီး ဖေငြိမ်း၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ် ဦးစိုးတင့်၊ ပြည်သူ့လွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးမြင့်သိန်းနှင့် သံတမန်ရေးရာ ညွှန်ကြားရေးမှူးချုပ် သူရဦးအောင်ထက်၊ ကောင်စစ်ရေးရာနှင့် ဥပဒေရေးရာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဉာဏ်လင်းတို့ တက်ရောက်ကြပြီး ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ် ဘီဂမ်ခါလီဒါဇီယာနှင့်အတူ Minister for Foreign Affairs, Mr. M Morshed Khan, State Minister for Home Affairs, Mr. Lutfozzaman Babar, Minister for Finance and Planning, Mr. M. Saifur Rahman, Minister for Communications, Barrister Nazmul Huda, Minister for Agriculture, Mr.M.K. Anwar, Home Secretary, Mr. Muhammad Omar Faroog, Foreign Secretary, Mr. Shamsher M.Chowdhury BB, Secretary to the Hon'ble Prime Minister, Mr.A.H.M Nural Islam, Advisor for Commerce, Mr. Md Barkat Uilah Bulu နှင့် မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး Mr. AB Manjoor Rahim တို့လည်း တက်ရောက်ကြသည်။

ထိုသို့ တွေ့ဆုံဆွေးနွေးရာတွင် နှစ်နိုင်ငံဆက်ဆံရေးကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာဆွေးနွေးကြသည်။

ထိုသို့ တွေ့ဆုံစဉ် နှစ်နိုင်ငံ ဝန်ကြီးချုပ်များသည် နှစ်နိုင်ငံဆက်ဆံရေးကို တိုးမြှင့်ရေး၊ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေး အထူးသဖြင့် နိုင်ငံတကာနယ်ပယ်၊ ကုန်သွယ်ရေးကဏ္ဍ ကုန်းကြောင်းနှင့် ရေကြောင်း အဆက်အသွယ်များ တိုးမြှင့်ရေးကဏ္ဍ၊ ရင်းနှီးမြှုပ်နှံရေးကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးကိစ္စများအပေါ် ခင်မင်ရင်းနှီးစွာ ဆွေးနွေးခဲ့ကြသည်။

များစွာကျေးဇူးတင်

နိုင်ငံတော်ဝန်ကြီးချုပ်က မြန်မာနိုင်ငံ၏ ရှေ့လျှောက်လှမ်းမည့် မူဝါဒလမ်းစဉ်(၇)ရပ်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး လုပ်ဆောင်ချက်များအပေါ် ရှင်းလင်းပြောကြားခဲ့ပြီး မြန်မာ–ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံဆက်ဆံရေးနှင့် ပတ်သက်၍ များစွာအားရကျေနပ်မိကြောင်း၊ နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်း ဆောင်ရွက်မှုများ တိုးချဲ့လုပ်ဆောင်သွားရန် ဆန္ဒရှိကြောင်း၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံအနေဖြင့် နိုင်ငံတကာနယ်ပယ်တွင် မြန်မာနိုင်ငံဘက်မှထောက်ခံ ရပ်တည်ပေးသည့်

စာမျက်နှာ ၆ ကော်လံ ၁

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့် ခေါင်းဆောင်သော မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များ နှင့် ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံဝန်ကြီးချုပ် ဘီဂမ်ခါလီဒါဇီယာ ခေါင်းဆောင်သောအဖွဲ့ဝင်များ တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ်တို့ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရနှင့် ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံအစိုးရတို့နှစ်နိုင်ငံအကြား နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုးပွဲတွင် Memorandum of Understanding Between the Government of the Union of Myanmar and the Government of the People's Republic of Bangladesh on Visa Exemption for Holders of Diplomatic or Official Passports နားလည်မှု စာချွန်လွှာကို နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်းနှင့် ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံမှ Foreign Secretary Mr.Shamsher M.Chowdhury BB တို့က လက်မှတ်ရေးထိုးကြစဉ်။ (သတင်းစဉ်)

ပိုင်း တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မောင်ဦး၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်းနှင့် ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး ဦးသိန်းမြင့်တို့လည်း တက်ရောက်ကြသည်။ နှစ်နိုင်ငံဝန်ကြီးချုပ်များ ခင်မင်ရင်းနှီးစွာ တွေ့ဆုံမှုပြုကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ်တို့သည် မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

တွေ့ဆုံဆွေးနွေး

ဆက်လက်၍ ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် ဘင်္ဂလားဒေ့ရှ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မောင်ဦး၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ညွန့်တင်၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ပြည့်စုံ၊ ပြည်ထဲရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင်၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှမြင့်ဆွေ၊ ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၊ ဝန်ကြီးချုပ်ရုံးဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးခင်မောင်ဝင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင့်ဆွေ၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်အောင်၊

■ *ကျောဖုံးမှ*

ကြိုဆိုနှုတ်ဆက်

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည် သမ္မတအိမ်တော်သို့ရောက်ရှိရာ ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ ပါမောက္ခ ဒေါက်တာအီယာကျူဒင်အာမက်က ကြိုဆိုနှုတ်ဆက်သည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတတို့သည် မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ဆုမွန်ကောင်းတောင်း

တွေ့ဆုံနှုတ်ဆက်ပွဲသို့ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အတူ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မောင်ဦး၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်းနှင့် ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီးဦးသိန်းမြင့်တို့ တက်ရောက်ကြပြီး ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတနှင့်အတူ Minister for Foreign Affairs, Mr. M. Morshed Khan နှင့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။ ထိုသို့ တွေ့ဆုံနှုတ်ဆက်ရာတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေကလည်း နှုတ်ဆက်ကြောင်း၊ ကျန်းမာချမ်းသာစေရန် ဆုမွန်ကောင်းတောင်းကြောင်းကိုပါ ပြောကြားခဲ့သည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် သမ္မတရုံး ဧည့်သည်တော်မှတ်တမ်းတွင် လက်မှတ်ရေးထိုးသည်။

(သတင်းစဉ်)

တွေ့ဆုံနှုတ်ဆက်

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ ပါမောက္ခ ဒေါက်တာအီယာကျူဒင်အာမက်အား ဒါကာမြို့ရှိ Bangabhaban သမ္မတအိမ်တော်တွင် တွေ့ဆုံနှုတ်ဆက်စဉ်။ (သတင်းစဉ်)

စာမျက်နှာ ၅ မှ

အတွက် များစွာကျေးဇူးတင်ရှိကြောင်းဖြင့် ဆွေးနွေးခဲ့သည်။

ဘင်္ဂလားဒေ့ရှ်ဝန်ကြီးချုပ် ဘီဂမ် ခါလီဒါဇီယာက ဆွေးနွေးရာတွင် မြန်မာနိုင်ငံတော်၏ ဒီမိုကရေစီစနစ်ဖြစ်ထွန်းရေးအတွက် ကြိုးပမ်းဆောင်ရွက်ချက်များကို ကြိုဆိုထောက်ခံကြောင်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ ၂၀၀၂ ခုနှစ် ဘင်္ဂလားဒေ့ရှ်နိုင်ငံ ခရီးစဉ်၊ ၎င်း၏ ၂၀၀၃ ခုနှစ် မြန်မာနိုင်ငံချစ်ကြည်ရေးခရီးစဉ်များသည် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုကို အရှိန်အဟုန် တိုးမြှင့်စေခဲ့သလို ယခု နိုင်ငံတော်ဝန်ကြီးချုပ်၏ ခရီးစဉ်သည်လည်း နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးကို ပိုမိုခိုင်မြဲစေလိမ့်မည်ဟု ယုံကြည်ကြောင်း၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံနှင့် ချစ်ကြည်ရင်းနှီးမှု ပိုမိုရှင်သန်တိုးပွားရေးကို အထူးလိုလားပါကြောင်း၊ နှစ်နိုင်ငံစီးပွားရေးနှင့် ကုန်သွယ်ရေးကဏ္ဍတို့တွင် အလားအလာ များစွာရှိရာ နှစ်နိုင်ငံကြိုးစားဆောင်ရွက်ခြင်းဖြင့် နှစ်နိုင်ငံပြည်သူများအတွက် များစွာအကျိုးဖြစ်ထွန်းစေမည်ဟု ခံယူကြောင်းဖြင့် ဆွေးနွေးခဲ့သည်။

နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုး

နှစ်နိုင်ငံ တွေ့ဆုံဆွေးနွေးပွဲ အပြီးတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် အစိုးရနှင့် ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ အစိုးရတို့ နှစ်နိုင်ငံအကြား နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲကို ဆက်လက်ကျင်းပသည်။

အစီအစဉ်အရရှေးဦးစွာ Memorandum of Under Standing Between the Government of the Union of Myanmar and the Government of the People’s Republic of Bangladesh on Cooperation in the Field of Agriculture နားလည်မှုစာချွန်လွှာကို လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်ညွန့်တင်နှင့် ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံမှ Minister for Agriculture, Mr. M.K. Anwar တို့က လက်မှတ်ရေးထိုးကြပြီး အပြန်အလှန်လဲလှယ်ကြသည်။

ထို့နောက် Memorandum of Understanding Between the Government of the Union of Myanmar and The Government of the People’s Republic of Bangladesh on the Establishment Road Link Between Myanmar and Bangladesh နားလည်မှုစာချွန်လွှာကို ဆောက်လုပ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင့်ဆွေနှင့် ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံမှ Secretary Ministry of Communications တို့က လက်မှတ်ရေးထိုးကြပြီး အပြန်အလှန်လဲလှယ်ကြသည်။

ဆက်လက်၍ Memorandum of Understanding Between the Government of the Union of Myanmar and the Government of the People's Republic of Bangladesh on Visa Exemption for Holders of Diplomatic or Official Passports နားလည်မှုစာချွန်လွှာကို နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးခင်မောင်ဝင်းနှင့် ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံမှ Foreign Secretory Mr. Shamsher M.Chowdhury BB တို့က လက်မှတ်ရေးထိုးကြပြီး အပြန်အလှန်လဲလှယ်ကြကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ဝန်ကြီးချုပ်ရုံး ဧည့်သည်တော်မှတ်တမ်းတွင် လက်မှတ်ရေးထိုးသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ဘင်္ဂလားဒေ့ရှ်နိုင်ငံ ချစ်ကြည်ရေးခရီးစဉ်နှင့်ပတ်သက်၍ သတင်းဌာနများ၏ မေးမြန်းချက်များကို ဖြေကြားသည်။

(သတင်းစဉ်)

ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရနှင့် ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံအစိုးရတို့ နှစ်နိုင်ငံအကြား နားလည်မှု စာချွန်လွှာ လက်မှတ်ရေးထိုးပွဲအပြီးတွင် ဝန်ကြီးချုပ်ရုံး ဧည့်သည်တော်မှတ်တမ်းတွင် လက်မှတ်ရေးထိုးစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရနှင့် ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံအစိုးရတို့ နှစ်နိုင်ငံအကြား နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲတွင် Memorandum of Understanding Between the Government of the Union of Myanmar and the Government of the People’s Republic of Bangladesh on Co-operation in the Field of Agriculture နားလည်မှုစာချွန်လွှာကို လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ညွန့်တင်နှင့် ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံမှ Minister for Agriculture, Mr. M.K Anwar တို့က လက်မှတ်ရေးထိုးကြစဉ်။ (သတင်းစဉ်)

နှစ်နိုင်ငံနယ်စပ်ဒေသ တည်ငြိမ်အေးချမ်းသည့်ဒေသတစ်ခုဖြစ် အိမ်နီးချင်းကောင်းဆက်ဆံရေးဖြင့် နှစ်နိုင်ငံဆက်ဆံခဲ့ကြ

● ရှေ့ဖုံးမှ

နှစ်နိုင်ငံဆက်ဆံရေးတိုးတက်

ကျွန်တော့်အနေနဲ့ ပြောရရင် မကြာသေးတဲ့ နှစ်နှစ်ကျော်ကာလအတွင်းမှာ ဘင်္ဂလားဒေ့ရှ်နိုင်ငံကို ထပ်မံပြီး အလည်အပတ်လာရောက်ခွင့်ရတဲ့အတွက် ဝမ်းမြောက်မိပါတယ်။ ကျွန်တော့်ခရီးစဉ်ရဲ့ တစ်ခုတည်းသောရည်ရွယ်ချက်ကတော့ ချစ်ကြည်ရင်းနှီးပြီး နှစ်နိုင်ငံဆက်ဆံရေးကို တိုးတက်ခိုင်မြဲစေရေးပဲ ဖြစ်ပါတယ်။

အဆွေတော်ရဲ့ အရည်အချင်းပြည့်ဝတဲ့ ခေါင်းဆောင်မှုအောက်မှာ ဖွံ့ဖြိုးတိုးတက်နေတဲ့ ဘင်္ဂလားဒေ့ရှ်နိုင်ငံရဲ့ စီးပွားရေးအခြေအနေကို ကြည့်ရှုခွင့်ရမှာကိုလည်း ဝမ်းမြောက်ပါတယ်။ အဆွေတော်ရဲ့ ဆင်းရဲမွဲတေမှုပပျောက်ရေး အစီအစဉ်ရဲ့ အောင်မြင်မှုရလဒ်တွေဟာ ဖွံ့ဖြိုးဆဲကမ္ဘာ့ကျေးလက်ဒေသဖွံ့ဖြိုးရေး ဆောင်ရွက်ချက်တွေအတွက် နမူနာကောင်းတစ်ရပ်ပဲ ဖြစ်ပါတယ်။ ဒီလိုအခွင့်ကြုံခိုက်မှာ ကျွန်တော့်အနေနဲ့ ဘင်္ဂလားဒေ့ရှ်အစိုးရရဲ့ ဖွံ့ဖြိုးတိုးတက်ရေး အကောင်အထည်ဖော် ဆောင်ရွက်နေမှုများ အောင်မြင်မှုရပါစေကြောင်း ဆုမွန်ကောင်းတောင်းလိုက်ပါတယ်။

အဆွေတော်ခင်ဗျား–

ကျွန်တော့်အနေနဲ့ နိုင်ငံတော်အေးချမ်းသာယာရေးနဲ့ ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေရဲ့ ၂၀၀၂ ခုနှစ်က လာရောက်ခဲ့တဲ့ ဘင်္ဂလားဒေ့ရှ်နိုင်ငံခရီးစဉ်နဲ့ အဆွေတော်ဝန်ကြီးချုပ်ရဲ့ ယမန်နှစ် မတ်လတုန်းက လာရောက်ခဲ့တဲ့ မြန်မာနိုင်ငံခရီးစဉ်တွေရဲ့ အောင်မြင်မှုတွေကို ဝမ်းမြောက်စွာ ပြန်ပြောင်းပြောကြားလိုပါတယ်။ ဒီခရီးစဉ်များရဲ့ အောင်မြင်မှုရလဒ်တွေဟာ ကျွန်တော်တို့နှစ်နိုင်ငံအကြား ကာလရှည်ကြာကတည်းက တည်ရှိတဲ့ ချစ်ကြည်ရင်းနှီးတဲ့ ပူးပေါင်းဆောင်ရွက်မှု ဆက်ဆံရေးရဲ့ သမိုင်းစာမျက်နှာသစ်ကို ဖော်ဆောင်ခဲ့ပါတယ်။ ချစ်ကြည်ရင်းနှီးတဲ့ အိမ်နီးချင်းနိုင်ငံကို အလည်အပတ်သွားရောက်ရခြင်းနဲ့ အဲဒီနိုင်ငံတွေရဲ့ ဖွံ့ဖြိုးတိုးတက်မှုများကို ကြည့်ရှုလေ့လာခွင့်ရခြင်းတွေဟာ ပျော်ရွှင်ကြည်နူးမှုကို ဖြစ်စေပါတယ်။

ကျွန်တော်တို့နှစ်နိုင်ငံဟာ အိမ်နီးချင်းကောင်း ဆက်ဆံရေးနဲ့ဆက်ဆံခဲ့ကြပြီး နှစ်နိုင်ငံအကြားမှာ ကြီးမားတဲ့ ပြဿနာရယ်လို့ မရှိကြပါဘူး။ မြန်မာနဲ့ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့ဟာ ကောင်းမွန်တဲ့ ဆက်ဆံရေးကို တည်ဆောက်နိုင်ခဲ့ကြတဲ့အပြင် နှစ်နိုင်ငံနယ်စပ်ဒေသကို တည်ငြိမ်အေးချမ်းတဲ့ ဒေသတစ်ခုအဖြစ် တည်ရှိစေခဲ့လို့ ကျွန်တော်တို့ အမှန်ပဲ ဂုဏ်ယူနိုင်ခဲ့ကြပါတယ်။ နှစ်နိုင်ငံနယ်စပ်ဒေသကို သာယာဝပြောတဲ့ဒေသအဖြစ် ဖန်တီးတည်ဆောက်ရေးဟာ ကျွန်တော်တို့နှစ်နိုင်ငံအတွက် အထူးအရေးကြီးပါတယ်။

နှစ်နိုင်ငံဆက်ဆံရေးအကျိုးဖြစ်ထွန်း

ဒီကနေ့ နေ့လယ်ပိုင်းက ဆွေးနွေးခဲ့တဲ့ ရင်းနှီးမှုရှိပြီး အကျိုးရှိတဲ့ ဆွေးနွေးပွဲရလဒ်တွေဟာ ကျွန်တော့်ကို များစွာ အားတက်စေခဲ့ပါတယ်။ ဒါ့အပြင် ကျွန်တော်တို့ နှစ်နိုင်ငံဆက်ဆံရေးကို အကျိုးဖြစ်ထွန်းစေမယ့် သဘောတူညီချက်များကိုလည်း လက်မှတ်ရေးထိုးနိုင်ခဲ့ကြပါတယ်။ နှစ်ဖက်စလုံးရဲ့တူညီတဲ့ သဘောဆန္ဒနဲ့အညီ ကျွန်တော်တို့ နှစ်နိုင်ငံရဲ့ဆက်ဆံရေးဟာ လာမယ့်နှစ်များမှာ ပိုမိုခိုင်မြဲလာပြီး နှစ်ဖက်အကျိုးတူ ပူးပေါင်းဆောင်ရွက်မှုများဟာလည်း ပိုမိုတိုးတက်လာလိမ့်မယ်လို့ အပြည့်အဝယုံကြည်ပါတယ်။ မြန်မာနိုင်ငံနဲ့ ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံတို့ဟာ ရှေ့လာမယ့်နှစ်များတွေမှာ နှစ်နိုင်ငံဆက်ဆံရေးနဲ့ အပြည်ပြည်ဆိုင်ရာ ဆက်ဆံရေးနယ်ပယ်တွေမှာ နီးနီးကပ်ကပ် ဆက်လက်လုပ်ကိုင်သွားမှာ ဖြစ်တယ်ဆိုတာကိုလည်း ပြောကြားလိုပါတယ်။ ဒေသတွင်း သာယာဝပြောရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘင်းမ်စတက် အဖွဲ့ကြီးကတစ်ဆင့် အတူတကွ ပူးပေါင်းဆောင်ရွက်သွားနိုင်မယ်လို့ မျှော်လင့်ပါတယ်။

အဆွေတော်ဝန်ကြီးချုပ်နဲ့ ဧည့်သည်တော်များခင်ဗျား–

ဒီနေ့မြန်မာနိုင်ငံဟာ ဒီမိုကရေစီအသွင်ကူးပြောင်းရေးရဲ့ အဆင့်သစ်တစ်ခုကို ရောက်ရှိနေပြီဖြစ်ပါတယ်။ ဒီမိုကရေစီအသွင်ကူးပြောင်းရေးအတွက် အချက်(၇)ချက်ပါတဲ့ နိုင်ငံရေးအစီအစဉ်ကို နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်အဖြစ် ထုတ်ပြန်ကြေညာခဲ့ပြီး ဖြစ်ပါတယ်။ ပြည်သူလူထုရဲ့ဆန္ဒနဲ့အညီ ကျွန်တော်တို့ နိုင်ငံရဲ့ ရေမြေသဘာဝနဲ့ကိုက်ညီတဲ့ ဒီမိုကရေစီ လူ့အဖွဲ့အစည်းတစ်ရပ် ထူထောင်သွားမယ်ဆိုတာကို အခိုင်အမာ ပြောကြားလိုပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေသစ်အတွက် အခြေခံမူများကို ချမှတ်ပေးမယ့် အမျိုးသားညီလာခံကြီးကိုလည်း လာမယ့် မေလ ၁၇ ရက်နေ့မှာ ပြန်လည်ကျင်းပမှာ ဖြစ်ပါတယ်။ ဒီအမျိုးသားညီလာခံကျင်းပခြင်းဟာ ကျွန်တော်တို့ရဲ့ နိုင်ငံရေးအစီအစဉ်မှာ ပထမဆုံးအဆင့်ဖြစ်ရုံသာမက အရေးကြီးဆုံး အဆင့်တစ်ဆင့်လည်း ဖြစ်ပါတယ်။

စိတ်တူသဘောတူနိုင်ငံများ

ကျွန်တော်တို့အနေနဲ့ ဒေသတွင်းနိုင်ငံများက ကျွန်တော်တို့ရဲ့ နိုင်ငံတော်ရှေ့ဆက်သွားမယ့် မူဝါဒလမ်းစဉ်များကို ကြိုဆိုထောက်ခံကြတဲ့အတွက် ဝမ်းမြောက်ပါတယ်။ ဒါ့ပြင် ကျွန်တော့်အနေနဲ့ ဒီမိတ်ဆွေနိုင်ငံများအားလုံးနဲ့ ကျွန်တော်တို့နဲ့ စိတ်တူသဘောတူတဲ့ နိုင်ငံများကိုလည်း အထူးကျေးဇူးတင်ရှိတယ်ဆိုတာ ပြောကြားလိုပါတယ်။

အဆွေတော်ဝန်ကြီးချုပ်ခင်ဗျား–

ယခု ခရီးစဉ်အတွင်းမှာ စစ်တကောင်းနဲ့ ဘန်ဒါဗန်တို့ကိုလည်း သွားရောက်လည်ပတ်ခွင့်ရမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ အနေနဲ့ ဒီဒေသမှာရှိတဲ့ လူမှုဘဝတိုးတက် အောင်မြင်မှုများကို လက်တွေ့မြင်တွေ့ရမှာ ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဘင်္ဂလားဒေ့ရှ်နိုင်ငံနဲ့ ဘင်္ဂလားဒေ့ရှ်ပြည်သူများ ဘက်စုံဖွံ့ဖြိုးတိုးတက်မှုရပါစေကြောင်း ဆန္ဒပြု ပြောကြားလိုပါတယ်။

ကြွရောက်လာကြတဲ့ ဧည့်သည်တော်များနဲ့ မိတ်ဆွေများခင်ဗျား–

- ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံအနေနဲ့ အောင်မြင်တိုးတက်မှုများ ဆက်လက်ရရှိစေရေးအတွက် လည်းကောင်း၊
- ပြည်ထောင်စုမြန်မာနိုင်ငံတော်နဲ့ ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံတို့အကြား ချစ်ကြည်ရင်းနှီးမှု အစွန့်ရှည်တည်တံ့ခိုင်မြဲရေးအတွက်လည်းကောင်း၊
- ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဝန်ကြီးချုပ် ဘီဂမ်ခါလီဒါဇီယာ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာစေရေးအတွက် လည်းကောင်း ဆုမွန်ကောင်းတောင်းရင်း နိဂုံးချုပ်အပ်ပါတယ်။

  ကျေးဇူးတင်ပါတယ်။

ဧပြီ ၄ ရက်က ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရနှင့် ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံ အစိုးရတို့ နှစ်နိုင်ငံအကြား နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲတွင် **Memorandum of Understanding Between the Government of the Union of Myanmar and the Government of the People's Republic of Bangladesh on the Establishment Road Link Between Myanmar and Bangladesh** နားလည်မှုစာချွန်လွှာကို ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင့်ဆွေနှင့် ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံမှ **Secretary Ministry of Communications** တို့က လက်မှတ်ရေးထိုးကြစဉ်။

(သတင်း–ကျော်ဖုံး) **(သတင်းစဉ်)**

ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ် ဘီဂမ်ခါလီဒါဇီယာက ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်အား ဧပြီ ၄ ရက်၌ ဂုဏ်ပြုတည်ခင်းသည့် ညစာစားပွဲတွင် ဝန်ကြီးချုပ် ဘီဂမ်ခါလီဒါဇီယာပြောကြားသော မိန့်ခွန်းအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်။

အဆွေတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီးခင်ညွန့်

ကြွရောက်လာသောမိတ်ဆွေများ၊ ဧည့်သည်တော်များ–

အဆွေတော်ဝန်ကြီးချုပ်နှင့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ကို ယခုလိုကြိုဆိုခွင့်ရတာကို အထူးဝမ်းမြောက်ပါတယ်။ အဆွေတော်ဝန်ကြီးချုပ်ရဲ့ ခရီးစဉ်ဟာ နှစ်နိုင်ငံအကြားတည်ရှိတဲ့ အလွန်ကောင်းမွန်တဲ့ဆက်ဆံရေးရဲ့ ပုံရိပ်ဖြစ်ပါတယ်။

မြန်မာနဲ့ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံတို့ဟာ သမိုင်းစဉ်အရ ဆက်သွယ်မှုရှိပါတယ်။ နှစ်နိုင်ငံတို့ဟာ တူညီတဲ့ ယဉ်ကျေးမှုအမွေရှိပြီး ဒေသကြီးရဲ့ ငြိမ်းချမ်းရေး၊ လုံခြုံရေးနဲ့ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက်လည်း တူညီတဲ့ရည်မှန်းချက်တွေ ရှိကြပါတယ်။ ဘင်္ဂလားဒေ့ရှ်သမ္မတဇီယာရာမန်ရဲ့ ၁၉၇၇ ခုနှစ် ဇူလိုင်လက မြန်မာနိုင်ငံခရီးဟာ နှစ်နိုင်ငံဆက်ဆံရေးရဲ့ အခြေခံအုတ်မြစ်ကိုချပေးခဲ့ပါတယ်။ လွန်ခဲ့သော တစ်နှစ်ကျော်က မြန်မာနိုင်ငံကို သွားရောက်ခဲ့တဲ့ ကျွန်မရဲ့ခရီးစဉ်ကိုလည်း ဝမ်းသာစွာပြန်ပြောင်းသတိရနေပါတယ်။ အဆွေတော်ဝန်ကြီးချုပ်ရဲ့ ယခုခရီးစဉ်ဟာလည်း ချစ်ကြည်ရင်းနှီးမှုကို ပိုမိုတိုးတက်စေမယ်ဆိုတာကို အပြည့်အဝယုံကြည်ပါတယ်။

အဆွေတော်ဝန်ကြီးချုပ်ရှင့်–

ဘင်္ဂလားဒေ့ရှ်နဲ့ မြန်မာနှစ်နိုင်ငံတို့ဟာ တူညီတဲ့စီးပွားရေးစိန်ခေါ်မှုတွေကို ရင်ဆိုင်နေတဲ့ ဖွံ့ဖြိုးဆဲနိုင်ငံတွေ ဖြစ်ပါတယ်။ ဒီစိန်ခေါ်မှုတွေကို ရင်ဆိုင်နိုင်ဖို့ နိုင်ငံရေးနဲ့ စီးပွားရေးအဆက်အသွယ်တွေ ပိုမိုတိုးမြှင့်ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ ဒီကနေ့ နှစ်ဖက်တွေ့ဆုံဆွေးနွေးမှုတွေကလည်း ဒီဦးတည်ချက်ကို အတူတကွ ဖြေရှင်းမယ်ဆိုတဲ့ နှစ်နိုင်ငံရဲ့ရပ်တည်ချက်ကို ထင်ရှားစွာဖော်ဆောင်ခဲ့ပါတယ်။

ထောက်ခံအားပေးမှုလိုလား

ဒေသဆိုင်ရာနဲ့ နိုင်ငံတကာမျက်နှာစာတွေမှာလဲ နှစ်နိုင်ငံဟာ တူညီတဲ့အမြင်တွေ ရှိကြပါတယ်။ ဘင်္ဂလားဒေ့ရှ်ရဲ့ မဟာဗျူဟာကျတဲ့ တည်နေရာဟာလည်း တောင်အာရှနဲ့အရှေ့တောင်အာရှကို ဆက်သွယ်တဲ့တံတားအဖြစ် ရပ်တည်မှုကို ထင်ရှားစေခဲ့ပါတယ်။ ဒီခံယူချက်နဲ့အညီ ဘင်္ဂလားဒေ့ရှ်ဟာ အာဆီယံဒေသဆိုင်ရာ ဖိုရမ်ရဲ့ အစိတ်အပိုင်းတစ်ခုအဖြစ် ပါဝင်လိုခြင်း ဖြစ်ပါတယ်။ ဘင်္ဂလားဒေ့ရှ်က အေအာအက်ဖ်အဖွဲ့ဝင်ဖြစ်ရေးကြိုးပမ်းမှုမှာ မြန်မာနိုင်ငံရဲ့ အဖိုးမဖြတ် နိုင်တဲ့ ထောက်ခံအားပေးမှုကို လိုလားပါတယ်။

ဘင်းမ်စတက်စီးပွားရေးပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ကြီးအတွင်း ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးဆောင်ရွက်ဖို့ ရှေးရှုပါတယ်။ ဘင်္ဂလားဒေ့ရှ်ဟာ ဒီဒေသဆိုင်ရာအဖွဲ့ကြီး ပီပြင်စွာအကောင်အထည်ပေါ်လာရေးအတွက် ကြိုးပမ်းမယ်လို့ ဆုံးဖြတ်ထားပါတယ်။ ဒီနှစ်တွင်းမှာကျင်းပမယ့် ဘင်းမ်စတက် ထိပ်သီးအစည်းအဝေးကြီးဟာလဲ တောင်နဲ့ အရှေ့တောင်အာရှ ဒေသနှစ်ခုကို ပိုမိုနီးကပ်စေမယ်ဆိုတာကို ယုံကြည်ပါတယ်။

ကြွရောက်လာတဲ့မိတ်ဆွေအပေါင်းရှင့်–

နှစ်နိုင်ငံအကြား ကုန်သွယ်ရေးတိုးတက်မှုဟာ အားရကျေနပ်စရာ ဖြစ်ပါတယ်။ ဒါပေမယ့် ဒီအတိုင်းအတာပမာဏဟာ အမြင့်မားဆုံးတော့ မဟုတ်သေးပါဘူး။ နှစ်နိုင်ငံတို့ဟာ နည်းလမ်းသစ်များ အကောင်အထည်ဖော်ခြင်းနဲ့ နှစ်ဖက်စီးပွားရေး လုပ်ငန်းရှင်များ၊ အဆက်အသွယ်များ တိုးမြှင့်ရေးကို ပိုမိုအားပေးရမှာဖြစ်ပါတယ်။

ဆက်သွယ်မှုပိုမိုခိုင်မြဲ

ဘင်္ဂလားဒေ့ရှ်နဲ့ မြန်မာနှစ်နိုင်ငံကို ဆက်သွယ်မယ့် ကားလမ်းဖောက်လုပ်ရေးအတွက် အဆိုပြုချက်နဲ့ ပတ်သက်ပြီးလို့လည်း နှစ်ဖက်အစိုးရတွေက လုပ်ငန်းတွေစတင်နေတယ်ဆိုတာကိုသိရလို့ ဝမ်းသာပါတယ်။ နှစ်နိုင်ငံပြည်သူတွေအကြား တည်ရှိပြီးဆက်သွယ်မှုကို ပိုမိုခိုင်မြဲစေမယ့် ဒီကိစ္စဟာ ဦးစားပေးကိစ္စတစ်ရပ် ဖြစ်ပါတယ်။ မြန်မာနိုင်ငံတွင် နေထိုင်ခဲ့သူများ ၎င်းတို့နေရပ်သို့ ပြန်ရေးကိစ္စမှာလည်း သိသာထင်ရှားတဲ့ တိုးတက်မှုတွေရှိခဲ့ပါတယ်။ နေရပ်သို့ ပြန်နိုင်အောင် စေ့စပ်ဖြေရှင်းနိုင်ခြင်း နှစ်နိုင်ငံအကြား ပြဿနာပေါ်ပေါက်တဲ့အခါ ဆွေးနွေးမှုဖြင့် အဖြေရှာနိုင်တယ်ဆိုတာကို သက်သေပြခြင်းဖြစ်ပါတယ်။

နိဂုံးမချုပ်ခင် အဆွေတော်ဝန်ကြီးချုပ်နဲ့ ကိုယ်စားလှယ်အဖွဲ့ရဲ့ ဘင်္ဂလားဒေ့ရှ်ခရီးစဉ်ဟာ ချမ်းမြေ့ပြီး ပျော်ရွှင်တဲ့ခရီးဖြစ်ပါစေလို့ ဆန္ဒပြုပါတယ်။

ကြွရောက်လာတဲ့ဧည့်သည်တော်များရှင့်–

- အဆွေတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ကျန်းမာ၊ ချမ်းသာစေရန်လည်းကောင်း၊
- မြန်မာနိုင်ငံပြည်သူများ ဆက်လက်ပြီး အေးချမ်းသာယာပြီး ချမ်းသာစေရန်လည်းကောင်း၊
- ဘင်္ဂလားဒေ့ရှ်နဲ့ မြန်မာနိုင်ငံအကြား ချစ်ကြည်ရေးနဲ့ ပူးပေါင်းဆောင်ရွက်ရေး ဆက်လက်ရှင်သန်စေရေးနဲ့ ဘင်္ဂလားဒေ့ရှ်–မြန်မာ နှစ်နိုင်ငံချစ်ကြည်ရေးတည်တံ့ခိုင်မြဲစေရန် ဆုတောင်းရင်း နိဂုံးချုပ်ပါတယ်။ ။

ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ချစ်ကြည်ရေးခရီးလည်ပတ်ရန် ဒါကာမြို့သို့ရောက်ရှိ ဘင်္ဂလားဒေ့ရှ်နိုင်ငံဝန်ကြီးချုပ် ဘီဂမ်ခါလီဒါဇီယာက ဂုဏ်ပြုအခမ်းအနားဖြင့်ကြိုဆို

ရန်ကုန် ဧပြီ ၆

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့်အဖွဲ့ဝင်များလိုက်ပါလျက် ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံဝန်ကြီးချုပ် ဘီဂမ်ခါလီဒါဇီယာ၏ ဖိတ်ကြားချက်အရ ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ၌ ချစ်ကြည်ရေးခရီးလည်ပတ်ရန် ဧပြီ ၄ ရက် နံနက် ၁၀နာရီခွဲတွင် အပြည်ပြည်ဆိုင်ရာမြန်မာလေကြောင်းအထူးလေယာဉ်ဖြင့် ရန်ကုန်မြို့မှ ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ ဒါကာမြို့သို့ ထွက်ခွာခဲ့ကြသည်။

ခရီးဦးကြိုဆို

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်ဦးဆောင်သော မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များ လိုက်ပါလာသည့် အထူးလေယာဉ်သည် ဇီယာအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ဒေသစံတော်ချိန် နံနက် ၁၁နာရီ ၄၅မိနစ်တွင်ရောက်ရှိရာ ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးသိန်းမြင့်နှင့် ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ဌာနအကြီးအကဲ Mr.Shameem Ahsan တို့က လေယာဉ်ပေါ်သို့တက်ရောက်၍ ဧည့်သည်တော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များအား ခရီးဦးကြိုဆိုနှုတ်ဆက်ကြသည်။

အမြောက်ပစ်ဖောက်ဂုဏ်ပြု

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် အထူးလေယာဉ်ပေါ်မှ ဆင်းလာသည်နှင့် အမြောက် ၁၉ချက် ပစ်ဖောက်ဂုဏ်ပြုသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်အား ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံဝန်ကြီးချုပ် ဘီဂမ်ခါလီဒါဇီယာက လေယာဉ်လှေကားထိပ်မှ ရင်းနှီးခင်မင်စွာ ကြိုဆိုနှုတ်ဆက်သည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်အား ဘင်္ဂလားဒေ့ရှ်ကလေးငယ်တစ်ဦးက ပန်းစည်းပေးအပ်သည်။

အလေးပြုခံယူ

ထို့နောက် နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ် ဘီဂမ်ခါလီဒါဇီယာတို့သည် ဂုဏ်ပြုခံစင်မြင့်သို့ သွားရောက်၍ ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူကြသည်။

ထိုအချိန်တွင် နိုင်ငံတော်တီးဝိုင်းက ပြည်ထောင်စုမြန်မာနိုင်ငံတော်သီချင်းနှင့် ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ သီချင်းတို့ကို တီးမှုတ်ကြသည်။

နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ ဇီယာအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိချိန်တွင် လေဆိပ်ပတ်ဝန်းကျင်တွင် မိုးရွာသွန်းနေမှုကြောင့် နိုင်ငံတော်ဝန်ကြီးချုပ်များ ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးသည့် အစီအစဉ်မလုပ်တော့ဘဲ ဂုဏ်ပြုခံစင်မြင့်မှ ကြိုဆိုနေကြသည့် ပုဂ္ဂိုလ်များထံ ဆက်လက်ထွက်ခွာခဲ့ကြသည်။

မိတ်ဆက်ပေး

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ် ဘီဂမ်ခါလီဒါဇီယာက ၎င်းနှင့်အတူ ကြိုဆိုနှုတ်ဆက်ကြသည့် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ တပ်မတော်အရာရှိများ၊ အဆင့်မြင့်အရာရှိများနှင့် မိတ်ဆက်ပေးသည်။

ဆက်လက်၍ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် လာရောက်ကြိုဆိုနှုတ်ဆက်ကြသည့် ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ သံတမန်အဖွဲ့နာယက ပါလက်စတိုင်းသံအမတ်ကြီးဦးဆောင်သော သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများအား နှုတ်ဆက်သည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် မိမိနှင့်အတူလိုက်ပါလာကြသည့် မြန်မာချစ် ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များနှင့်ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံဝန်ကြီးချုပ်အား မိတ်ဆက်ပေးသည်။

ဂါရဝပြုကြိုဆို

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များအား သံအမတ်ကြီးဦးသိန်းမြင့်၏ ဇနီးဒေါ်ခင်သန်းနု၊ စစ်သံမှူးဗိုလ်မှူးကြီးဟန်တင့်နှင့် ဇနီး ဒေါက်တာလဲ့လဲ့ဝင်း၊ သံရုံး၊ စစ်သံရုံးဝန်ထမ်းများနှင့်မိသားစုများက ဂါရဝပြုကြိုဆိုနှုတ်ဆက်ကြသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံဝန်ကြီးချုပ် ဘီဂမ်ခါလီဒါဇီယာတို့၏ ပုံတူပန်းချီကားကြီးများကို လေဆိပ်အထူးဧည့်ဆောင်ရှေ့၌ ဂုဏ်ပြုချိတ်ဆွဲထားသည်။

နိုင်ငံတော်အလံလွှင့်ထူ

ထို့ပြင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ဂုဏ်ပြုကြိုဆိုသည့်အနေဖြင့် လေဆိပ်အထူးဧည့်ဆောင်နှင့် ပတ်ဝန်းကျင်တွင်လည်းကောင်း၊ အဓိကလမ်းမကြီးများ တစ်လျှောက်နှင့်လမ်းဆုံများတွင်လည်းကောင်း နှစ်နိုင်ငံအလံများကို လွှင့်ထူထားသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည် ဆာဗား(Savar)ရှိ အမျိုးသားအာဇာနည်ဗိမာန် (National Martyrs Memorial)သို့ ရောက်ရှိကြရာ Minister for Housing & Public Works, Mr.Mirza Abbas,State Minister for Liberation War Affairs, Prof.M. Rezual Karim နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

လွမ်းသူ့ပန်းခွေချ

ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် အမျိုးသားအာဇာနည်ဗိမာန်၌ လွမ်းသူ့ပန်းခွေချ အလေးပြုသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီး ခင်ညွန့် ချစ်ကြည်ရေးခရီး လည်ပတ်ရန် ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ ဇီယာအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိရာ ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ် ဘီဂမ်ခါလီဒါဇီယာက ကြိုဆိုစဉ်။

(သတင်းစဉ်)

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့် ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံဝန်ကြီးချုပ် ဘီဂမ်ခါလီဒါဇီယာတို့ ဂုဏ်ပြုခံစင်မြင့်မှ ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူကြစဉ်။

(သတင်းစဉ်)

လွမ်းသူ့ပန်းခွေချ အလေးပြု

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့် ဘင်္ဂလားဒေ့ရှ်ပြည်သူ့ သမ္မတနိုင်ငံ ဆာဗား(Savar)ရှိ အမျိုးသားအာဇာနည်ဗိမာန်တွင် လွမ်းသူ့ပန်းခွေချအလေးပြုစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့် ဒါကာမြို့ရှိ သမ္မတကြီး ဇီယာရာမန်၏ ဂူဗိမာန်တွင် လွမ်းသူ့ပန်းခွေချနေစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့် ဘင်္ဂလားဒေ့ရှ် ပြည်သူ့ သမ္မတနိုင်ငံ ဆာဗား(Savar)ရှိ အမျိုးသားအာဇာနည်ဗိမာန်တွင် လွမ်းသူ့ပန်းခွေချ အလေးပြုပြီး ပရဆေး အမျိုးအနွယ်သစ်ပင်ကို စိုက်ပျိုးပေးစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့် ဦးဆောင်သော မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ် ဘီဂမ်ခါလီဒါဇီယာက ဒါကာမြို့ Hotel Sonargaon၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံပွဲတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ပြန်လည်မိန့်ခွန်းပြောကြားစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ဘင်္ဂလားဒေ့ရှ်နိုင်ငံဝန်ကြီးချုပ် ဘီဂမ်ခါလီဒါဇီယာက ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံ

ရန်ကုန် ဧပြီ ၆

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဦးဆောင်သော မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့အား ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံဝန်ကြီးချုပ် ဘီဂမ်ခါလီဒါဇီယာက ဧပြီ ၄ ရက် ညပိုင်းတွင် ဒါကာမြို့ Hotel Sonargaon ၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

ကြိုဆိုနှုတ်ဆက်

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့် မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့သည် ည ၇ နာရီခွဲတွင် ခေတ္တတည်းခိုသည့် ဟိုတယ်မှ ဂုဏ်ပြုညစာစားပွဲ ကျင်းပသည့် ဒါကာမြို့ Hotel Sonargaon သို့ အထူး ယာဉ်တန်းဖြင့်ရောက်ရှိလာရာ ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတ နိုင်ငံ ဝန်ကြီးချုပ် ဘီဂမ်ခါလီဒါဇီယာက ကြိုဆိုနှုတ်ဆက်သည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များ၊ ဝန်ကြီးချုပ် ဘီဂမ်ခါလီဒါဇီယာနှင့် အဖွဲ့ဝင်များသည် ဂုဏ်ပြုညစာစားပွဲ ကျင်းပမည့် Ball Room I သို့ ရောက်ရှိနေရာယူပြီးသည်နှင့် နိုင်ငံတော် တီးဝိုင်းက ပြည်ထောင်စုမြန်မာ နိုင်ငံတော်သီချင်းနှင့် ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံ သီချင်းတို့ကို ဂုဏ်ပြုတီးမှုတ်ကြသည်။

ယင်းနောက် ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ် ဘီဂမ်ခါလီ ဒါဇီယာက မိန့်ခွန်းပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ပြန်လည် မိန့်ခွန်းပြောကြားသည်။

ညစာအတူသုံးဆောင်

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် မြန်မာ ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များသည် ဝန်ကြီးချုပ် ဘီဂမ်ခါလီဒါဇီယာနှင့်အဖွဲ့ဝင်များ၊ ဧည့်သည်တော်များနှင့် အတူ ညစာအတူသုံးဆောင်ကြသည်။

ညစာစားပွဲတက်ရောက်

ဂုဏ်ပြုညစာစားပွဲသို့ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်

စာမျက်နှာ ၁၁ ကော်လံ ၁ ✡

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့် ဦးဆောင်သော မြန်မာ ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ် ဘီဂမ်ခါလီဒါဇီယာက ဒါကာမြို့ Hotel Sonargaon၌ ဂုဏ်ပြု ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံပွဲတွင် ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ် ဘီဂမ်ခါလီဒါဇီယာက မိန့်ခွန်းပြောကြားစဉ်။ (သတင်းစဉ်)

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် အမျိုးသားအာဇာနည်ဗိမာန် ဧည့်သည်တော် မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးသည်။

သစ်ပင်စိုက်ပျိုး

ယင်းနောက် နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် အမျိုးသားအာဇာနည်ဗိမာန်၌ ပရဆေးအမျိုးအနွယ်သစ်ပင်ကို စိုက်ပျိုးသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ဒါကာမြို့ရှိ သမ္မတကြီး ဇီယာရာမန် (President Ziaur Rahman)၏ ဂူဗိမာန်သို့ ရောက်ရှိကြရာ Minister for Local Government, Rural Development & Co-Operative, Mr. Abdul Mannan Bhuiyan နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် သမ္မတကြီး ဇီယာရာမန်၏ ဂူဗိမာန်တွင် လွမ်းသူ့ပန်းခွေချ အလေးပြုသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ခေတ္တတည်းခိုမည့် ဒါကာမြို့ Hotel Sheraton သို့ ရောက်ရှိကြသည်။

(သတင်းစဉ်)

ဒီမိုကရေစီ သို့မဟုတ် အကောင်အထည်ဖော်ရန်ခက်ခဲသည့် စိတ်ကူးတစ်ရပ်

၂၀၀၄ ခုနှစ် ဖေဖော်ဝါရီ ၁၆–၂၂ သီတင်းပတ်အတွက် ထုတ်ဝေသည့် The New York Times အပတ်စဉ်စာစောင်ပါ Steven Erlanger ၏ Democracy: A Hard Idea to Translate ဆောင်းပါးကို ဘာသာပြန်ဆိုဖော်ပြပါသည်။

ခေတ်သစ်ရုရှားနိုင်ငံတွင် အချိန်အတန်ကြာသည်အထိ ဟိတ်ဟန်ထုတ်၍ တွယ်ကျယ်အောင် နေလာခဲ့သည့် ယခင်ဆိုဗီယက် ကွန်မြူနစ်ပါတီမှ နောက်လိုက်အရာရှိတစ်ဦးဖြစ်သူ အာကာဒီ ဗောလော့စကီး(Arkady Volosky)က သူ၏နိုင်ငံရေးအတွေ့အကြုံနည်းပါးမှုကို ဖုံးဖိထားရင်း ဤသို့ ပြက်လုံးထုတ်ခဲ့သည်။ **"လူတွေက ပြောကြတယ်ဗျ၊ ရုရှားနိုင်ငံဟာ ဆွီဒင်လို၊ ဒါမှမဟုတ် တရုတ်နိုင်ငံလို၊ အမေရိကလို ဖြစ်လာရင် ကောင်းမှာပဲလို့ပေါ့။ ဒါပေမယ့် ခက်တာက ကျုပ်တို့မှာ ဆွီဒင်လူမျိုးတွေ အလုံအလောက် မရှိဘူးလေ၊ ကျုပ်တို့မှာ တရုတ်လူမျိုးတွေလည်း အလုံအလောက်မရှိဘူး အမေရိကန် လူမျိုးတွေလည်း အလုံအလောက်မရှိဘူးဗျ"**ဟူ၍ ဖြစ်သည်။

မစ္စတာ ဗောလော့စကီးသည် ဉာဏ်သွားသည့် လူတစ်ယောက် မဟုတ်သဖြင့် ဒီမိုကရေစီသည်လည်း နိုင်ငံတစ်နိုင်ငံ၏သမိုင်းနှင့် အတွေ့အကြုံများမှ ပေါက်ဖွားလာခဲ့သည်ဆိုသော သိမ်မွေ့နက်နဲသည့် အချက်တစ်ခုကို ဖော်ပြနေခြင်း မဟုတ်ပေ။ ဒီမိုကရေစီဆိုသည်မှာ ခန္ဓာကိုယ်တွင် ပြုပြင်အစားထိုးရာ၌ ဆီလီကွန်ပစ္စည်းဖြင့် ထည့်သွင်းပေးသကဲ့သို့ နိုင်ငံရေးစနစ် တစ်ရပ်ရပ်ကို ထိုးသွင်း၍ရသော အရာမျိုးမဟုတ်၊ ဦးထုပ်သစ်တစ်လုံးပမာ လွယ်လင့်တကူ ဆောင်း၍ရသော အရာမျိုးလည်းမဟုတ်။ မည်မျှပင် စေတနာထက်သန်မှုဖြင့်ဖြစ်စေ၊ သို့တည်းမဟုတ် မည်မျှပင် အင်အားစွမ်းရည်ဖြင့်ဖြစ်စေ ၎င်းကို အတင်းအကျပ် လက်ခံခိုင်း၍ မရချေ။

စင်စစ် ဒီမိုကရေစီဆိုသည်ကို ဂရုတစိုက် ပြုစုပျိုးထောင်ပေးရသည်။ မြေဆီသြဇာကျွေးသလို ထည့်ကျွေးရသေးသည်။ သို့ရာတွင် ဤဒီမိုကရေစီ မည်သော အပင်ငယ်သည် မည်မျှနုနယ်ပြီး မည်မျှထင်သလိုမဖြစ်တတ်သည်ကို နားလည်သဘောပေါက်ရန်အတွက် ဗြိတိသျှဝန်ကြီးချုပ်ဟောင်း ဝင်စတန်ချာချီ (Churchill)၏ "အင်္ဂလိပ်စကားပြော လူမျိုးများ၏ သမိုင်း" စာအုပ်မှ စာမျက်နှာအချို့ကို ဖတ်ကြည့်ရုံဖြင့် လုံလောက်ပါသည်။ ထို့ပြင် ဒီမိုကရေစီကို ကာကွယ်စောင့်ရှောက်ပေးရန် တရားမျှတမှုရှိသော ဥပဒေများနှင့် လွတ်လပ်စွာ ဆုံးဖြတ် စီရင်ပိုင်ခွင့်ရှိသည့် တရားရုံးများကဲ့သို့သော အခြေခံအဖွဲ့အစည်းများ ဖြစ်ထွန်းလာစေရန် လိုအပ်သည်ကိုလည်း သဘောပေါက်အပ်သည်။

ဤအချက်ဖြင့် လိုရင်းကိုပေါ်လွင်စေပါသလား။ သို့တိုင်အောင် အမေရိကန် ပြည်ထောင်စုနှင့် ဥရောပသမဂ္ဂတို့သည်လည်း ၎င်းတို့၏တပ်ဖွဲ့များ လှည့်လည် ဝင်ရောက်တပ်စွဲထားသည့် အရပ်ဒေသမှန်သမျှနှင့် ၎င်းတို့၏တပ်ဖွဲ့များ ခြေမချဘူးသေးသည့်နေရာဒေသများစွာတို့တွင် ဒီမိုကရေစီထူထောင်ရေးဟူသောအကြောင်း ပြချက်ဖြင့် ဒေါ်လာသန်း ထောင်ပေါင်းများစွာကို ကျခံသုံးစွဲနေခဲ့ကြရသည်။

ဒီမိုကရေစီဆိုသည်မှာ အလွန်ကောင်းမွန်သည့် စိတ်ကူးစိတ်သန်း တစ်ရပ်ဖြစ်ပေရာ အတင်းအကျပ်လိုက်နာကျင့်သုံးခိုင်းရန် ခဲယဉ်းလှသည်။ သို့သော် ဒီမိုကရေစီကို အားတက်သရော ထွေးပိုက်ရယူလိုကြသည့် မြန်မာမှ ဟေတီအထိ၊ ရုရှားမှ အီရတ်အထိ၊ ဘဲ(လ်)ဂရိတ်မြို့တော်မှ ကိုဆိုဗိုဒေသများအထိ လူအများတို့သည် ယင်းကို လက်တွေ့အလုပ်ဖြစ်အောင် မည်သည့်အရာက ကျောထောက်နောက်ခံပြုပေးနေသည်ကို အလျဉ်းသိမထားကြပေ။ ရာစုနှစ်ပေါင်းများစွာချီ၍ စုပေါင်းအကျိုးဖြစ်ထွန်းမှုနှင့် စုပေါင်းနားလည်မှုမျိုးအပေါ် တည်ဆောက်ရသည့် ကိစ္စမျိုးဖြစ်ကြောင်းကိုလည်း အလျဉ်းမသိကြချေ။ ထို့ပြင် အမေရိကန်တို့၏ သိမ်းသွင်းရေးဝါဒ သို့မဟုတ် အချို့အသာပြောရလျှင် လူကြီးလုပ် နေရာယူလိုသည့်ဝါဒအဖြစ် ၎င်းတို့ထင်မြင်နေကြသည့်ကိစ္စအပေါ် တကူးတက ကျေးဇူးတင်၍လည်း မနေကြချေ။

ဤသို့ဖြစ်သော်လည်း ဒီမိုကရေစီထွန်းကားရေးဆိုသည့်လုပ်ငန်းကြီးမှာ ရပ်တန့်၍ မနေပေ။ အထောက်အပံ့များပေးခြင်းနှင့် လေ့လာသင်ကြားရေး စီမံကိန်းများ၊ မီဒီယာလုပ်ငန်းများ၊ တစ်ခါတစ်ရံ မဲဆန္ဒရှင်များ မှတ်ပုံတင်ရေးနှင့် တရားဥပဒေရေးရာသင်တန်းများကဲ့သို့သော လုပ်ငန်းနယ်ပယ်များ၌ ရှေ့တိုးနေခဲ့လေသည်။ **ဤတွင် ဒီမိုကရေစီသည် နိုင်ငံရေးကြော်ငြာ အသံကောင်းဟစ်မှုတစ်ခု ဖြစ်လာခဲ့သည်။ ကြားဝင်စွက်ဖက်မှုအတွက် ဆင်ခြေဆင်လက် ဖြစ်လာခဲ့သည်။ အနောက်နိုင်ငံများ၏ အများအကျိုးဆောင် ဝါဒတစ်ရပ်အဖြစ် သက်သေထူမှု ဖြစ်လာခဲ့သည်။ ခေတ်ဆိုးကိုလွန်မြောက်၍ ခေတ်ကောင်းကြီးကို ရောက်တော့မည်ဟု မဲဆန္ဒရှင်များအား ထပ်မံအာမခံသည့် နည်းလမ်းတစ်ရပ် သဖွယ်လည်း ဖြစ်လာသည်။**

ဒီမိုကရေစီကို လိုရာသို့ အရောက်ပို့ခြင်းနှင့် အစားထိုးခြင်းလုပ်ငန်းတွင် ရင်ဆိုင်ရမည့် အဓိကပြဿနာ သုံးရပ်ရှိနေသည်။ အချိန်၊ ငွေနှင့် သဘောပေါက် လိုက်နာမှုတို့ လိုအပ်သည့် အခြေခံစနစ်များတည်ဆောက်ရန် လိုအပ်ခြင်း၊ ထိုသို့ကြိုးပမ်းအားထုတ်မှုကို နယ်ပယ်ချဲ့ခြင်းဟု ငြင်းပယ်ခြင်းမပြုဘဲ ရေခြား၊ မြေခြား ပြည်ပနေရာတွင် ဟုတ်မှန်ကြောင်း လက်သင့်ခံလာအောင် ဆောင်ရွက်နိုင်ခြင်း၊ ထိုသို့ ကြိုးပမ်းအားထုတ်မှုကို ရုရှား၊ တရုတ်၊ အီရတ်နှင့် ပါကစ္စတန်နိုင်ငံများကဲ့သို့သောနိုင်ငံများတွင် နိုင်ငံခြားရေးမူဝါဒမျှော်မှန်းချက်များ ရှိနေသည့်အကြားက ရေရှည်တည်တံ့အောင် မည်သို့ဆောင်ရွက်မည်ဆိုသည်တို့ ဖြစ်သည်။ အဆိုပါနိုင်ငံများတွင် အကြမ်းဖက်ဝါဒတိုက်ဖျက်ရေး၊ မူးယစ်ဆေးဝါးတိုက်ဖျက်ရေး၊ ဒေသတွင်းတည်ငြိမ်ရေး၊ အဏုမြူလက်နက်များကိစ္စ၊ လူဝင်မှုကြီးကြပ်ရေးကိစ္စများ စသည့်နိုင်ငံခြားရေးမူဝါဒဆိုင်ရာ အကျိုးစီးပွားများကို အာရုံစိုက်နေကြရခြင်းကြောင့် အမေရိကန်တို့အဖို့ တပန်းသာစေသည်။

"အဲဒီနိုင်ငံတွေအားလုံးမှာ အဓိကလုံးပန်းနေကြတာကတော့ ခေတ်မီလူ့အဖွဲ့အစည်းထူထောင်ဖို့ပါပဲ"ဟု "လွတ်လပ်ခွင့်၏အနာဂတ်၊ ပြည်တွင်း၊ ပြည်ပရှိ အမြင်ကျဉ်းမြောင်းသည့်ဒီမိုကရေစီ"အမည်ရှိစာအုပ်ကို ရေးသားသူ ဖာရိဒ်ဇကားရီးယား(Fareed Zakaria)က ပြောကြားသည်။ "အရာရာဟာ မြေရှင်ခေတ်၊ အလယ်ခေတ်တို့ကအတိုင်းပဲ ရှိနေပေစေ၊ ရွေးကောက်ပွဲတွေ လုပ်လို့ရမှာပဲဆိုတဲ့စိတ်ကူးနဲ့တော့ ဒီမိုကရေစီဆိုတာ အပြည့်အဝ ရလာမှာ မဟုတ်ဘူး၊ အငွေ့အသက်လောက်ပဲ ခံစားရမှာပဲ။ ခေတ်မီတိုးတက်ရေးရဲ့ ချေးညှော်တွေကို လက်ခံရမှာကြောက်ရွံ့နေရင်းနဲ့ ဒီမိုကရေစီဟာ ရသေ့စိတ်ဖြေသဘောနဲ့ ပါးစပ်ကပဲ တွင်တွင်ပြောရတဲ့ ထိုးဇာတ်တစ်ခုဖြစ်လာနေတယ်ဗျ"ဟု သူက ဆိုသည်။

အမေရိကန်နိုင်ငံ ပရင့်စတန်(Princeton)တက္ကသိုလ်မှ ဥရောပနှင့် အာရှဆိုင်ရာ သမိုင်းပါမောက္ခ စတီဖင်ကော့ကင်(Stephen Kotkin)ကမူ "အဲဒါဟာ အုပ်ချုပ်ရေးဌာနတွေရဲ့ အရည်အသွေးနဲ့ လက်တွေ့အောက်ခြေမှာ သူတို့ဘယ်လို လုပ်ကိုင်ဆောင်ရွက် ကြတယ်ဆိုတာနဲ့ပဲ ပတ်သက်နေတယ်ဗျ" ဟုလည်း ရှင်းရှင်းလေး ပြောပြသည်။

၁၉၉၂ ခုနှစ် ဇန်နဝါရီလတွင် ဘောရစ်ယဲ့လ်ဆင်(Boris Yelsin)သည် နှောင်းခေတ် ကွန်မြူနစ်ရုရှားနိုင်ငံတွင် အာဏာရလာသည့်အခါ ယခင်အစိုးရ လက်ထက်က အတွေ့အကြုံရှိခဲ့သော တရားသူကြီးဦးရေ ၆၀၀၀နှင့် ဗလာဒီမီမာ ပူတင်(Vladimir Putin)ကဲ့သို့သော ကေဂျီဘီ(KGB) အဖွဲ့ဝင်ပေါင်း နှစ်သိန်းခွဲမျှ ရှိနေခဲ့သည်ဟု မစ္စတာကော့ကင်က ထောက်ပြခဲ့သည်။

"ဒီတရားသူကြီးတွေရဲ့ အရည်အသွေးနဲ့ သူတို့ရဲ့ လောကအမြင်တွေကို အသာထားဦး၊ သူတို့အရေအတွက်ကိုပဲ ကြည့်ကြရအောင်။ တရားဥပဒေစိုးမိုးရေးကို ဘယ်လိုဖော်ဆောင်ကြမလဲ။ အဲဒါက တရားသူကြီးဦးရေကိုတိုးပြီး ကေဂျီဘီအဖွဲ့ဝင်ဦးရေတွေကျဆင်းသွားမှာပဲဖြစ်လာဖို့ရှိတယ်"ဟု သူကပြောသည်။ ယခု ၁၂နှစ်မျှအကြာတွင် တရားသူကြီးဦးရေမှာ သုံးဆအထိ တိုးလာပြီး ၁၈၀၀၀ ရှိလာသည်။ သို့သော် ရဲထောက်လှမ်းရေး ဦးရေမှာ နှစ်သိန်းခန့် ကျန်ရှိနေဆဲဖြစ်၏။

ယင်းနှင့် ကွဲပြားချက်မှာ အမေရိကန်ပြည်ထောင်စုသည် ဗြိတိန်နိုင်ငံ လက်အောက်မှ လွတ်လပ်ရေးရခဲ့စဉ်က ဥပဒေပညာရှင်ဦးရေမှာ အစိုးရအုပ်ချုပ်ရေး ဗျူရိုကရက်အရာရှိဦးရေထက်ပင်ပိုခဲ့သည်။ အမေရိကန်လူ့အဖွဲ့အစည်းသည် အစိုးရအဖွဲ့ထက်ပင် အင်အားတောင့်တင်းခဲ့သည်။ လူတစ်ဦး၏ ပိုင်ခွင့်များနှင့် ပုဂ္ဂလိကပိုင်ဆိုင်မှုသဘောများကို အခိုင်အမာလက်ခံထားသည့် အခြေခံအဖွဲ့အစည်းတစ်ရပ်လည်း ရှိနေသည်။ အမေရိကန်ပြည်ထောင်စုနှင့် ဗြိတိန်နိုင်ငံ တို့သည် လွတ်လပ်သော အယူအဆရှိကြသည့် တိုင်းပြည်များ ဖြစ်ကြသည်။ သို့သော် ဒီမိုကရေစီနည်းကျသည်ဟုကား အထူးတလည်မဆိုနိုင်ခဲ့ပေ။ ကျွန်များ လွတ်မြောက်ခွင့်ရခဲ့ပြီး အမျိုးသမီးများလည်း မဲပေးခွင့်ရခဲ့ပြီးမှ လွတ်လပ်သော ယင်းလူ့အဖွဲ့အစည်းလည်း ဒီမိုကရေစီသဘော သက်ရောက်လာခဲ့သည်။

သို့သော် ကျဉ်းမြောင်းသော အမြင်လွှမ်းမိုးနေသည့် လူ့အဖွဲ့အစည်း တစ်ရပ် ဥပမာ–ရုရှား၊ ယခင် ယူဂိုဆလားဗီးယား၊ ဟေတီ၊ အီရတ်တို့မှ လူ့အဖွဲ့အစည်းတစ်ရပ်ရပ်ကို ဒီမိုကရေစီပုံစံသွင်းရန် အားထုတ်မှုမှာ ဒီမိုကရေစီ လိုလားသူများနှင့် ဒီမိုကရေစီတန်ဖိုးများကို ကာကွယ်စောင့်ရှောက်ပေးမည့် အခြေခိုင်သော စီမံအုပ်ချုပ်မှု၊ အဖွဲ့အစည်းများမရှိဘဲနှင့် ထိုလူ့အဖွဲ့အစည်း များအတွင်း ရွေးကောက်ပွဲများကျင်းပပေးရုံမျှသာ တတ်နိုင်ပေမည်။ ရွေးကောက်ပွဲများသည် အပြုသဘောဆောင်ပြီး တရားဝင်လုပ်ပိုင်ခွင့် အပ်နှင်းမှုတစ်ရပ်ဟူ၍ ရှုမြင်ကြရသော်လည်း ပါလီမန်စနစ်အုပ်ချုပ်ရေး၊ သို့မဟုတ် အရပ်သား အုပ်ချုပ်ရေး၊ သို့မဟုတ် လွတ်လပ်သောတရားစီရင်ရေး၊ သို့မဟုတ် မျှတသော အခွန်စည်းကြပ်မှုနှင့် ပုဂ္ဂလိကနှင့် လူနည်းစုအကျိုးစီးပွားတို့ကို ဖော်ဆောင် ကျင့်သုံးနိုင်လာလိမ့်မည်ဟု အားထားမျှော်လင့်၍မရချေ။

လက်တွေ့အလုပ်ဖြစ်သော ဒီမိုကရေစီနိုင်ငံများထူထောင်နိုင်ရန် အနောက်နိုင်ငံများတွင် နှစ်ပေါင်း ၄၀၀ကြာအောင် ကြိုးပမ်းအားထုတ်ခဲ့ရပြီး အရှေ့အာရှဒေသတွင် နှစ်ပေါင်း ၄၀ အချိန်ယူခဲ့ရသည်ဟု မစ္စတာ ဇကားရီးယားက ဆိုသည်။ "အခု ဒါကို ကျွန်တော်တို့က အီရတ်မှာ လေးလနဲ့ လိုချင်နေတယ်"ဟု သူကဆက်ပြောသည်။

"ဘာလုပ်ရမည်ဆိုတာ ကျွန်တော်တို့ သိကြပါတယ်။ ဒါပေမယ့် ဒါကို နိုင်ငံရေးအရ အလုပ်ဖြစ်အောင် ဘယ်လိုနည်းလမ်း သုံးရမလဲဆိုတာက အဓိကပါပဲ။ လူနည်းစုတွေကို ဖိနှိပ်မှုမရှိအောင် ကာကွယ်စောင့်ရှောက်ပေးမည့် အင်အားတောင့်တင်းတဲ့ ဗဟိုအစိုးရအဖွဲ့ထားရှိတဲ့ ပြည်ထောင်စုသမ္မတနိုင်ငံ တစ်ခုကို ထူထောင်မှာလား။ ပြဿနာက ဘာလဲဆိုတော့ ဒီလိုဖြစ်ဖို့အခြေခံ အဖွဲ့အစည်းမျိုးကို များပြားရှုပ်ထွေးတဲ့ နိုင်ငံရေးအခြေအနေမှာ ဘယ်လို တည်ဆောက်မလဲ၊ ဒီလုပ်ငန်းကို ပြည်ပမှာ နိုင်ငံရေးအရ လက်ခံနိုင်အောင် ဘယ်လိုပေးမလဲ ဆိုတာဘဲ။ အဲဒီတော့မှ ကိုယ့်ကို ပရဟိတ အကျိုးဆောင်သူတွေလို့ အများက မြင်လာကြမယ်။ နယ်ချဲ့တွေလို့ မမြင်ကြတော့ဘူးပေါ့ဗျာ၊ အဲဒါဟာ အမေရိကန်အစိုးရဘက်က အကြီးအကျယ်မှားယွင်းနေတဲ့အပိုင်းပဲဗျ"ဟု မစ္စတာဇကားရီးယား (Mr. Zakaria) က ပြောကြားလိုက်သည်။ ။

From-

The New York Times

Large Type Weekly February 16-22-2004

VOI XXXVII, No. 1928

Fragile Seeds of Liberty

Why Western Political Ideals Fail Elsewhere

Democracy: A Hard Idea to Translate

By-Steven Erlanger

စက်ဆန်းရေလုံသဘော်ကျင်း ဒုတိယဝန်ကြီးဦးဖေသန်း စစ်ဆေး

ရန်ကုန် ဧပြီ ၆

ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖေသန်း မြန်မာ့ဆိပ်ကမ်းအာဏာပိုင် စက်ဆန်းရေလုံသဘော်ကျင်းသို့ ယမန်နေ့နံနက်ပိုင်းက ရောက်ရှိရာ မြန်မာ့ဆိပ်ကမ်း အာဏာပိုင် ဦးဆောင်ညွှန်ကြားရေးမှူး ဦးသိန်းဌေးနှင့် တာဝန်ရှိ ပုဂ္ဂိုလ်များက ကြိုဆိုကြပြီး စက်ဆန်းသဘော်ကျင်းရှင်းလင်းဆောင်၌ ဒုတိယအထွေထွေ မန်နေဂျာ (စက်မှု) ဦးမြင့်သောင်းက သမတသဘော် လွန်းကျင်းတင် ပြင်ဆင်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး ဦးဆောင်ညွှန်ကြားရေးမှူးက လိုအပ်သည်များကို ဖြည့်စွက်တင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီးက ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းပေးပြီး လွန်းတင်ပြင်ဆင်ဆဲ သမတရေယာဉ် ပြင်ဆင်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေး ကာလိုအပ်သည်များကို မှာကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် ကြည့်မြင်တိုင်မြို့နယ် ဗားကရာ(အုန်း၊ငှက်ပျော၊ကြံ၊ ပြောင်း)ကုန်စည်ဒိုင်နှင့် ကြည့်မြင်တိုင် ဈေးကြီးအကြား ကမ်းနားလမ်းကုန်းတွင်းပိုင်းမှ ရေစိမ့် ထွက်မှုကြောင့် မြေနိမ့်ကျမှု ဖြစ်ပေါ်လျက်ရှိသောနေရာ ကာကွယ်မှုလုပ်ငန်းများကို သွားရောက် ကြည့်ရှုစစ်ဆေးသည်။ **(သတင်းစဉ်)**

မော်လမြိုင်အလက(၇) အာစရိယပူဇော်မည်

ရန်ကုန် ဧပြီ ၆

မော်လမြိုင်မြို့ အလက (၇)မှ တာဝန်ထမ်းဆောင်ပြီး သက်ပြည့်အငြိမ်းစား ယူသွားကြသော ဆရာ ဆရာမကြီးများအား ပထမအကြိမ် အာစရိယပူဇော်ပွဲကို ဧပြီ ၁၈ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် မော်လမြိုင်မြို့ အလက (၇)၌ ကျင်းပမည်ဖြစ်သည်။ အဝေးရောက်ဆရာ ဆရာမဟောင်းများ ဆက်သွယ်ကြရန်နှင့်လှူဒါန်းလိုသော ကျောင်းသားကျောင်းသူဟောင်းများ အလှူငွေနှင့် ပစ္စည်းများကို ဦးဇော်မင်းနိုင် ဖုန်း–၀၅၇–၂၅၃၅၈၊ ဒေါ်ခိုင်ခိုင်ဝင်း ဖုန်း–၀၅၇–၂၅၀၁၁၊ ဦးအောင်မြင့်ဦး ဖုန်း–၀၅၇–၂၅၀၃၂၊ဒေါ်ခင်စန်းကြည် ဖုန်း– ၀၁–၆၆၄၂၆၈နှင့်ဦးတင်ထွန်းကြည်ဖုန်း–၀၉–၅၀၁၃၅၃၆၊ ၅၄၂၂၆၇ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က–ပ)**

မြဝတီရုပ်မြင်သံကြား

၇–၄–၂၀၀၄ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၀ ၇။ မြန်မာသကြင်္ကန်
၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ လက်စွမ်းပြပဟန်ဂီတသံ
၄:၂၀ ၄။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄:၃၀ ၅။ မျိုးချစ်တပ်မတော်
၄:၄၀ ၆။ မြန်မာသကြင်္ကန်
၄:၅၀ ၇။ ရင်ခုန်စီးဆင်းအချစ်သီချင်း
၅:၀၀ ၈။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် Consignment Account (စီးပွားရေး၊ စီးပွားစီမံ)
၅:၃၀ ၉။ မြတ်နိုးကြစေအမျိုးသားအမွေ
၅:၄၅ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
၆:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၂။ နိုင်ငံတကာသတင်း
၆:၂၀ ၁၃။ မိုးလေဝသသတင်း
၆:၂၅ ၁၄။ မြန်မာ့ရှုခင်း
၆:၄၀ ၁၅။ လျှပ်တစ်ပြက်
၇:၀၀ ၁၆။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"မောင့်ရွှေနဖာစူး မယ့်ရွှေနဖူးစာ"**(အပိုင်း–၂၃)
၈:၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
၁၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၉။ လျှပ်တစ်ပြက်
၂၀။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
၂၁။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"သစ္စာမဏ္ဍိုင်"**(အပိုင်း–၃၀)

ဒလမြို့ရေပေးဝေရေးမှ ရပ်ကွက်များသို့ရေတိုင်များတိုးချဲ့ပေး

ရန်ကုန် ဧပြီ ၆

ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ၏ ကူညီပံ့ပိုးမှု၊ ရေသန့်ဌာနဌာနမှူး ဦးသောင်းရင်၏ စီစဉ်မှုဖြင့် ဒလမြို့နယ်အတွင်းရှိ ရပ်ကွက်များ နွေရာသီ သောက်သုံးရေရှားပါးမှု မရှိစေရန်အတွက် မြို့နယ်ရေပေးဝေရေးဌာန (ရေ/သန့်)မှ သတ်မှတ်ထားသောရပ်ကွက်များတွင် ဧပြီ ၃ ရက်မှစ၍ ရေတိုင် နှစ်ခုနှင့် ဂါလန် ၂၀၀ ဆံ့ရေတိုင်ကီနှစ်လုံးထားရှိကာရပ်ကွက် ပြည်သူများ ရေခပ်နေမှုများကို မြို့နယ်ရေပေးဝေရေးကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ၊ မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်အောင်၊ ရေစီမံကိန်း တာဝန်ခံအင်ဂျင်နီယာဌာနစုမှူး ဒေါ်ချယ်ရီအောင်၊မြို့နယ်ရေသန့်ဌာနတာဝန်ခံ ဦးခင်ဇော်တို့သည် ဧပြီ ၃ရက်က လိုက်လံစစ်ဆေးကြည့်ရှုပြီးလိုအပ်သည်များဆောင်ရွက်ပေးကြောင်း သိရသည်။ **(က–ပ)**

✡ *စာမျက်နှာ ၉ မှ*

အတူ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ ရခိုင်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မောင်ဦး၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ညွန့်တင်၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ပြည့်စုံ၊ ပြည်ထဲရေးဝန်ကြီးဌာနဝန်ကြီးဗိုလ်မှူးကြီးတင်လှိုင်၊ ပို့ဆောင်ရေးဝန်ကြီးဌာနဝန်ကြီးဗိုလ်ချုပ်လှမြင့်ဆွေ၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဆန်း၊ ဝန်ကြီးချုပ်ရုံးဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်း၊ ဆောက်လုပ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင့်ဆွေ၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့ အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်အောင်၊ ဘင်္ဂလားဒေ့ရှ်ဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး ဦးသိန်းမြင့်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဒုတိယဗိုလ်မှူးကြီး ဖေငြိမ်း၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် စစ်သံမှူးဗိုလ်မှူးကြီးဟန်တင့်တို့တက်ရောက်ကြပြီး ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ်နှင့်အတူ ဘင်္ဂလားဒေ့ရှ် အစိုးရအဖွဲ့အဖွဲ့ဝင် ဝန်ကြီးများ၊ အတွင်းဝန်များ၊ ပါလီမန်အမတ်များ၊ဒါကာမြို့တော်ဝန်၊ တပ်မတော် အရာရှိကြီးများ၊ ဌာနအကြီးအကဲများ၊ သံအမတ်ကြီးများနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

နိုင်ငံတော်သီချင်း

ဂုဏ်ပြုညစာစားပွဲကို နိုင်ငံတော်တီးဝိုင်းက နှစ်နိုင်ငံ နိုင်ငံတော်သီချင်းများကို တီးမှုတ်ကြကာ ရုပ်သိမ်းလိုက်သည်။

ထို့မှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များ ခေတ္တတည်းခိုသည့် Hotel Sheraton သို့ ရောက်ရှိရပ်နားကြသည်။

(သတင်းစဉ်)

အမှတ်တရလက်ဆောင်ပေးအပ်

ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့်ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံဝန်ကြီးချုပ်ဘီဂမ်ခါလီဒါဇီယာတို့ ဝန်ကြီးချုပ်ရုံး ဧည့်ခန်းမဆောင်၌ ခင်မင်ရင်းနှီးစွာ တွေ့ဆုံကြပြီး အမှတ်တရလက်ဆောင်ပေးအပ်စဉ်။ (သတင်းစဉ်)

မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး မဟာသင်္ကြန်အကြို စတုဒိသာ ကျွေးမွေး

ရန်ကုန် ဧပြီ ၆

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး၏ ၂၀၀၄ ခုနှစ် မဟာသင်္ကြန်အကြို စတုဒိသာကျွေးမွေးခြင်း အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးရုံး အပေါ်ဆုံးထပ်ရှိ ညီလာခံခန်းမဆောင်၌ ကျင်းပ သည်။

အဆိုပါ အခမ်းအနားသို့ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်ထွန်း၊ မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ဦးဆောင်ညွှန်ကြားရေးမှူး ဦးမင်းလှအောင်နှင့် တာဝန်ရှိသူများ၊ ဝန်ထမ်းမိသားစုများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် တက်ရောက်လာကြသူများအား မဟာသင်္ကြန်အကြိုစတုဒိသာအကျွေးအမွေးဖြင့် ဧည့်ခံပြီး တေးသံရှင်များက တေးသံသာများဖြင့် သီဆိုဖျော်ဖြေသည်။ ထို့နောက် မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးဝန်ထမ်းမိသားစုများက ယိမ်းအကများဖြင့် ဖျော်ဖြေပြီး သပြေခက်များဖြင့် ရေပက်ဖျန်းကာ တပျော်တပါးဆင်နွှဲကြသည်။

(မြန်မာ့အလင်း)

သက်ကြီးစာရေးဆရာများအား ပူဇော်ကန်တော့

ရန်ကုန် ဧပြီ ၆

ရန်ကုန်တိုင်း မင်္ဂလာတောင်ညွန့်မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ တက္ကသိုလ် စိုးယဉ်၊ ဒုတိယဥက္ကဋ္ဌ ရွှေ့ဆောင်တင်ဆွေ၊ အတွင်းရေးမှူး ကိုရဲဇော်၊ ဘဏ္ဍာရေးမှူးခင်ဆွေလတ်၊ အမှုဆောင် မောင်လှလွန်းတို့သည် မြို့နယ်အတွင်းရှိ အသက်(၇၀)ကျော်ပြီးဖြစ်သော စာရေးဆရာများဖြစ်ကြသည့် ရဲဘော်ကျော်ဆန်း၊မေလှကျော်(ပညာ)၊ ဦးတင်အေး(သ/မ)၊ ကြည်ကြည်မြင့် (စာပေဗိမာန်)၊ မင်းသစ်ဦး၊ ထောက်ချုပ် စိန်လှိုင်၊ မေတင့်ဟန်၊ ဘာရတီ၊ အုန်းခင်နှစ်နှင့် ဟသ်ာတရှင်နှောင်း အစရှိသည့် စာရေးဆရာ ၁၀ဦးတို့အား နှစ်သစ်ကူးအကြိုကာလတွင် အိမ်တိုင်ရာရောက် သွားရောက်ကန်တော့ခဲ့ကြောင်းသိရသည်။

မင်္ဂလာတောင်ညွန့်မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့သည် နှစ်စဉ်နှစ်တိုင်းပင် မိမိတို့မြို့နယ်အတွင်းနေထိုင်လျက်ရှိကြသော အသက်(၇၀)ကျော်စာရေးဆရာ ဆရာမကြီးများအား ယခုကဲ့သို့ မင်္ဂလာနှစ်သစ်အကြိုကာလ(သင်္ကြန်အကြိုကာလ)တွင် ပူဇော် ကန်တော့ကြကြောင်းသိရသည်။

(မြန်မာ့အလင်း)

စာပေညီလာခံ ဗဟိုဦးစီးအဖွဲ့ အစည်းအဝေးအတွက် ငွေလှူဒါန်း

ရန်ကုန် ဧပြီ ၆

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့က ၂၀၀၄ခုနှစ် မေလတွင်ကျင်းပမည့် တတိယအကြိမ်စာပေညီလာခံ ဗဟိုဦးစီးအဖွဲ့ အစည်းအဝေးကို ဂုဏ်ပြုသောအားဖြင့် အလှူငွေပေးအပ်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီတွင် မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါ အလှူငွေပေးအပ်ပွဲသို့ မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းဥက္ကဋ္ဌ ဦးလှမြိုင် (ကိုဆောင်း)၊ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသည့် ဦးတင်ခ(တက္ကသိုလ်တင်ခ)၊ ဦးသန်းမောင်(သန်းမောင်)၊ ဦးမြင့်သိန်း(မြင့်သိန်းအောင်)၊ အတွင်းရေးမှူး ဦးလှထွန်း (လှထွန်း-တွံတေး)နှင့် တွဲဖက်အတွင်းရေးမှူးများ၊ ဗဟိုအမှု ဆောင်ကော်မတီဝင်များ၊ ဘဏ္ဍာငွေရှာဖွေရေးလုပ်ငန်းကော်မတီအဖွဲ့ အတွင်းရေးမှူး ဦးစိုးရှိန်(မောင်စိုးထိုက်-သုံးဆယ်)နှင့် အလှူရှင်များ တက်ရောက်ကြသည်။

အလှူငွေပေးအပ်ပွဲတွင် သုတစွယ်စုံ စာအုပ်တိုက် စာတည်းမှူးချုပ် ဒေါက်တာတင်ထွန်းဦး၊ ဒေါက်တာခင်မိုးမိုးတို့က အလှူငွေကျပ် ၁၀၀၀၀၀ ပေးအပ်လှူဒါန်းရာ ဘဏ္ဍာငွေရှာဖွေရေးလုပ်ငန်းကော်မတီအဖွဲ့ဥက္ကဋ္ဌ ဦးတင်ခ(တက္ကသိုလ်တင်ခ)က လက်ခံယူပြီး ဂုဏ်ပြုလွှာပြန်လည်ပေးအပ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဧပြီ၆ရက်က မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့တတိယအကြိမ်စာပေညီလာခံ ဗဟိုဦးစီးအဖွဲ့ အစည်း အဝေးကျင်းပရေးညှိနှိုင်းအစည်းအဝေးတွင် စာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးလှမြိုင် (ကိုဆောင်း)က အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

အဆင့်မြင့်တန်းအမှတ်ပေးဘောလုံး ပြိုင်ပွဲ ဘဏ္ဍာ/အခွန်က ကာကွယ်ရေးအသင်းကိုအနိုင်ရရှိ

ရန်ကုန် ဧပြီ ၆

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ၂၀၀၃-၂၀၀၄ ခုနှစ် ဘောလုံးရာသီ အဆင့်မြင့်တန်းအမှတ်ပေး ဘောလုံးပြိုင်ပွဲကို ယနေ့ညနေ၄နာရီတွင် လူငယ်အားကစားလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ) ဘောလုံးကွင်း၌ ဆက်လက်ကျင်းပရာ ဘဏ္ဍာ/အခွန်အသင်းက ကာကွယ်ရေးအသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

ဘဏ္ဍာ/အခွန်အသင်းအတွက် အမှတ်ပေးချန်ပီယံဆု ရရှိရေးအဓိကကျသော ပွဲစဉ်ဖြစ်ရာ နှစ်သင်းစလုံး ခြေကုန်ထုတ်ကစား၍ပွဲကောင်းတစ်ပွဲဖြစ်ခဲ့သည်။ ဘဏ္ဍာ/အခွန်အသင်းအတွက် ပထမဂိုးကို ၃၄ မိနစ်တွင် မျိုးလှိုင်ဝင်း အကွက်ဆင်ပေးပို့သည့် ဘောလုံးကို ထွန်းထွန်းဝင်း ဆွဲယူသွားပြီး ကန်သွင်းယူသည်။ ပထမပိုင်းအပြီးတွင်ဘဏ္ဍာ/အခွန်အသင်းက တစ်ဂိုးအသာဖြင့်ဦးဆောင်နေသည်။

ဘဏ္ဍာ/အခွန်အသင်းအတွက် ဒုတိယဂိုးကို ၅၅မိနစ်တွင်အောင်ကျော်မိုးကသွင်းယူပေးသည်။ ကာကွယ်ရေးအသင်းအတွက် ချေပဂိုးတစ်ဂိုးကို ၆၃ မိနစ်တွင် အောင်မိုးဦးကလှလှပပကန်သွင်းယူသည်။ ဘဏ္ဍာ/အခွန်အသင်းအတွက်တတိယဂိုးကို ၈၁ မိနစ်တွင် စိုးမြတ်မင်းက ခေါင်းတိုက်သွင်းယူသည်။ ဘဏ္ဍာ/အခွန်အသင်းက တတိယဂိုးရရှိပြီးနောက်အသင်း ခေါင်းဆောင်မျိုးလှိုင်ဝင်းအစား ဝင်းအောင်ကို လူစားလဲကစားသွားသည်။

ပွဲစဉ်အလိုက် အကောင်းဆုံးဆုကို ဘဏ္ဍာ/အခွန်အသင်းနောက်တန်းလူ အောင်ထွန်းလင်းက ရရှိသည်။ ဘဏ္ဍာ/အခွန်အသင်းသည် ယခုပွဲအနိုင်ရရှိသဖြင့် အမှတ်ပေးချန်ပီယံဖြစ်ရေး အလားအလာကောင်းသွားသည်။ ဘဏ္ဍာ/အခွန်အသင်းသည် လက်ကျန်ပွဲများအဖြစ် မြို့တော်စည်ပင်၊ ပို့ဆောင်ရေး၊ စီးပွား/ကူးသန်းတို့နှင့်ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

သရေကျ

အောင်ဆန်း အားကစားပြိုင်ကွင်း၌ ယှဉ်ပြိုင်ကစားသော ပို့ဆောင်ရေးအသင်းနှင့် တံခွန်အသင်း ပွဲစဉ်တွင် တစ်ဖက်နှင့်တစ်ဖက် ဂိုးမသွင်းနိုင်ဘဲ ဂိုးမရှိသရေပွဲ ဖြစ်သွားသည်။ ပွဲစဉ်အလိုက် အကောင်းဆုံးဆုကို ပို့ဆောင်ရေးအသင်းမှ ကျော်ဇေယျာမင်းက ရရှိသည်။

ယနေ့ပွဲ

ဧပြီ ၇ ရက်(ယနေ့) ညနေ ၄ နာရီတွင် အောင်ဆန်းအားကစားပြိုင်ကွင်း၌ စီးပွား/ကူးသန်းအသင်းနှင့် ပြည်ထဲရေးအသင်းတို့ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ **(မြန်မာ့အလင်း)**

လက်ပံတန်းမြို့နယ်အသင်း နှစ်ပတ်လည်စည်းဝေးမည်

ရန်ကုန် ဧပြီ ၆

ပဲခူးတိုင်း လက်ပံတန်းမြို့နယ်အသင်း၏ နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေးကို ဧပြီ၂၅ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကြားတောရလမ်းမကြီးရှိ မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးခမ္မာရုံ၌ကျင်းပမည်ဖြစ်သည်။ အသင်းဝင်များနှင့် ရန်ကုန်မြို့ရောက် လက်ပံတန်းမြို့နယ်သူ၊ မြို့နယ်သားများသည် ဖိတ်စာရသည် ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြရန်နှင့် ပညာရည်ချွန်ဆုပေးနိုင် ရန်အတွက် ၂၀၀၃ ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲတွင် အသင်းဝင်များ၏ သားသမီးများမှ ထူးချွန်စွာ ဂုဏ်ထူးများဖြင့် အောင်မြင်ကြသူများသည် ဦးစိုးလှိုင် ဖုန်း-၆၆၆၇၈၆၊ ၂၁၂၇၁၆၊ ဦးသောင်းလှိုင် ဖုန်း-၂၄၅၉၆၈၊ ၂၄၅၆၆၈၊ ဒေါ်စန်းနွဲ့ ဖုန်း-၆၆၄၆၁၇၊ ဒေါ်ရီရီအုန်း ဖုန်း-၆၄၀၂၂၇နှင့် ဦးအောင်သိန်း ဖုန်း-၂၉၁၈၆၁၊ ၇၀၅၈၅၈တို့သို့ဆက်သွယ်နိုင်ကြောင်း သိရသည်။

(က-ပ)

အမျိုးသမီးရေးရာစုံညီအစည်းအဝေးပါဝင်ကူညီသူများအားညစာတည်ခင်း
မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌတက်ရောက်ချီးမြှင့်အမှာစကားပြောကြား

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ပြည်နယ်၊ တိုင်း အမျိုးသမီးရေးရာအဖွဲ့ကိုယ်စားလှယ်များ စုံညီအစည်းအဝေးတွင် ပါဝင်ကူညီခဲ့ကြသူများအား ဂုဏ်ပြုညစာ စားပွဲအခမ်းအနားတွင် ကျေးဇူးတင်စကားပြောကြားစဉ်။

(သတင်းစဉ်)

ရန်ကုန် မေ ၆

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ပြည်နယ်၊တိုင်းအမျိုးသမီးရေးရာအဖွဲ့ ကိုယ်စားလှယ်များ စုံညီအစည်းအဝေးတွင် ပါဝင်ကူညီခဲ့ကြသူများအား ဂုဏ်ပြုညစာတည်ခင်းသည့် အခမ်းအနားကို ယနေ့ ညနေ ၆ နာရီခွဲတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ အပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်း ဗဟိုဌာန အဆောက်အအုံ (IBC) ၌ ကျင်းပရာ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေ တက်ရောက်ချီးမြှင့်ပြီး ကျေးဇူးတင် အမှာစကားပြောကြားသည်။

တက်ရောက်

ဂုဏ်ပြုညစာစားပွဲသို့ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ပါမောက္ခဒေါက်တာဒေါ်မေမေရီ၊ ဒေါ်ခင်လေးသက်၊ ဒေါ်သန်းသန်းနွဲ့၊ ဒေါ်ခင်ခင်ဝင်း၊ အထွေထွေအတွင်းရေးမှူး ပါမောက္ခဒေါက်တာဒေါ်ခင်အေးဝင်း၊ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်ခင်သက်ဌေး၊ အကြံပေးပုဂ္ဂိုလ်များ၊ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ လုပ်ငန်းအဖွဲ့ ခေါင်းဆောင်များ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ အထူးဖိတ်ကြားထားသူများနှင့် လူမှုဝန်ထမ်းဦးစီးဌာနအောက်ရှိ လူငယ်သင်တန်းကျောင်းများမှ ကျောင်းသားကျောင်းသူများ တက်ရောက်ကြသည်။

ကျေးဇူးတင်စကားပြောကြား

ဂုဏ်ပြုညစာစားပွဲတွင် ရှေးဦးစွာ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဥက္ကဋ္ဌဒေါက်တာဒေါ်ခင်ဝင်းရွှေက ကျေးဇူးတင်အမှာစကားပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေက အလှူရှင်ကြက်လျှာစွန်းဒံပေါက်ဆိုင်ပိုင်ရှင် ဦးထွန်းမြင့်အား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် တက်ရောက်လာကြသူများအား ဂုဏ်ပြုညစာဖြင့်တည်ခင်းဧည့်ခံသည်။ **(သတင်းစဉ်)**

မြန်မာ့ရုပ်မြင်သံကြား

၇-၄-၂၀၀၄ (ဗုဒ္ဓဟူးနေ့) နံနက်ပိုင်း

၇:၀၀ ၁။ ကျေးဇူးရှင်မင်းကွန်းဆရာတော် ဘုရားကြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်

၇:၁၅ ၂။ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ သီရိန္ဒာဘိဝံ (ယောဆရာတော်)ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိ ပါဠိတော်

၇:၂၅ ၃။ ကျန်းမာဖို့အတူကစားစို့

၇:၃၀ ၄။ နံနက်ခင်းသတင်း

၇:၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး

၇:၅၀ ၆။ အတီးပြိုင်ပွဲ

၈:၀၅ ၇။ ကျောက်ကြီးပေါက်တံတား

၈:၁၅ ၈။ ခါသကြိန်အဆိုအကများ

၈:၃၀ ၉။ International News

၈:၄၅ ၁၀။ Happy and Educational English Summer Course MRTV

ညပိုင်း

၁၆:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး

၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ

၁၆:၃၀ ၃။ ခါသကြိန်အဆိုအကများ

၁၆:၄၅ ၄။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ

၁၇:၀၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ပထမနှစ်(သတ္တဗေဒ၊ ရက္ခဗေဒ အထူးပြုများ)(သတ္တဗေဒ)

၁၇:၁၅ ၆။ သီချင်းကြီးပဒေသာ

၁၇:၃၀ ၇။ ခါသကြိန်အဆိုအကများ

၁၇:၄၅ ၈။ ရှုဖွယ်စုံလင်အာဆီယံအစီအစဉ်

၁၇:၅၅ ၉။ Discovery

၁၈:၁၅ ၁၀။ တောင်းဆုပြည့်စုံမြတ်ဘုရားရွှေတိဂုံ (အပိုင်း-၄)

၁၈:၃၀ ၁၁။ ညနေခင်းသတင်း

၁၉:၀၀ ၁၂။ မိုးလေဝသအခြေအနေ

၁၉:၀၅ ၁၃။ ကြံ့ခိုင်ကျန်းမာပြည်မြန်မာ

၁၉:၂၀ ၁၄။ တေးဂီတအစီအစဉ်

၁၉:၃၅ ၁၅။ စုပေါင်းကာကွယ်လမ်းအန္တရာယ်ထိခိုက်မှုမှကင်းစေမယ်(အပိုင်း-၁)

၂၀:၀၀ ၁၆။ ပြည်တွင်းသတင်း

၁၇။ နိုင်ငံတကာသတင်းများ

၁၈။ မိုးလေဝသအခြေအနေ

၁၉။ နိုင်ငံခြားဇာတ်လမ်းတွဲ **"အချစ်ဆိုသည်မှာ"** (အပိုင်း-၂၁)

၂၀။ နောက်တစ်နေ့အစီအစဉ်

၂၁။ အစီအစဉ်ပြီး၏။

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေ
မြန်မာနိုင်ငံရဲတပ်ဖွဲ့အမျိုးသမီးအထူးတာဝန်တပ်ဖွဲ့စွမ်းရည်ပြသပွဲတက်ရောက်

ရန်ကုန် မေ ၆

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌအား ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့ အမျိုးသမီးအထူးတာဝန်တပ်ဖွဲ့၏ စွမ်းရည်ပြပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီက ရန်ကုန်တိုင်း သန်လျင်မြို့နယ် အမှတ်(၇)ရဲတပ်ရင်း၌ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ်၏ ဇနီး မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာ ဒေါ်ခင်ဝင်းရွှေနှင့်ဒုတိယဥက္ကဋ္ဌများ၊ အကြံပေးပုဂ္ဂိုလ်များ၊ လုပ်ငန်းအဖွဲ့ဝင်များ၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဘုန်းဆွေ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်နှင့် ပြည်ထဲရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ အထူးဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

ရှင်းလင်းတင်ပြ

အခမ်းအနားတွင် လူမှောင်ခိုနှင့် လူကုန်ကူးမှု တားဆီးကာကွယ်ရေး လုပ်ငန်းအဖွဲ့ အကြံပေးပုဂ္ဂိုလ် ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး၏ဇနီး ဒေါ်ခင်လှလှက ကြိုဆိုနှုတ်ခွန်းဆက် စကားပြောကြားပြီး အထူးတာဝန်တပ်ဖွဲ့နှင့်ပတ်သက်၍တပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး အောင်ထွန်းထွန်းလွင်က ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မြန်မာနိုင်ငံရဲတပ်ဖွဲ့ အမျိုးသမီးအထူးတာဝန်တပ်ဖွဲ့၏ စွမ်းရည်ပြပွဲအခမ်းအနားကို ကျင်းပရာ အမျိုးသမီးအထူးတာဝန်တပ်ဖွဲ့၏ အထူးကြိုဆိုမှု အစီအစဉ်၊ အဖျက်သမားများ၏ ဒုတ်ဓားသေနတ်လက်နက်များဖြင့် တိုက်ခိုက်ခံရမှုမှ ကာကွယ်ပေးခြင်း၊ ယုံကြည်မှုကွင်းတွင် အခက်အခဲအတားအဆီးများဖြတ်ကျော်ခြင်း၊ အနီးကပ်တိုက်ခိုက်မှု သရုပ်ပြခြင်း၊ မိုင်းရှာဖွေ ရှင်းလင်းခြင်း၊ လက်နက်ငယ် ကျွမ်းကျင်မှု သရုပ်ပြခြင်း၊ ပစ္စတို ပစ်ခတ်မှုသရုပ်ပြခြင်း၊ စင်မြင့်ပေါ်မှ လက်ဖြောင့်ပစ်ခတ်ခြင်း၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များနှင့်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မိသားစုဝင်များက အမြင့်ဆင်းသက်တိုက်ခိုက်မှုများ သရုပ်ပြသခြင်း၊ လူကုန်ကူးသည့် ဒုစရိုက်အဖွဲ့အား စီးနင်းတိုက်ခိုက်၍ သားကောင်များကို ကယ်တင်ခြင်းတို့ကို မြန်မာနိုင်ငံရဲတပ်ဖွဲ့ အမျိုးသမီးအထူးတာဝန်တပ်ဖွဲ့ဝင်များကစွမ်းရည်ပြသကြသည်။

သြဝါဒစကားပြောကြား

ဆက်လက်၍နိုင်ငံတော်ဝန်ကြီးချုပ်၏ဇနီး မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌဒေါက်တာဒေါ်ခင်ဝင်းရွှေက သြဝါဒစကားပြောကြားပြီး အခမ်းအနားကိုရုပ်သိမ်းလိုက်သည်။

ယင်းအခမ်းအနားတွင် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ အမျိုးသမီးအထူးတာဝန်တပ်ဖွဲ့အားမြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်မှဂုဏ်ပြုငွေကျပ်နှစ်သိန်းကို မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေက ချီးမြှင့်သည်။ ဆက်လက်၍ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ဒုတိယဥက္ကဋ္ဌများ၊အကြံပေးပုဂ္ဂိုလ်များ၊လုပ်ငန်းအဖွဲ့ဝင်များကိုယ်စား မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်လေးသက်က ဂုဏ်ပြုငွေကျပ်ကိုးသောင်းလေးထောင်ကိုလည်းကောင်း၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာ အဖွဲ့ချုပ် လူမှောင်ခိုနှင့် လူကုန်ကူးမှု တားဆီးကာကွယ်ရေးလုပ်ငန်းအဖွဲ့ အကြံပေးပုဂ္ဂိုလ်ပြည်ထဲရေးဝန်ကြီးဌာနဝန်ကြီး၏ဇနီး ဒေါ်ခင်လှလှက ဂုဏ်ပြုငွေကျပ်တစ်သိန်းကိုလည်းကောင်း၊မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် စီးပွားရေးလုပ်ငန်းအဖွဲ့ကိုယ်စားအဖွဲ့ခေါင်းဆောင် ဒေါ်ခင်မြင့်မြင့်က ဂုဏ်ပြုငွေကျပ်နှစ်သိန်းကို လည်းကောင်း၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အထူးစုံစမ်းစစ်ဆေးရေး ဦးစီးဌာန၊ အကျဉ်းဦးစီးဌာနတို့မှ ညွှန်ကြားရေးမှူးချုပ်များက ဂုဏ်ပြုငွေကျပ် ခုနစ်သောင်းစီကိုလည်းကောင်း အသီးသီးဂုဏ်ပြု ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပန်းတနော်မြို့နယ်တွင် နွေစပါးစံကွက်ရိတ်သိမ်း

ရန်ကုန် မေ ၆

ပန်းတနော်မြို့နယ် မြစ်ဝရေကြီးကွင်း ခနွဲကဘိုကျေးရွာ အုပ်စု ဖိုးလမင်း ကုမ္ပဏီလီမိတက် အုပ်ချုပ်မှု ဒါရိုက်တာ ဦးကျင်ငြိမ်း၏ ဧက ၇၀ နွေစပါး စံကွက် ရိတ်သိမ်းပွဲကို မေ ၂ရက် နံနက်၉နာရီက ကျင်းပသည်။

အခမ်းအနားသို့ မအူပင် ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး စိန်မောင်၊ အဖွဲ့ဝင်(၁)ဦးအောင်မြင့်၊ ပန်းတနော်မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးညွန့်တင်၊ ခရိုင်စိုက်တိုးမြှင့်အဖွဲ့ဝင်များ၊ မြို့နယ်စိုက်တိုးမြှင့်အဖွဲ့ဝင်များ၊ ခနွဲကဘိုကျေးရွာ အုပ်စုနှင့် အနီးပတ်ဝန်းကျင် ကျေးရွာအုပ်စုများမှ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ တက်ရောက်ကြသည်။**(ဝဲပုံ)**

အဆိုပါ ဦးကျင်ငြိမ်း၏ နွေစပါး ဧက ၇၀ကို စံကွက်ရိတ်သိမ်းရာတွင် တစ်ဧကမနောသုခစပါးတင်း၁၀၅တင်း ထွက်ရှိကြောင်း သိရသည်။ **(က-ပ)**

(၆)ကြိမ်မြောက် မုန့်ဟင်းခါးပွဲတော်

ရန်ကုန် မေ ၆

မြန်မာစားဖိုမှူးကြီးများအသင်းက ကြီးမှူး၍ (၆)ကြိမ်မြောက် မုန့်ဟင်းခါးပွဲတော်ကြီးကို မေ ၈ရက် (စနေနေ့)နှင့်မေ၉ရက်(တနင်္ဂနွေနေ့)တွင်ကျင်းပမည်ဖြစ်သည်။ ပြိုင်ပွဲဝင်ရန် စိတ်ဝင်စားသူများ၊ မုန့်ဟင်းခါးဆိုင်များ၊ အဖွဲ့အစည်း၊ အသင်းအဖွဲ့၊ မည်သူမဆို ပြိုင်ပွဲဝင်ရန်အတွက် ဦးအိုလီဗာမိုးသက်၊ မြန်မာစားဖိုမှူးကြီးများအသင်း အမှတ် ၃၀ (ငါးလွှာ) အခန်းအမှတ် ၅(ဘီ)၊ စမ်းချောင်းမြို့နယ် ဖုန်း-၅၀၁၁၂၃ e-mail angel @ myanmar, com. mm နှင့် ဦးသန်းလွင် ဖုန်း-၇၂၃၆၆၈ တို့သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

စုပေါင်းကာကွယ် မီးဘေးအန္တရာယ်

7-4 (12).p65 12 3/26/05, 4:59 PM

"ဒီခေတ် လူငယ်များ ခေတ်မီပါ၊ ကိုယ့်ရိုးရာကို ထိန်းသိမ်းပါ၊ ကိုယ့်နိုင်ငံ ကိုယ့်ယဉ်ကျေးမှု မတိမ်ကော မပပျောက်အောင် စောင့်ရှောက်ပါ"

(အသင်းအုပ်ချုပ်သူ-ဒေါ်နွဲ့နွဲ့စန်း ရုပ်ရှင်သရုပ်ဆောင်)

ဓာတ်ပုံမှတ်တမ်း-
တင်စိုး(မြန်မာ့အလင်း)

▼ ***ကျောဖုံးမှ***

လောကဓာတ်တစ်ခွင်ရှိ သစ်ပင်ပန်းမန်များကလည်း ရွက်ဟောင်းကိုခြွေ ရွက်သစ်ဝေလျက် နှစ်သစ်ကိုကြိုရန် အားအင်အပြည့်ဖြင့် အသင့်ရှိနေကြသည်။

ရာသီပန်းများဖြစ်သည့် ပိတောက်နှင့်ငုဝါတို့ကလည်း သင်္ကြန်အမီ ဖူးပွင့်ရန် ပင်ယံထက်များတွင် စီစီရီရီ ဖူးငုံလျက်ရှိသည်။

ယခုနှစ်သည် ယခင်နှစ်များနဲ့မတူဘဲ ရိုးရာဓလေ့ကို ပိုမိုထိန်းသိမ်းသည့် သင်္ကြန်ပွဲတော်ကြီးဖြစ်စေရန် သက်ဆိုင်ရာ အာဏာပိုင်များ၊ အဖွဲ့အစည်းများ၊ ကုမ္ပဏီလုပ်ငန်းရှင်များ၊ ဌာနဆိုင်ရာများက ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

အထူးသဖြင့် ပြည်ပမှ ကူးစက်လာသည့် သရုပ်ပျက်မှုများ၊ မြန်မာ့ရိုးရာဖြင့် ဖီလာကန့်လန့်ဖြစ်စေသည့် ဝတ်စားဆင်ယင်မှုများ၊ ပြုမူပြောဆိုမှုများမရှိအောင် ကြိုးကြပ်ဆောင်ရွက်သွားမည်ဟုလည်းသိရသည်။

မြန်မာ့အလင်းသတင်းဆောင်းပါးအဖွဲ့သည် ၁၃၆၇ခုနှစ် ရန်ကုန်မြို့တော်ဝန် မဟာသင်္ကြန်မဏ္ဍပ်တွင် ဖျော်ဖြေတင်ဆက်ကြမည့် အိုးစည်၊ ဒိုးပတ်နှင့် ယိမ်းပြိုင်ပွဲများ အကဲဖြတ်ကပြတင်ဆက်နေသည့် မင်္ဂလာတောင်ညွန့်မြို့နယ် စည်ပင်ဝန်ထမ်းသင်တန်းကျောင်းသို့ ရောက်ရှိခဲ့ကြသည်။

ဖျော်ဖြေ

သင်တန်းကျောင်းဝင်းအတွင်း ယိမ်းအဖွဲ့များ တစ်ဖွဲ့ပြီးတစ်ဖွဲ့ မြူးကြွသောအကများ၊ သံစဉ်များဖြင့် ဖျော်ဖြေတင်ဆက်မှုများကို တွေ့ရသည်။ လာရောက်ကြည့်ရှုကြသည့် သင်္ကြန်ချစ်သူပရိသတ်များ၏ လက်ခုပ်သြဘာသံများကလည်း တဖြောင်းဖြောင်း၊ တသောသော ရယ်မောသံများကလည်း ခန်းမတစ်ခုလုံး ဆူညံလျက်ရှိသည်။

သင်တန်းကျောင်းတွင် ယနေ့ဖျော်ဖြေမည့်အဖွဲ့မှာ အမေများအဖွဲ့ အလှည့်ဖြစ်ကြောင်း ကြေညာလိုက်ပြီး မကြာမီမှာပင် အမေများက ငှက်ခါးရောင် ဝတ်စုံများကို ဝတ်ဆင်လျက် စင်ပေါ်သို့ တက်လာကြသည်။

ထို့နောက်သီချင်းသံကြားလိုက်သည်နှင့် x x x ငွေဖလားနဲ့ရေကစား x x x ခြေမများတဲ့ အမေများအဖွဲ့လာပြီ x x x ဆိုသည့် သီချင်းကို အစချီကာ သီဆိုကပြကြသည်။

သီချင်းတစ်ပုဒ်လုံး စ၊လယ်၊ဆုံး ယဉ်ကျေးမှုကိုလည်းထိန်းသိမ်း၊ ခေတ်နှင့်အညီသံစဉ်စာသားများ၊ဟာသများ ထည့်သွင်းထားသည်မှာလာရောက်ကြည့်ရှုသူအပေါင်း၏ စိတ်နှလုံးကို ရွှင်ပြုံးစေပြီး တသောသောညံအောင် အားပေးမှုများက ဘဝင်သို့တိုင် ဆူညံလျက်ရှိသည်။

အမေများအဖွဲ့သည် ရိုးရာယဉ်ကျေးမှုကို ထိန်းသိမ်းသူများပီပီ ရတနာပုံခေတ် ဆံကေသာထုံးဖွဲ့မှုများကို တွေ့ရသည်။

ထိန်းသိမ်းတီထွင်

ဖျော်ဖြေတင်ဆက်မှုများအပြီးတွင် မြန်မာ့အလင်း သတင်းဆောင်းပါးရေးသားရေးအဖွဲ့က မေးမြန်းရာ အမေများအဖွဲ့မှဒေါ်နွဲ့နွဲ့စန်းက "နိုင်ငံတော်၏ လမ်းညွှန်ချက်နှင့်အညီ အမေများအဖွဲ့ ဖွဲ့စည်းကာ ရန်ကုန်မြို့တော်ဝန်မဟာသင်္ကြန်မဏ္ဍပ်မှာ ပြိုင်ပွဲဝင်မည်ဖြစ်ပါတယ်။ ယခုလိုပြိုင်ပွဲဝင်ခဲ့သည်မှာ ကိုးနှစ်ဆက်တိုက် ဆုများချီးမြှင့်ခြင်းခံခဲ့ရပါတယ်၊ ဒီနှစ် မြန်မာ့ရိုးရာမဟာသင်္ကြန်တွင် အမေများအတွက် ခြေမများတဲ့ အမေများ ဆိုသည့်သီချင်းကို မောင်ကြေးမုံက ရေးစပ်ပေးခဲ့ပါတယ်။ ပြိုင်ပွဲတွင် ဆုရမှုများအပေါ် သက်ကြီးရွယ်အိုများအား လှူဒါန်းမှုများပြုလုပ်ပါတယ်။ ဒီခေတ်လူငယ်များအား အမေများကိုယ်စားပြောကြားလိုတာကတော့ ခေတ်မီပါ၊ ကိုယ့်ရိုးရာကို ထိန်းသိမ်းပါ၊ ကိုယ့်နိုင်ငံ ကိုယ့်ယဉ်ကျေးမှုကို မတိမ်ကော မပပျောက်အောင် ထိန်းသိမ်းစောင့်ရှောက်ပါ"ဟု ပြောကြားသွားသည်။

အမေများအဖွဲ့ တင်ဆက်မှုအပြီးနောက်ထပ်တင်ဆက်သည့်အဖွဲ့မှာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာနရေ/သန့်အဖွဲ့ဖြစ်သည်။ ထိုအဖွဲ့မှယိမ်းအဖွဲ့ဝင် မဝင်းသီတာကိုလည်း မေးမြန်းခဲ့ရာ "သမီးတို့ ယိမ်းအဖွဲ့အမည်မှာ ရေနန်းသူဇာယိမ်းအဖွဲ့ဖြစ်ပါတယ်။ မြန်မာ့ရိုးရာသင်္ကြန်ပွဲ တော်ကြီးမှာ ရိုးရာဝတ်စားဆင်ယင်ထုံးဖွဲ့မှုများနှင့် အညီဖျော်ဖြေတင်ဆက်သွားမှာဖြစ်ပါတယ်။ မြူးကြွသောတေးသံ၊မြူးကြွသောအကများဖြင့် ရိုးရာသင်္ကြန်ကို ဆင်နွှဲမှာဖြစ်ပါတယ်။သမီးတို့အနေဖြင့် အမေများ လက်ဆင့်ကမ်းပေးတဲ့ ရိုးရာသင်္ကြန်အမွေများကို ဆက်လက်ခံယူသွားမှာဖြစ်ပါတယ်"ဟု မြန်မာ့အလင်းသို့ ပြောကြားသွားသည်။

သို့ဖြစ်၍ ယနေ့တင်ဆက်သွားသည့် ခြေမများတဲ့ အမေများ၏ ဖျော်ဖြေတင်ဆက်မှုသည် နောင်လာ နောက်သားများ၊ လူငယ်လူရွယ်များအနေဖြင့် အတုယူဖွယ်ရာများ၊ ရိုးရာဓလေ့ထုံးတမ်းများကို ရယူလျက် အရိုးပေါ်အရွက် မဖုံးရအောင် ရိုးရာဓလေ့ကို ထိန်းသိမ်းကြပါစို့ဟု တိုက်တွန်းရေးသားလိုက်ရပါသည်။ ။ **(မြန်မာ့အလင်း)**

၁၃၆၇ ခုနှစ် ရိုးရာမဟာသင်္ကြန်ပွဲတော်ကြီးတွင် ပါဝင်ယှဉ်ပြိုင်မည့်ခြေမများတဲ့အမေများယိမ်းအဖွဲ့က ဤသို့ မြူးမြူးကြွကြွပါဝင်ဆင်နွှဲမည်။ **ဓာတ်ပုံမှတ်တမ်း-တင်စိုး(မြန်မာ့အလင်း)**

"သမီးတို့အနေနဲ့ အမေများ လက်ဆင့်ကမ်းပေးတဲ့ ရိုးရာသင်္ကြန်အမွေကို ဆက်လက်ခံယူသွားပါမယ်"

(မဝင်းသီတာ- ရေ/သန့်ယိမ်းအဖွဲ့ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ)

ဓာတ်ပုံမှတ်တမ်း-
တင်စိုး(မြန်မာ့အလင်း)

ရေခဲထုပ်၊ ရေပူဖောင်း၊ ဆပ်ပြာရည်ဂက်စ်ဘူးဖြင့်ကစားက

၁။ လက်ဝယ်တွေ့သူ - ထောင် (၁)နှစ်
၂။ ကစားသူ - ထောင် (၃)နှစ်
၃။ ထုတ်လုပ်ရောင်းချသူ - ထောင်(၅)နှစ်နှင့် ပစ္စည်းကိုသိမ်း

ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ



ပန်းညှေ့သည်

* သီဂီရွှေရည်၊ စက်သွန်းသည်ကို
နေခြည်ရောင်ဟပ်၊ တဖျပ်ဖျပ်သို့
ပန်းမြတ်နံ့သာ၊ ပိတောက်ဝါသည်
မဟာက္ကန္ဒြေ၊ ဆောင်ယူလေလျက်
နွေ၏အဖော်၊ "တာ"ပွဲတော်ကို
မျှော်ယောင်လေနှင့်၊ စွမ်းကုန်ပွင့်။

* လေပြည်ဝေ့ဝဲ၊ တိုးဝေ့ဆဲတွင်
ရင်ထဲအေးမြ၊ ချိုမွှေးစွတည့်
သင်းပရန့်၊ လေပြည်ဖြန့်၍
ရှင်းသန့်လန်းဆန်း၊ ပိတောက်ပန်းသည်
ပက်ဖျန်းနံ့သာ၊ သွန်းလောင်းပါသို့
ကြိုင်စွာ လှိုင်စွာ၊ မွှေးရနံ့ဖြာ။

* အတာမိုးပြေး၊ ရွာဟန်ရေးကြောင့်
ကြည်အေးစိမ်းမြ၊ ရွက်သစ်လှသည်
ကြွရွပျိုမျစ်၊ မြရောင်ဝင့်တွင်
ပွင့်သစ်ဝါလှ၊ ရောစွက်သကြောင့်
မြတဘက်ဝယ်၊ ရွှေဆေးခြယ်သို့
စိမ်းဝယ်ဝါခ၊ ရွှေနှင့်မြ။

* တစ်နှစ်တစ်ခါ၊ ပွဲအတာကို
ကြိုလာသည့်နှယ်၊ ဝါရောင်ခြယ်၍
တင့်တယ်က္ကန္ဒြေ၊ ကြီးစွာလေနှင့်
စိုပြည်အဆင်း၊ ရနံ့သင်းကို
ဖန်ဆင်းဆောင်ယူ၊ ရွှေနှင့်တူသော
ဇမ္ဗူရွှေရစ်၊ နတ်ထုဆစ်သို့
ပွင့်သစ်ရွှန်းတောက်၊ လက်ရာမြောက်သည့်
ပိတောက်ရွှေစင်၊ ပန်းတော်ဝင်ကို
ကြည်ရွှင်အေးစေ၊ အတာရေနှင့်
"ကြိုနေဦးမည်၊ ပန်းညှေ့သည်"
"စိုပြည် နူးကြည်၊ လန်းခဲ့ပြီ။" ။ ။

(၁၃၆၇-ခုနှစ်၊ မြန်မာ့ရိုးရာ
အတာသင်္ကြန်ကို ဂုဏ်ပြုကြိုဆိုလျက်)

ရန်နိုင်ဦး

သတိ

၁။ လေပေါင် ၁၀၀ မှ ၁၅၀ အထိ အတင်အချ ပြုလုပ်၍ရသည့် ကွန်ပရက်ဆာပန့်များဖြင့် ရေပက်ကစားခြင်းကြောင့် ရေစူးအားပြင်းလွန်း၍ ရေပက်ခံရသူတွင် အသားရေများ ပွန်းပဲ့စုတ်ထွက်နိုင်ခြင်း၊ မျက်စိ၊ နားများအား ထိုးမိပါက မျက်လုံး၊ နားကန်းနိုင်ခြင်း အန္တရာယ် ဖြစ်စေနိုင်ပါသဖြင့် ရေကစားမဏ္ဍပ်များ၊ ရေပက်ခံကားများတွင် ကွန်ပရက်ဆာပန့်များ အသုံးပြု၍ ရေပက်ခြင်းမပြုရန် တားမြစ်ပါသည်။

၂။ သင်္ကြန်ရေပက်ကစားခြင်းအား သင်္ကြန်ရက်များအတွင်း နေ့စဉ်နံနက် ၀၇း၀၀နာရီမှ ၁၈း၀၀ နာရီအတွင်းသာ ရေပက်ကစားကြရန်နှင့် ၁၈း၀၀ နာရီနောက်ပိုင်း ရေပက်ကစားခြင်းမပြုရန် တားမြစ်ပါသည်။

၃။ တားမြစ်ချက်အား ဖောက်ဖျက်ပါက ထိရောက်စွာ အရေးယူခံရမည် ဖြစ်ပါသည်။

ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွား ကျောက်ဖြူခရိုင် မာန်အောင်မြို့နယ် မီးသတ်တပ်ဖွဲ့နှင့် ရမ်းဗြဲမြို့နယ် မီးသတ်တပ်ဖွဲ့သို့ထုတ်ပေးမည့် တီအီးမီးသတ်ယာဉ်နှစ်စီးနှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း) ကောင်းခါးမြို့ မီးသတ်တပ်ဖွဲ့သို့ ထုတ်ပေးမည့် တီအီးမီးသတ်ယာဉ် တစ်စီးတို့ကို ကြည့်ရှုစစ်ဆေးစဉ်။

(မီးသတ်ဦးစီး)

မီးသတ်ယာဉ်များစနစ်တကျပို့ဆောင် ဝန်ကြီးဗိုလ်ချုပ်စိန်ထွားကြည့်ရှုစစ်ဆေး

ရန်ကုန် ဧပြီ ၆

လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွားသည် ယနေ့ နံနက်ပိုင်းတွင် မီးသတ်ဦးစီးဌာန ရုံးချုပ်၌ မီးသတ်ဦးစီးဌာနမှ အင်ဂျင်နီယာအရာရှိများ ပြုပြင်တည် ဆောက်ထားသည့် ကျောက်ဖြူခရိုင် မာန်အောင်မြို့နယ် မီးသတ်တပ်ဖွဲ့နှင့်ရမ်းဗြဲမြို့နယ်မီသတ်တပ်ဖွဲ့များသို့ ထုတ်ပေးမည့် တီအီးမီးသတ်ယာဉ် နှစ်စီးအားလည်းကောင်း၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) ကောင်းခါးမြို့ မီးသတ်တပ်ဖွဲ့သို့ ထုတ်ပေးမည့် တီအီးမီး သတ်ယာဉ် တစ်စီးအား လည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ထိုသို့ ကြည့်ရှုစစ်ဆေးရာတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်၊ အထူးအရာရှိ ဗိုလ်မှူးချုပ်သူရ စိန်သောင်း တို့တက်ရောက်ပြီး မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြရာ ဝန်ကြီးက ကျောက်ဖြူခရိုင် မာန်အောင်မြို့နယ်နှင့် ရမ်းဗြဲမြို့နယ်များမှ ကိုယ်စားလှယ်များနှင့် တွေ့ဆုံအပ်နှံ၍ သက်ဆိုင်ရာမြို့များသို့ စနစ်တကျ အမြန်ပို့ဆောင်ရေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဇမ္ဗူ့ထိပ်မဟာအတုလ ဝိပဿနာတရားစခန်း

ရန်ကုန် ဧပြီ ၆

မှော်ဘီမြို့နယ် မြို့မ(၂)ရပ်ကွက် ထန်းတပင်လမ်း ဇမ္ဗူ့ထိပ်မဟာအတုလ ကျောင်းတိုက်တွင် ပထမအကြိမ်မြောက် ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခန္ဓာဉာဏ်ရောက် ပဋိစ္စသမုပ္ပါဒ် သစ္စာလေးပါး တရားတော်များကို ဧပြီ၁ရက်မှ ၁၇ရက်ထိ ဝိပဿနာတရားစခန်း ကျင်းပမည်ဖြစ်ရာ တရားစခန်းဝင်ယောဂီအပေါင်းတို့ ချမ်းချမ်းသာသာဖြင့် တရားအားထုတ်နိုင်ကြရန် အလှူရှင်များကုသိုလ်ယူပါဝင် လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

ကျေးဇူးဆပ်ပါမည်

ကျွန်မ မနွေဦးခင်[၁၂/ဗဟန(နိုင်) ၀၂၄၁၇၈] ကိုင်ဆောင်သော နိုင်ငံကူးလက်မှတ် (Passport No. 480111) ပျောက်ဆုံးသွားပါ၍တွေ့ရှိကအကြောင်းကြားပါ၊ ကျေးဇူးဆပ်ပါမည်။

ဖုန်း- ၆၆၇၁၈၇၊ ၅၄၀၆၀၀။

ငွေရတုမင်္ဂလာဆုတောင်း

ဖေဖေ ဦးစစ်မြိုင်နှင့် မေမေ ဒေါ်ကြည်ကြည်မြတို့၏ ၆-၄-၂၀၀၄ ရက်တွင် ကျရောက်သော (၂၅)နှစ်မြောက် ငွေရတုမင်္ဂလာရက်မြတ်မှသည် စိန်ရတုမင်္ဂလာတိုင် ကိုယ်ကျန်းမာ၊ စိတ်ချမ်းသာစွာဖြင့် လောကီလောကုတ္တရာ အကျိုးသယ်ပိုးဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက်။

သား-ကျော်ကျော်စစ်
သမီး-နှင်းပွင့်မြိုင်။

COMPUTER RENTAL
P- II,P-III PC
NAWARAT Computer Sales, Maintenance & Rental
No.(135), Bogalayzay St.(UPPER) Botahtaung Tsp.
Tel: 29 57 58, E-mail: nwrt_ict@myanmar.com.mm

Y.E.S.
Basic Spoken English APR: -19,24,26
Pre-Intermediate English APR: - 3
Grammar Foundation Course APR: - 24, 26
TOEFL & Intermediate English APR: - 26
IELTS, SAT(I), AE / SAT(II), VEC, AWC
No.119, Y.M.C.A Building, Bogalayzay Street, Botataung TSP.
- 245821

ရခိုင်ရိုးရာသင်္ကြန်ပွဲတော်

ရခိုင်စာပေနှင့် ယဉ်ကျေးမှုအဖွဲ့ (ရန်ကုန်)မှစီစဉ်သည်။ ရခိုင်ရိုးရာသင်္ကြန်ပွဲတော်ကို ရိုးရာယဉ်ကျေးမှု ထုံးတမ်းစဉ်လာများနှင့်အညီ စည်ကားသိုက်မြိုက်စွာ စည်းကမ်းတကျကျင်းပမည်။

နေရာ။ **သိမ်ဖြူကားအမောင်းသင်ကွင်းအတွင်း ကန်ရိပ်သာလမ်းနှင့် ဗညားဒလလမ်းထောင့်၊ မင်္ဂလာတောင်ညွန့်မြို့နယ်။**

နေ့/အချိန်။ ၁၂-၄-၂၀၀၄ရက် ညနေ၃နာရီ နံ့သာသွေးပွဲ။
၁၃-၄-၂၀၀၄ရက် နံနက်၈နာရီ ဘုရားရေသပ္ပာယ်ပွဲ၊ ရခိုင်ရိုးရာ သင်္ကြန်မဏ္ဍပ်ဖွင့်ပွဲနှင့် ရေလောင်းပွဲ။
၁၄၊၁၅၊၁၆-၄-၂၀၀၄ ရက် နံနက်၈နာရီမှ ၁၁ နာရီနှင့် မွန်းလွဲ ၁ နာရီမှ ညနေ၄ နာရီ ရခိုင်ရိုးရာသင်္ကြန်ရေလောင်းပွဲ။

ရေလောင်းမဏ္ဍပ်ဝင်လိုသူ အမျိုးသမီးများနှင့် စိတ်ပါဝင်စားသူများ အောက်ပါပုဂ္ဂိုလ်များထံ ဆက်သွယ်ကြပါရန်။

ဒေါ်နုမြဖုန်း-၃၇၁၅၃၉၊ ဒေါ်စောခင်တင့် ဖုန်း-၇၀၉၇၈၅၊ ဒေါ်မြဝင်း ဖုန်း-၅၇၃၁၄၃၊ ဒေါ်မြမေ ဖုန်း-၂၄၉၉၁၄၊ ဦးသာအေး ဖုန်း-၀၉၈၀-၂၃၃၈၆၊ ဦးဇော်အေးမောင် ဖုန်း-၂၉၈၁၅၄၊ ဦးလှမြင့် ဖုန်း-၆၈၁၈၂၆၊ ဒေါ်ခင်စောဝေ ဖုန်း-၂၈၉၇၄၅။

- (စစ်တွေကောလိပ် ကျောင်းသား/သူဟောင်းများသို့)
- မတွေ့ရတာကြာပြီဖြစ်တဲ့ ငါတို့သူငယ်ချင်းတွေ
- ဒီနှစ်ရန်ကုန်မှာ ကျင်းပမည့် ရခိုင်ရိုးရာသင်္ကြန်ပွဲတော်မှာ
- ပျော်ပျော်ပါးပါး တွေ့ဆုံရေလောင်းကြရအောင်-

စစ်တွေကောလိပ် ကျောင်းသား/သူဟောင်းများ။

အများသိစေရန်

မော်လမြိုင်မြို့ သီရိမြိုင်ရပ်ကွက် ၈လမ်း အမှတ် ၅၂နေ မမာမာဦး(ဘ) ဦးကျော်ညွန့် ၁၀/မလမ(နိုင်) ၀၀၃၄၀၈ ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်ပါသည်။

မမာမာဦးနှင့် ကိုကျင်ဝင်း(ခ) ဖိုးကျင် (ဘ)ဦးမောင်အေးတို့သည် ၁၉၉၄ ခုနှစ် ဇူလိုင်လ၁၉ရက်က တရားဝင်ပေါင်းသင်းခဲ့ရာ သားနှစ်ဦး ထွန်းကားခဲ့ပါသည်။ ကိုကျင်ဝင်းသည် ဇနီးဖြစ်သူမမာမာဦးနှင့်သားနှစ်ဦးတို့အား ငွေကြေးထောက်ပံ့ခြင်း၊ စာအဆက်အသွယ် ပြုလုပ်ခြင်း၊ လူချင်းဆက်သွယ်မှုအလျှင်း လုံးဝမပြုလုပ်ဘဲစွန့်ပစ်ခဲ့ပြီး လင့်ဝတ္တရား၊ဖခင်ဝတ္တရားပျက်ကွက်ခဲ့သည်မှာ သုံးနှစ်ကျော်ပြီဖြစ်ပါသဖြင့် ဤကြေညာချက်ပါရှိသည့်နေ့မှစ၍ တရားဝင် အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပြီးဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်စန်းမာညွန့်၊ ဒေါ်ညွန့်ညွန့်ဝေ
တရားရုံးချုပ်ရှေ့နေ၊ အထက်တန်း ရှေ့နေ
အမှတ်၃၀/၃၃၊ စတုတ္ထထပ်၊ ၃၅လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

[illegible]

PACIFIC DIGITAL PHOTO SERVICE
မဟာသင်္ကြန်အတွက် အထူးအစီအစဉ်
PC 50/- (4" x 6")70/-
Digital PC 65/- (4" x 6") 85/-
Digital Camera (4" x 6") (100/-)
3rd April 2004 - 30th April 2004

Thingyan. Water Festival @ Myanmar New Year
Come and enjoy our Water Festival
Thingyan Holiday Packages available right now!
(Inbound Program Only)

- **Chiang Mai/ Bangkok/Singapore-Yangon-Mandalay-Yangon-Singapore/ Bangkok/ Chiang Mai**
  - 6 Days/ 5 Nights { 13th to 18th April'04}
  - 5 Days/ 4 Nights { 11th to 15th April'04}
  - 3 Days/ 2 Nights { 13th to 15th April'04}
- **Chiang Mai-Mandalay-Yangon- Chiang Mai**
  - **4 Days/ 3 Nights { 15th to 18th April'04}**
- **For further information, please kindly contact:**

Myanmar Travels & Tours (M.T.T)
Tel: 95-1-252859,378376,371910,374281
Fax:95-1-254417
Email: mtt.mht@mptmail.net.mm
Website: www.myanmars.net/mtt

Union of Myanmar Travel Association
Tel: 95-1-559672,559673
Fax:95-1-545707
Email: umta@mptmail.net.mm
Website: www.umtanet.com

Myanmar Hoteliers' Association
Tel:95-1-245323,241905.254812
Fax:95-1-252806
Email: aone@mptmail.net.mm
Website: www.myanmarhoteliers'.com

ယဉ်ကျေးစွာဆင်နွှဲပါ သင်္ကြန်ပွဲတော်မဟာ

ရန်ကုန် ဧပြီ ၆

"တန်ခူးမိဿ၊ စိတြလနှင့် ယှဉ်ပြိုင်ထွန်း၊ ရင်ခတ်ကံ့ကော် ထုံသင်းပျော်၊ ပွဲတော်အတာညွန်း" ဟု ရှေးစာဆိုတို့ စာဖွဲ့ညွှန်းဆိုခဲ့သည့်အတိုင်း တန်ခူးလ ရောက်ရှိခဲ့ပြီ။ ရာသီမှာ မိဿရာသီဖြစ်ပြီး နက္ခတ်မှာ စိတြနက္ခတ်ဖြစ်သည်။ ရာသီပန်းမှာ ကံ့ကော်ပန်းဖြစ်ပြီး ဖူးပွင့်ကြသည်။ အတာကူးသည့်နှစ်ဦးကို ကြိုဆိုပြီး တန်ခူးလ၏သင်္ကြန်ပွဲတော် အထိမ်းအမှတ်အဖြစ် ပိတောက်ပန်းတို့သည်လည်း ဖူးပွင့်ကြတော့မည်။

သင်္ကြန်ဆိုသည်မှာ ကောင်းကျိုးမင်္ဂလာသင်္ကြန်အင်္ဂါ လက္ခဏာတို့ကို တိုးပွားလာရန် သုတ်သင်ဆေးကြောခြင်းဟု အဓိပ္ပာယ်ရသည်။ တစ်နည်းအားဖြင့် သက္ကဋဘာသာ၊ ပါဠိဘာသာစကားဖြစ်သော **"သင်္ကန္တ = ကူးပြောင်းခြင်း"** ဟု အဓိပ္ပာယ်ရသည်။

မည်သို့ပင်ဖြစ်စေ ဆောင်းရာသီမှ နွေရာသီသို့ ကူးပြောင်းစအချိန်၊ နှစ်ဟောင်းကုန်ဆုံး၍ နှစ်သစ်သို့ ကူးပြောင်းစ ပထမဆုံးရောက်ရှိသည့်လတွင် နှစ်ဟောင်းမှ မကောင်းသော အကုသိုလ်အညစ်အကြေးများ နှစ်သစ်သို့ ဒွန်တွဲပြီး မပါရှိစေရန် သန့်ရှင်းကြည်လင် အေးမြသောရေဖြင့် ဆေးကြောသန့်စင်ခြင်းကို ရှေးမြန်မာဘုရင်များ လက်ထက်ကတည်းက ကျင်းပခဲ့ခြင်းဖြစ်သည်။ သင်္ကြန်သည် မြန်မာ့ရိုးရာယဉ်ကျေးမှု ပွဲတော်အဖြစ် နှစ်ပေါင်းများစွာ တိုင်ခဲ့ပေပြီ။

ရှေးအခါက မြန်မာဘုရင်များ၏ ခေါင်းဆေးမင်္ဂလာကိုလည်း **"သင်္ကြန်ခေါ်တယ်"** ဟု ဆိုစကားရှိကြသည်။

သတင်းဆောင်းပါး-မောင်မောင်မြင့်ဆွေ၊ ဓာတ်ပုံမှတ်တမ်း-တင်စိုး (မြန်မာ့အလင်း)

နန်းတွင်းဓလေ့ထုံးစံအရ ရှင်ဘုရင်များ သင်္ကြန်တော်ခေါ်ခြင်းမှာ သုံးမျိုးသုံးစားရှိသည်ဟု ဆိုသည်။ ရှင်ဘုရင်များ တစ်ပတ်တစ်ခါ၊ တစ်လတစ်ခါ ရိုးရိုးခေါင်းဆေးမင်္ဂလာကို ပကတိသင်္ကြန်ဟုခေါ်ပြီး မကောင်းသော အတိတ်နိမိတ်များ ပပျောက်ပြီး ဘုန်းတန်ခိုးနှင့် ကျက်သရေမင်္ဂလာ တိုးလာစေရန် ခေါင်းဆေးခြင်းကို **"သင်္ကြန်တော်လတ်"** ဟုခေါ်ကာ ထီးနန်းသိမ်းပိုက် ဘိသိက်ခံယူပြီး ဦးခေါင်းဆေးမင်္ဂလာပြုခြင်းကို **"မဟာသင်္ကြန်တော်ကြီး"** ဟု ခေါ်ဆိုကြောင်း သိရသည်။

ရှေးခေတ် နှစ်ပေါင်းများစွာက ကပိလဝတ်ပြည် သာကီဝင်မင်းများ လက်ထက်ကတည်းက သည်အချိန်သည်ကာလရောက်လျှင် နန်းတော်ပတ်ဝန်းကျင်တွင် သာယာလှပသော ရေကန်များတူးပြီး ရေပက်ဖျန်း ကစားခဲ့ကြကြောင်းလည်း သိရသည်။

ပုဂံရာဇဝင်တွင် ပုဂံပြည့်ရှင် နရသီဟပတေ့မင်း လက်ထက်က ပုဂံနန်းတော်မှနေပြီး မြစ်ဆိပ်အထိ တဲနန်းများ ဆောက်လုပ်ကာ ရေကစားခဲ့ကြကြောင်း သမိုင်းမှတ်တမ်းများတွင် အထင်အရှားတွေ့ရသည်။ ထိုကဲ့သို့ ရှေးမြန်မာဘုရင်များ လက်ထက်ခေတ်အဆက်ဆက်မှ မပျက်မကွက် ထိန်းသိမ်းစောင့်ရှောက်လာခဲ့သည့် မြန်မာ့ရိုးရာ ယဉ်ကျေးမှုပွဲတော်လည်း ဖြစ်သည်။

ထို့ပြင် သင်္ကြန်အချိန်အခါသည် နွေဦးကာလ ဖြစ်သည်။ နွေသည် ပူပြင်းခြောက်သွေ့သော ကာလဖြစ်ပြီး သစ်ပင်သစ်တောများ အရွက်ကြွေကာ အရိပ်မဲ့ချိန်ဖြစ်သည်။ အပူရှိန်ပြင်းထန်သဖြင့် သက်ရှိသက်မဲ့တိုင်း ရေကိုတမ်းတနေသော အချိန်လည်းဖြစ်သည်။ ထိုသို့ ရေကိုတမ်းတနေချိန်တွင် နှစ်ဟောင်းမှ နှစ်သစ်သို့ ကူးပြောင်းသည့် အဓိပ္ပာယ်ဆောင်သော မြန်မာ့ရိုးရာ သင်္ကြန်ပွဲတော် ကျင်းပကာ နှစ်ဟောင်းတွင် မတော်တဆပြုခဲ့မိကြသည့် အမှားအယွင်းများ၊ မကောင်းမှုများကို ကြည်လင်အေးမြသည့်ရေနှင့်တစ်ဦးကိုတစ်ဦး ကြည်နူးသိမ်မွေ့စွာ ပက်ဖျန်းကြပြီး တစ်ဦး၏အပြစ်ကို တစ်ဦးက ခွင့်လွှတ်ကြသည့် အလွန်ချစ်စဖွယ်ကောင်းသော ယဉ်ကျေးမှုပွဲတော်ကို ကျင်းပခြင်းဖြစ်သည်။

၁၃၆၅ ခုနှစ် နှစ်ဆန်းတစ်ရက်နေ့က အဘွားများအား တရော်ကင်ပွန်းတို့ဖြင့် ခေါင်းလျှော်ပေးစဉ်။
ဓာတ်ပုံမှတ်တမ်း-တင်စိုး(မြန်မာ့အလင်း)

၁၃၆၅ ခုနှစ် နှစ်ဆန်းတစ်ရက်နေ့က ကျောင်းကန်များအတွင်း ငါးများလွှတ်ခဲ့ကြသည်။
ဓာတ်ပုံမှတ်တမ်း-တင်စိုး(မြန်မာ့အလင်း)

၁၃၆၅ ခုနှစ် နှစ်ဆန်းတစ်ရက်နေ့က အဘွားများအား ခြေသည်းလက်သည်းများ ညှပ်ပေးစဉ်။
ဓာတ်ပုံမှတ်တမ်း-တင်စိုး(မြန်မာ့အလင်း)

သင်္ကြန်ကာလများတွင် မိမိထက်အသက်ကြီးမားသည့် ဂါရဝပြုပူဇော်ထိုက်သည့် သက်ကြီးရွယ်အို အဘိုးအဘွားများ၊ အနန္တဂိုဏ်းဝင် မိဘ ဆရာသမားများကို ပူဇော်ကန်တော့ခြင်း၊ တရော်ကင်ပွန်းတို့ဖြင့် ခေါင်းလျှော်ပေးခြင်း၊ ခြေသည်း လက်သည်းများ လှီးဖြတ်ပေးခြင်း၊ အမွှေးနံ့သာရည်တို့ဖြင့် ရေချိုးသန့်စင် ဒါနပြုခြင်း၊ တိရစ္ဆာန်များအား ကြင်နာသနားစွာဖြင့် ဘေးမဲ့လွှတ်ခြင်း၊ ဘုရားပုထိုး၊ စေတီ၊ တန်ဆောင်း၊ ကျောင်းကန်များသို့ သွားရောက်၍ ဥပုသ်သီတင်း သီလတည်ဆောက်ခြင်း၊ အလှူဒါနပြုခြင်း၊ သန့်ရှင်းရေးပြုလုပ်ခြင်းတို့ပြုလုပ်ပြီး ကောင်းမြတ်သော ကုသိုလ်ကောင်းမှုများ ဆောင်ရွက်ကြသည်။

မြန်မာနှစ်ဆန်း တစ်ရက်နေ့တွင် သံဃာတော်အရှင်သူမြတ်များက ရပ်ကွက်များ၊ လမ်းများအလိုက် အန္တရာယ်ကင်းပရိတ်တရားတော်များ ရွတ်ဖတ်သရဇ္ဈာယ်ပြီး ရေစက်သွန်းချအမျှပေးဝေခြင်းစသည့် နှစ်လိုဖွယ်ရာ ကောင်းမှုကုသိုလ်များ ပြုလုပ်ကြသည်မှာ တစ်နိုင်ငံလုံးတွင် ဘေးရန်ကင်းကွာပြီး အေးချမ်းမှုကို ဖြစ်စေသည်။

ယင်းကဲ့သို့ အလွန်ယဉ်ကျေးသိမ်မွေ့သည့် မဟာသင်္ကြန်ပွဲတော်မျိုးသည် ကမ္ဘာပေါ်တွင် မိမိတို့ တစ်နိုင်ငံတည်းသာ ရှိပေသည်။ ထိုသို့ အစဉ်အလာကောင်းများနှင့်အညီ နှစ်စဉ်ကျင်းပခဲ့သည့်အတွက် နိုင်ငံရပ်ခြားတိုင်းတစ်ပါးက လူမျိုးမရွေး ဘာသာမရွေး ပါဝင်ဆင်နွှဲခဲ့ကြသည်။

ထို့ကြောင့် တိုင်းရင်းသားအပေါင်းက မြန်မာ့ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရေးနှင့် အမျိုးသားရေးစိတ်ဓာတ်ပေါ်လွင်နိုင်စေရေး ထိန်းသိမ်းရန် လိုအပ်ပေသည်။ မြန်မာလူမျိုးတို့၏ဂုဏ်သိက္ခာအတွက် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်တွင် ယဉ်ကျေးသိမ်မွေ့စွာပါဝင်ဆင်နွှဲကြရန် လိုအပ်ကြောင်း ရေးသားလိုက်ရပါသည်။ ။ **(မြန်မာ့အလင်း)**

ဧပြီ ၂ ရက်က တာမွေမြို့နယ် အမက(၃၄)မူလတန်းဆင့် သင်ယူပြီးမြောက်ခြင်း လက်မှတ်ပေးအပ်ပွဲတွင် ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်သိန်းသိန်းက စတုတ္ထတန်းမှ မခင်ရတနာလင်းအား သင်ယူပြီးမြောက်ခြင်းလက်မှတ် ပေးအပ်စဉ်။ (က-ပ)

မြန်မာ့အသံ

၈-၄-၂၀၀၄ (ကြာသပတေးနေ့)

နံနက်ပိုင်း

၀၇:၀၀ ဦးဥတ္တမသာရဆရာတော်ကြီး၏ ရတနသုတ်နှင့် ဂုဏ်တော်ကွန်ချာတရားတော်

နေ့လယ်ပိုင်း

၁၁:၁၅ သားငါးဖွံ့ဖြိုးပြည့်အကျိုး (ဟားခါးခရိုင်တွင် နွားနောက် မွေးမြူခြင်း)

၁၁:၃၅ စာအုပ်စာပေလူ့မိတ်ဆွေ (၁)အချိန်နှင့်အလုပ် (ဒေါက်တာဘဒ္ဒန္တဉာဏိဿရ) (၂)လွမ်းဖွယ့်စံတိုး (ပန်းမျိုးတစ်ရာစာပေတိုက်)

၁၂:၀၀ သိပ္ပံပညာသိကောင်းစရာ (ဇရာမျိုးဆက်အစွမ်းထက်ဖို့) (မောင်ဆုရှင်)

၁၂:၃၀ အစာနှင့် အာဟာရ(ဇရစ်)

ညနေပိုင်း

၁၆:၃၀ နိုင်ငံတကာစီးပွားရေး သတင်းပဒေသာ

၁၇:၀၀ တပ်မတော်စာတိုက်

၁၇:၁၅ သုတရေးရာဖြေကြားလွှာ

၁၉:၁၅ ဓာတ်လမ်းပမာ[သင်္ကြန်နှစ်(စ်)]

မြို့နယ်အဆင့် ဆရာဖြစ်သင်တန်းဖွင့်

ညောင်ဦး မတ် ၂၃

ညောင်ဦးခရိုင် မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းက ကြီးမှူး၍ မျိုးဆက်ပွား ကျန်းမာရေး စီမံချက် (မြို့နယ်အဆင့်) ဆရာဖြစ်သင်တန်းဖွင့်ပွဲကို မတ် ၂၁ ရက် နံနက်က မိခင်နှင့်ကလေးအသင်းရုံး၌ကျင်းပရာ ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးတေဇနှင့်သားဖွားအထူးကု ဒေါက်တာဒေါ်မြမြသိန်းတို့က သင်တန်းဖွင့် အမှာစကားများ ပြောကြားသည်။

ထို့နောက် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း အတွင်းရေးမှူး ဒေါ်မြင့်မြင့်သန်းက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။ **(၃၀၀)**

တပ်မတော်နေ့ဂုဏ်ပြု ကျေးလက်စာကြည့်တိုက်များဖွင့်

မင်းဘူး မတ် ၃၁

(၅၉)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် မင်းဘူးခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက စီစဉ်ကြီးကြပ်၍ စလင်းမြို့နယ်လက်ခုတ်ပင်ကျေးရွာ၊ မင်းဘူး(စကု)မြို့နယ် နန်းတော်ကုန်း စံပြရွာ၊ ဖလံရုံကျေးရွာတို့တွင် ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များကို မတ် ၂၆၊၂၇၊ ၂၈၊ ၂၉ရက်များတွင် ဖွင့်လှစ်ပေးရာ ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဦးသန်းထွန်းနှင့် ကျေးရွာဥက္ကဋ္ဌများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် မင်းဘူးခရိုင်နှင့်စလင်းမြို့နယ်တို့ပူးပေါင်း၍ (၅၉)နှစ်မြောက် တပ်မတော်နေ့ဓာတ်ပုံ၊ ပန်းချီ၊ စာအုပ်ပြပွဲကို စလင်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတွင် ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးသန့်ဇင်ထွန်းနှင့် မင်းဘူးခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးသန်းထွန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ကာ တက်ရောက်လာကြသော ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ကြက်ခြေနီနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များက ပြခန်းများကို လှည့်လည်ကြည့်ရှုကြကြောင်းသိရသည်။ **(ခရိုင် ပြန်/ဆက်)**

သာသနဓဇဓမ္မာစရိယ ဘွဲ့တံဆိပ်တော်ရ ဆရာတော် ဘဒ္ဒန္တဇနိတအား ဂုဏ်ပြုပူဇော်

ညောင်တုန်း ဧပြီ ၅

နိုင်ငံတော်အစိုးရကနှစ်စဉ်ကျင်းပ မြဲဖြစ်သော ဓမ္မာစရိယစာမေးပွဲတွင် ကျမ်းရင်းသုံးကျမ်းကို ဖြေဆို အောင် မြင်တော်မူသဖြင့် သာသနဓဇ ဓမ္မာ စရိယ ဘွဲ့တံဆိပ်တော်ရရှိတော် မူသော ညောင်တုန်းမြို့နယ် ဆားမ လောက်ကျေးရွာအုပ်စု ညောင်ပင်သာ ကျေးရွာ ဇေယျာသုခအောင်ချမ်းသာ ကျောင်း ဆရာတော် ဘဒ္ဒန္တဇနိတ အား ဂုဏ်ပြုပူဇော်ပွဲကို မတ်၃၀ ရက်က ယင်းကျောင်းတွင် ကျင်းပရာ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့၊ ဧရာဝတီတိုင်း သံဃနာယကအဖွဲ့ ဒုဥက္ကဋ္ဌ မြို့နယ်သံဃနာယကအဖွဲ့ ဥက္ကဋ္ဌနှင့် ဆရာတော်ကြီးများ၊ သံဃာတော်များကြွရောက်ချီးမြှင့်ကြပြီး ဒါယကာ၊ ဒါယိကာမများက တက် ရောက်ကြည်ညိုကြသည်။ **(အပေါ်ပုံ)**

ရှေးဦးစွာဘွဲ့တံဆိပ်တော်ရဆရာ တော်ဘဒ္ဒန္တဇနိတအားလှူဖွယ်ဝတ္ထုပစ္စည်း ဆက်ကပ်လှူဒါန်းပူဇော်ကြသည်။

ထို့နောက်ဂုဏ်ပြုခံဆရာတော်၏ ထေရုပ္ပတ္တိနှင့် ဂုဏထောမနာမင်္ဂလာ ဂါထာများ၊ ကဗျာများ၊ တေးထပ် ရတုပိုဒ်စုံများ၊ တေးဂီတများဖြင့် သီဆိုရွတ်ဖတ် ပူဇော်ကြပြီး ဂေါပက အဖွဲ့ဥက္ကဋ္ဌဦးမြင့်စိန်က ကျေးဇူးတင် စကား လျှောက်ထားပြောကြားကာ ရေစက်ချ အမျှအတမ်းပေးဝေပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(၀၉၈)

ကချင်ပြည်နယ်ဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်ဆွေ မြစ်ကြီးနားမြို့ လမ်းသစ်ဖွင့်ပွဲ တက်ရောက်ချီးမြှင့်

မြစ်ကြီးနား မတ် ၃၀

(၅၉)နှစ်မြောက် တပ်မတော်နေ့ကိုဂုဏ်ပြုသောအားဖြင့် ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ် စည်ပင်သာယာရေးအဖွဲ့ကအတတ်ပညာရှင်နှင့် စက်ယန္တရား များပံ့ပိုး၍ ရပ်ကွက်စေတနာရှင်များထည့်ဝင်ငွေကတ္တရာဖိုး အပါအဝင် ကုန်ကျ ငွေ ကျပ်၁၇၃၈၁၀၀ဖြင့် ဆောင်ရွက်ပြီးစီးခဲ့သည့် အရှည် ပေ၆၇၀၊ အကျယ် ၁၂ပေရှိ အောင်နန်းရပ်ကွက် ကိုယ့်အားကိုယ်ကိုး အောင်မေတ္တာလမ်းသစ်ဖွင့်ပွဲကို မတ်၂၂ရက်က လမ်းသစ်မုခ်ဦး၌ ကျင်းပရာ ကချင်ပြည်နယ် အေးချမ်းသာယာ ရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ် မောင်မောင်ဆွေ တက်ရောက်ချီးမြှင့်သည်။

ထို့နောက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယ ညွှန်ကြားရေးမှူးဦးအေးဆွေက အောင်မေတ္တာလမ်းနှင့် ပတ်သက်၍ ရှင်းလင်း တင်ပြပြီး ပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ မြောက်ပိုင်း တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်မောင်မောင်ဆွေ၊ ကချင်ပြည်နယ် စည်ပင် သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးတင်ချိုနှင့် လမ်းဖြစ်မြောက်ရေး ကော်မတီ ဥက္ကဋ္ဌတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(မြို့နယ်စည်ပင်)**

မိုးကုတ်ဝိပဿနာ ၁၀ရက် တရားစခန်း

မုံရွာ ဧပြီ ၅

စစ်ကိုင်းတိုင်း မုံရွာမြို့နယ် ပုရစ် ကုန်းမြောက်ရွာ ကျောင်းသစ်ကျောင်း တိုက် မိုးကုတ်ဝိပဿနာ တရားစဉ်နှင့် လုပ်ငန်းစဉ်ပြန့်ပွားရေး အဖွဲ့ခွဲ(၉)တွင် (၂၃)ကြိမ်မြောက် မိုးကုတ်ဝိပဿနာ ၁၀ရက် တရားစခန်းကို အကျိုးတော် ဆောင်ဆရာတော် ဘဒ္ဒန္တသီလစာရ အမှူးပြု၍ ဧပြီ ၈ရက်မှ ၁၇ရက်အထိ ကျင်းပမည်ဖြစ်သည်။

အဆိုပါတရားစခန်းပွဲ၌ ကျေးဇူး တော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ် ဆရာတော်ကြီး၏ ဥပနိဿယခံယူ၍ ဆရာတော် ဦးနေမိန္ဒ (ဓမ္မာစရိယ) B.Sc, M.Sc (R) ကမ္မဋ္ဌာနာစရိယ မိုးကုတ်ဝိပဿနာ နယ်လှည့် ကထိက ဆရာတော်အရှင်သူမြတ်က သစ္စာ လေးပါး တရားတော်များ ဟောကြား ပြသမည်ဖြစ်ကြောင်း သိရသည်။

(က-ပ)

ပရိယတ္တိဓမ္မဝိဇ္ဇာလယနှစ်ထပ်ကျောင်းကြီး ဆောက်လုပ်ရေးထည့်ဝင်လှူဒါန်းနိုင်ကြ

ပေါင် ဧပြီ ၆

မွန်ပြည်နယ် ပေါင်မြို့နယ် ရင်းငြိမ်ပန်းတောကျောင်းပရိယတ္တိစာသင်တိုက် ကြီးအတွင်းအသစ်တည်ဆောက်လျက်ရှိသော ပရိယတ္တိဓမ္မဝိဇ္ဇာလယနှစ်ထပ်တိုက် ကျောင်းတော်ကြီးကို ကျောင်းတိုက်ပဓာနနာယကဆရာတော် ဘဒ္ဒန္တသုနန္ဒ သာသနဓဇဓမ္မာစရိယ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ နိုင်ငံတော် ဗဟိုသံဃာ့ဝန် ဆောင်ဆရာတော်ကြီးအမှူးထားပြီး တပည့်ဒါယကာ ဒါယိကာမများက ငွေကျပ် သိန်း ၃၀၀ကျော်ဖြင့် တည်ဆောက်လျက်ရှိရာ ယခုအခါ သိန်း ၂၃၀ကျော်ဖြင့် တည်ဆောက်ပြီးဖြစ်သည်။

ဆက်လက်၍ ကျောင်းတော်ကြီးအပြီးသတ်နိုင်ရန်အတွက် အလှူငွေ သိန်း၇၀ကျော် လိုအပ်လျက်ရှိရာ ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် ပုသိမ်ညွန့်ရပ်ကွက်နေ ဦးကျော်လွင် (သတင်းထောက်)၊ သားမောင်ဝင်းနိုင်လွင် မိသားစုက ကွယ်လွန်သူ ဒေါ်အေးဆင့် (ရင်းငြိမ်)နှစ်လပြည့်အား ရည်စူး၍ ဧပြီ ၂ရက်က ကျောင်းတော်ကြီးအတွက် ငွေကျပ်၂၁၃၀၀၀နှင့် စက်ရေတွင်း အတွက် ငွေကျပ်၂၀၀၀၀၀ စုစုပေါင်းအလှူတော်ငွေကျပ် ၄၁၃၀၀၀ ကို ဆရာ တော်၏ ကပ္ပိယကာယကထံ ပေးအပ်လှူဒါန်းသည်။ **(အပေါ်ပုံ)**

ကျောင်းဆောက်လုပ်ရေးလှူဒါန်းလိုသူများ အဆိုပါကျောင်းတိုက်နှင့် ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် ပုသိမ်ညွန့်ရပ်ကွက်လုံးဆိုင်ရာ သဒ္ဓမ္မဇျုဟာ ဓမ္မာရုံဥက္ကဋ္ဌ ထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(၀၅၄)

(၅၉)နှစ်မြောက်တပ်မတော်နေ့အထိမ်းအမှတ် နံရံကပ်စာစောင်၊ ဓာတ်ပုံနှင့်စာအုပ်ပြပွဲကျင်းပ

ရန်ကုန် ဧပြီ ၆

ရန်ကုန် (မြောက်ပိုင်း)ခရိုင် တိုက်ကြီးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ ဆက်ဆံရေး ဦးစီးဌာန၏ (၅၉)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် နံရံကပ်စာစောင်၊ ဓာတ်ပုံနှင့် စာအုပ်ပြပွဲကို မတ်၂၈ရက် နံနက်၉နာရီတွင် ဗောဓိကုန်းရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီရုံး၌ ကျင်းပသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

အခမ်းအနားကို မြို့နယ်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးထွန်းလှိုင်၊ မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဒေါ်ယဉ်ဆွေဝင်းနှင့် ရပ်ကွက်ဥက္ကဋ္ဌ ဦးတက်ရှင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး **(အောက်ပုံ)** တက်ရောက်လာကြသူများက ပြခန်း အတွင်း လှည့်လည်ကြည့်ရှုကာ နံရံ ကပ် စာစောင်များ၊ စာအုပ်စာပေ များကို ဖတ်ရှုလေ့လာကြသည်။

(မြို့နယ် ပြန်/ဆက်)

ညောင်ရွှေမြို့ သင်္ကြန်တရားစခန်းပွဲ

ညောင်ရွှေ မတ် ၂၀

ရှမ်းပြည်နယ်တောင်ပိုင်း ညောင်ရွှေမြို့ ရွှေကျောင်းဝိပဿနာအဖွဲ့ခွဲ (၃၂၀)၌ ဧပြီ၁၁ရက်မှ ဧပြီ ၁၇ရက်ထိ ၎င်းမိုင်း သောက်ငွေတောင်ဓမ္မာရုံတွင် ဧပြီ ၁၉ ရက်မှဧပြီ၂၃ရက်တို့၌မြောက်ဥက္ကလာပ ပုပ္ပား(၃)ကျောင်း၊နယ်လှည့်ဓမ္မကထိက ရေဦးဆရာတော် ဦးနန္ဒာသီရိ အရှင် သူမြတ်က မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ပဋိစ္စသမုပ္ပါဒ် သစ္စာလေးပါး တရားတော်များ ဟော ကြားမည်ဟု သိရသည်။

(က-ပ)

အမြို့မြို့ အနယ်နယ် သတင်းများ

(၅၉)နှစ်မြောက် တပ်မတော်နေ့ကိုဂုဏ်ပြု ဟူးကွတ်ကျေးရွာ စိမ့်စမ်းရေသွယ်ခြင်းလုပ်ငန်းဖွင့်

ကျောက်မဲ မတ် ၂၅

(၅၉)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ကျောက်မဲမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင် ရွက်ခဲ့သည့် ဟူးကွတ်ကျေးရွာစိမ့်စမ်း ရေသွယ်ခြင်းလုပ်ငန်း အရှည်ပေ ၁၁၂၀၀ ရေပေးရေးဖွင့်ပွဲအခမ်းအနား ကို မတ် ၂၃ ရက်က ဟူးကွတ်ကျေး ရွာ၌ ကျင်းပရာ ရှေးဦးစွာခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး စိုးဝင်းက အဖွင့်အမှာစကားပြောကြား ပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြား ရေးမှူး ဦးဝင်းနိုင်က ရေပေးရေးလုပ် ငန်းဆောင်ရွက်မှုကို ရှင်းလင်းတင် ပြသည်။ ဆက်လက်၍ ဟူးကွတ်ကျေး ရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုး ရေးကောင်စီဥက္ကဋ္ဌ ဦးဘအေးက ကျေးရွာရေသွယ်ယူမှုအပေါ် ကျေးဇူး တင်စကားပြောကြားသည်။

ထို့နောက်ခရိုင်အေးချမ်းသာယာရေး နှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ဒုတိယအင်ဂျင် နီယာမှူးကြီးနှင့် ဟူးကွတ်ကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ ဥက္ကဋ္ဌတို့က ရေပေးရေး ဖွင့်ပွဲအထိမ်းအမှတ် ဖဲကြိုးဖြတ်ဖွင့်လှစ် ပေးသည်။ **(အပေါ်ပုံ)**

ဟူးကွတ်ကျေးရွာသည် အမြင့်ပေ ၄၀၀၀ကျော်တွင် တည်ရှိသည့်ရေရှား ပါးသည့်ရွာဖြစ်ပြီး ယခုအခါ ကျေးရွာ အထိ ရေရောက်ရှိပြီ ဖြစ်သဖြင့် ကျေးရွာသူ ကျေးရွာသားများ ဝမ်းမြောက်လျက်ရှိကြောင်း သိရ သည်။ **(မြို့နယ်စည်ပင်)**

မကွေးမြို့နယ် စည်ပင်သာယာရေး အဖွဲ့က ဈေးများ မီးဘေးအန္တရာယ် ကြိုတင် ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ မတ် ၁၇ ရက်က မကွေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဇော်ဝင်း ဦးဆောင်၍ ရန်ပယ်ဈေး၌ မကွေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ၊ဈေးအရန် မီးသတ်တပ်ဖွဲ့ဝင်များ ဈေး မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး ကြိုတင်လေ့ကျင့်မှုများဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

VACANCIES

(For Local Service Only)

We are seeking for qualified candidates for the following posts concerning Oil & Gas developing business.

1. Receptionist — 1 Post
- Female, under 30 Years is preferable.
- University Graduate
- Must be fluent in English
- Must have good personality

2. Secretary — 5 Posts
- Female, under 30 Years is preferable.
- University Graduate
- Must be fluent in English
- Must have good personality
- Computer literate

3. Accountant — 1 Post
- Female, under 35 Years is preferable.
- B.Com. CPA
- Must be fluent in English
- Computer literate
- More than 5 Years work experience in related field is preferable.

4. Administrator — 1 Post
- Male
- University Graduate
- Must be fluent in English
- Computer literate
- More than 5 Years work experience in related field is preferable.

5. E&P (Exploration & Production) — 3 Posts
- Male or Female
- B.E Petroleum, B.E Mining, B.Sc Geology
- Must be fluent in English
- Computer literate
- Qualified in Petroleum Engineering, Geology, Geophysics, Petroleum Geology (Please apply with University Final Year Marks Record)

6. Graphic — 1 Post
- Male or Female
- University Graduate
- Must be fluent in English
- Must be able to use Computer- Corel Draw, Adobe Photoshop.
  (Preferable those who can use CAD)

Interested person may submit detailed CV with relevant documents, a recent photo, expected salary, labor registration card, and contact phone number to the Human Resource Manager, No. 22, Yawmingyi Road, Dagon Township, Yangon, Myanmar.

Closing Date of application is 10 April, 2004

Tel. : 379120, 379121, 379123, 379124

လေလံတင်ရောင်းချရန်ကြော်ငြာ

ရခိုင်ပြည်နယ်ရှိ လက်ရှိတံတားအသုံးပြုခ ကောက်ခံနေသော အောက်ဖော်ပြပါ နိုင်ငံတော်ပိုင် တံတား (၇)စင်းအား ၂၀၀၄-၂၀၀၅ခုနှစ်မှ ၂၀၀၆-၂၀၀၇ခုနှစ်အထိ တံတားအသုံးပြုခ ကောက်ခံခြင်းလုပ်ငန်း သုံးနှစ်လုပ်ပိုင်ခွင့် လုပ်ငန်းလိုင်စင်ကို နိုင်ငံသားလုပ်ငန်းရှင်များအား ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချမည်ဖြစ်ပါသည်။ လေလံတင်ရောင်းချမည့်တံတားများမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

၁။ ကစ္ဆပနဒီတံတား	(ကျောက်တော်မြို့)	စစ်တွေခရိုင်
၂။ ရာမောင်တံတား	(မင်းပြားမြို့)	စစ်တွေခရိုင်
၃။ မင်းချောင်းတံတား	(စစ်တွေမြို့)	စစ်တွေခရိုင်
၄။ အမ်းကြီးတံတား	(အမ်းမြို့)	ကျောက်ဖြူခရိုင်
၅။ ရွှေလေ့တံတား	(သံတွဲမြို့)	သံတွဲခရိုင်
၆။ ကျိန္တလီတံတား	(ဂွမြို့)	သံတွဲခရိုင်
၇။ ပုဇွန်ဖြေတံတား	(သံတွဲမြို့)	သံတွဲခရိုင်

လေလံယှဉ်ပြိုင်လိုသူများသည် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်ရုံးနှင့် သက်ဆိုင်ရာခရိုင် အင်ဂျင်နီယာမှူးရုံးများတွင် အသေးစိတ်စုံစမ်းနိုင်ပါကြောင်း အသိပေးအပ်ပါသည်။

ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း
ရခိုင်ပြည်နယ်

နှစ်သစ်မဟာသင်္ကြန်အကြို
Dagon Centre Shopping Mall
အထူးဈေးရောင်းပွဲ
(5 % to 70 %) Discount
Promotion အစီအစဉ်များ

လက်ဆောင်ပေးမည့်အစီအစဉ်များဖြင့် (၁. ၄. ၂၀၀၄ မှ ၁၁. ၄. ၂၀၀၄) ထိ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း သတင်းကောင်းပါးအပ်ပါသည်။

စိန်-ပန်း-ခိုင်

လက်ရှိ အသုံးပြုနေသော မိတ္တူကူးစက် (Canon NP 3825, NP 3325, NP 4050) မိတ္တူမင်၊ (Canon Ricoh)အမျိုးမျိုး၊ ပလတ်စတစ်လောင်းစက်နှင့် ပလတ်စတစ်ပြား အထူ၊ အပါး အမျိုးမျိုး၊ ပလတ်စတစ်ကွင်းချုပ်စက်နှင့် မိတ္တူအမြန်ကူးခြင်း၊ ပလတ်စတစ်ဆိုက်ကြီး (လက်မ ၄၀ အကျယ်) လောင်းခြင်းတို့ကို စိတ်တိုင်းကျ ပြုလုပ်ပေးနေပြီ။ **အမှတ် ၄၄၁-၄၄၅၊ မဟာဗန္ဓုလလမ်း၊ ထားဝယ်တိုက်အောက် (မြေညီထပ်)၊ ဆူးလေဘုရားအဝိုင်း၊ မျက်နှာချင်းဆိုင်၊ ရန်ကုန်၊ ဖုန်း-၂၅၂၇၆၄(ဆိုင်)၊ ၅၁၀၃၅၃(အိမ်)၊ ၃၈၂၀၃၀(ဆိုင်)**

နှစ်ဦးသဘောတူ အစ္စလာမ်တရားတော်နှင့်အညီ တရားဝင်ကွာရှင်းပြီးစီးကြောင်း ကြေညာချက်

ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဗိုလ်တထောင်မြို့နယ်၊ ဘိုကလေးဈေးလမ်း အမှတ် (၁၀၆) နေ ဦးလှမြင့်၏သား မိုဟာမက်စလင်း(ခ) မောင်ဇော်နိုင်လင်း၊ ၁၂/ဗတထ(နိုင်)၀၀၀၇၃၁ နှင့် ပုဇွန်တောင်မြို့နယ်၊ ၅၄-လမ်း၊ အမှတ် (၃၉) နေဟာဂျီဦးမောင်အေး၏သမီး၊ ဆာကျေဒါဘီ(ခ) မအေးဝင်းမော်၊ ၁၂/ပဇတ(နိုင်) ၀၀၅၃၄၃တို့သည် ၂၅-၃-၂၀၀၄ ရက်နေ့တွင် မဒ်ရစပ် အဆ်အဒီဟပ် ဓမ္မသတ်ဌာန၊ ဓမ္မသတ်မှူးချုပ် ရှေ့မှောက်၌ ရှရီအတ်တရားတော်မြတ်နှင့်အညီ နှစ်ဖက်သက်သေများရှေ့တွင် တရားဝင်ကွာရှင်းပြီးဖြစ်ပါသည်။ တစ်ဦးနှင့်တစ်ဦးမည်သို့မျှ ပတ်သက်ခြင်း မရှိတော့သဖြင့် နောက်နောင် ကျွန်ုပ်မိတ်ဆွေအား အနှောင့်အယှက်ပြုပါက တည်ဆဲဥပဒေများအရ အရေးယူမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

မောင်ဇော်နိုင်လင်း၏ ညွှန်ကြားချက်အရ
ဦးတင်မောင်သိန်း (B.A.RL, D.B.L)
တရားရုံးချုပ်ရှေ့နေ
ဖုန်း-၃၈၁၄၈၈







ပြင်ဆင်ဖတ်ရှုပါရန်

၄-၄-၂၀၀၄ ရက်နေ့ထုတ် မြန်မာ့အလင်း သတင်းစာ စာမျက်နှာ ၁၈ တွင် ပါရှိသော ဝမ်းနည်းကြေကွဲခြင်း (ဦးသန်းငွေ)ကြော်ငြာတွင် ဦးမြင့်ဦး-ဒေါ်ငွေးရီတို့၏ မြေး အစား ဦးမြင့်ဦး-ဒေါ်ငွေးရီတို့၏ညီဟု ပြင်ဆင်ဖတ်ရှုပါရန်။

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)မိတ္တူပျောက်ထားခြင်း

ယာဉ်အမှတ် ၁က/၆၀၄၈ မော်တော်ယာဉ်လက်ဝယ်ရှိသူက မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) မိတ္တူ ပျောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများ သတင်းစာတွင် ကြော်ငြာသည့်ရက်မှစ၍ ၁၅ ရက်အတွင်း ကညန၊ ပြည်နယ်ရုံး(လားရှိုး)သို့ လာရောက်ဆက်သွယ် ဆောင်ရွက်ပါရန်။

ကညန၊ပြည်နယ်ရုံး(လားရှိုး)

မြန်မာ့နှစ်သစ်ကူးအကြို

ayeliko

၁၁-၄-၂၀၀၄ နေ့အထိ

Big!! Sales!!! up to 50%

ရန်ကုန် မန္တလေး ဆိုင်များအားလုံး Hot Line - 381274

Hepta digital art

April 28th

GRAPHIC DESIGN SKILLS TRAINING CENTRE

ATOMIC digital art

graphic design and color separation

Hepta digital art graphic section and ATOMIC digital art

ကွန်ပျူတာဂရပ်ဖစ်ဒီဇိုင်း ကျွမ်းကျင်သင်တန်း

Design section မှ Design job များကို သင်တန်းတွင်

no.118/120 (1st floor), maharbandoola garden street (infront of maharbandoola garden), kyauktada tsp., yangon. tel: 95-1-371316, 0980-34117

တောင်ဒဂုံဆီအုန်းစိုက်ပျိုးရေးစီမံကိန်း (ဘုတ်ပြင်း) မှ အောက်ပါဝန်ထမ်းများအလိုရှိသည်

လစာကောင်းကောင်းပေးမည် (ပြည်တွင်း၌သာ ခန့်ထားရန်)

တနင်္သာရီတိုင်း ဘုတ်ပြင်းမြို့နယ်ရှိ တောင်ဒဂုံ ဆီအုန်းစိုက်ပျိုးရေးစီမံကိန်းတွင် တာဝန်ထမ်းဆောင်ရန်အတွက် အောက်ပါဝန်ထမ်းများ အလိုရှိပါသည်။

၁။ Chemist- B.Sc,(IC)	၁ ဦး	(ကျား)
၂။ ဆီအုန်းခြံလုပ်သား	၈၀ ဦး	(ကျား)

စိတ်ပါဝင်စားသူများသည် ဤကြော်ငြာချက်ပါသည့်နေ့မှစ၍ ၁၀ ရက်အတွင်း မိမိတို့၏ ကိုယ်ရေးရာဇဝင်၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊ ပြစ်မှုကင်းရှင်းကြောင်းထောက်ခံချက်တို့နှင့်အတူ **Golden Flower Plaza** အမှတ် ၂၁၄၊ ဝါးတန်းလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့သို့ လာရောက်လျှောက်ထားနိုင်ပါသည်။

ဆိုင်ခန်းရောင်းမည် ညှိနှိုင်း

ဗိုလ်ချုပ်ဈေး သံဖြူရုံ အပြင်လှည့်ဆိုင်ခန်း

စုံစမ်းရန် အနောက်Bရုံ၊ ၆၂၊ ဗိုလ်ချုပ်ဈေး၊

ဆိုင်ဖုန်း - ၃၇၅၄၂၉၊ ၂၄၀၉၆၆ Ext ၅၂၂

အိမ်ဖုန်း - ၅၅၅၅၉၄

(၄၅)ယောက်စီး ဟွန်ဒိုင်းကားများ ရောင်းမည်

လက်ရှိအဝေးပြေးလိုင်း ပြေးဆွဲနေသော

ဟွန်ဒိုင်း FB500 ၆က/----(၂)စီး

FB 485 အ/-----(၁)စီး

ညှိနှိုင်းဈေးဖြင့် ရောင်းမည်။

၀၉-၈၀-၂၀၃၀၁၊ ၀၉-၅၀၀-၂၈၄၄

Tel-703234

မိဘအမည်မှန်

ကျိုင်းတုံမြို့ အထက(၃)၊ သတ္တမတန်းမှ မောင်ရန်နောင်ထွန်း၏ မိဘအမည်မှန်မှာ ဦးဆန်းဝင်း- ဒေါ်ကြည်ကြည်လင်းဖြစ်ပါသည်။

ဆိုင်ဖွင့်ပွဲ၃နှစ်ပြည့်အထူး 30% Off

အရှေ့တိုင်းမျက်မှန်

280458

အမေရိကန်ဗွီးရှင်း

AMERICAN VISION

PROFESSIONAL EYE CARE CENTRE

(Summer Special)

Designer Frames

Sunglasses

AMERICAN VISION မှာ Up to 30% Discount လျှော့ပေးနေပြီ။

loveELLE

AV Original T-Shirt (High Quality)

Buy One Get One Free Colour Contact Lens

Excellent Quality Guaranteed

ဗိုလ်မှူးဇော်လင်း (ငြိမ်း)
D.S.A အပတ်စဉ်(၇)
ဒုညွှန်ကြားရေးမှူး(ငြိမ်း)
နိုင်ငံတော်ကောင်စီရုံး
ရှေ့နေချုပ်ရုံး
ပန်းဘဲတန်းမြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့
အသက်(၆၂)နှစ်

(ဦးကိုကိုကြီး-ဒေါ်တင်တင်)တို့၏သား၊ (ဦးရှိန်-ဒေါ်စောလွင်)တို့၏ သားသမက်၊ ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ ၂၉ လမ်း၊ တိုက်အမှတ် ၂၂၊ အခန်း ၆၊ ဒုတိယထပ်(ဝဲဘက်)ခန်းနေ ဒေါ်ခိုင်ခိုင်(ဒေါ်ခင်မြိုင်)၏ခင်ပွန်း၊ (ကိုလင်းဝဏ္ဏ)၊ ကိုလင်းသူရ-မအေးအေးဟန်၊ ကိုလင်းနန္ဒ-မခင်မကြူ၊ (ကိုလင်းဇေယျ)၊ ကိုလင်းသီဟ(လ/ထမန်နေဂျာ၊ မြန်မာ့နှစ်ရှည်ပင်လုပ်ငန်း)-မအေးအေးချော တို့၏ဖခင်၊ မြေးရှစ်ယောက်တို့၏အဘိုးသည် ၅-၄-၂၀၀၄ရက် နံနက်တွင် ကွယ်လွန်သွားပါသဖြင့် ၇-၄-၂၀၀၄ရက် မွန်းလွဲ ၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှ ကားများ နံနက် ၁၁ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်အုန်းလှ
(ကမာရွတ်-စံရိပ်ငြိမ်)
အသက်(၇၆)နှစ်

ရန်ကုန်တိုင်း၊ ကမာရွတ်မြို့နယ်၊ (၁)ရပ်ကွက်၊ ရတနာမြိုင်အိမ်ရာ၊ တိုက် ၁၊ အခန်း ၃၀၄ နေ (ဦးသင်း-ဒေါ်မေ)တို့၏သမီး၊ (ဦးသိမ်းမောင်)(ကင်းလုံနှင့်မြန်မာညွှန့် စွပ်ကျယ်စက်)၏ဇနီး၊ ဦးတိုးအောင်(CEIE°သ/မ ဦးစီး)-ဒေါ်ခင်လှရီ၊ ဦးစိန်ဝင်း (ရွက်လှ လက်ဖက်ရည်ဆိုင်)-ဒေါ်မြင့်မြင့်အေး၊ ဒေါ်ခင်လှကြည်-ဦးထွန်းအေး၊ ဒေါ်စုစုခင်(ကျူတာ၊ အလက)-(ဦးတင့်ဆွေ)၊ ဒေါ်ချိုချို-ဦးကျော်ဇော(MPPE)၊ ဒေါ်မြင့်မြင့်သိန်း-ဦးသိန်းမြင့်(ခေတ္တ-မလေးရှား)၊ ဒေါ်မြမြအေး (ဒဂုံတက္ကသိုလ်၊ သမိုင်းဌာန)၊ ဒေါ်မြမြထွေး (M.C.C ကမာရွတ်)-ဦးတိုးလွင်(GSO)တို့၏မိခင်၊ မညိုရီအောင်၊ Dr.°ဇာရည်အောင် (အရှေ့ပိုင်းဆေးရုံ)၊ မောင်ကျော်ဇေယျာမင်း၊ မထူးထူးကျော်၊ မအက်စတာ၊ မစံစံတင့်၊ မောင်လင်းထက်အောင်၊ မဖြိုးသန္တာ၊ မဂျူးသက်သက်စံ၊ မောင်ဖွဲ့ဆက်ပိုင်တို့၏အဘွားသည် ၆-၄-၂၀၀၄ရက်(အင်္ဂါနေ့)နံနက် ၁၀း၅၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈-၄-၂၀၀၄ရက် နံနက် ၁၀ နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်ဖြစ်ပါကြောင်း။(တိုက် ၁၊ အခန်း ၃၀၄၊ ရတနာမြိုင်အိမ်ရာမှကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊တန်ဆောင်း၊ သိမ်၊ကျောင်းဒါယိကာမကြီး
ဒေါ်လှခင် (ရွှေကျင်)
အသက်(၉၂)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြား (၂)ရပ်ကွက်၊ အမှတ် ၁၅(ဒီ)၊ ကုက္ကိုင်းရိပ်သာလမ်းနေ (ဦးတင်အေး)၏ဇနီး၊ ဦးမျိုးအေး-ဒေါ်ခင်ခင်၊ ဦးညီညီလွင်(ဒုညွှန်ချုပ်၊ ငြိမ်း) အကြံပေး ပုဂ္ဂိုလ်၊ မွေး/ရေညွှန်ကြားမှုဦးစီးဌာန-ဒေါ်နန်းစီဖောင်း၊ ဦးမောင်မောင်-ဒေါ်ဦးခင်တို့၏မိခင်၊ (မမြတ်ဆွေအေး)၊ ဗိုလ်မှူးဝင်းကိုကို၊ မောင်မျိုးထွဋ်-မချိုမာအောင်၊ဒေါက်တာမြတ်ဆွေလွင်၊ မသက်သက်ခိုင်-မောင်မြသောင်းထွန်း၊ မခင်ဆွေသက်-မောင်ကျော်မျိုးဇော်၊ မောင်ကျော်စိုးလွင်တို့၏အဘွား၊မြစ်သုံးယောက်တို့၏အဘွားသည် ၅-၄-၂၀၀၄ရက် နံနက် ၀၀း၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၇-၄-၂၀၀၄ရက် ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဘဝနတ်ထံပျံလွန်တော်မူခြင်း
ဘဒ္ဒန္တ ဝိဇယ မဟာထေရ်
ကျိုက္ကစံအရှေ့ကျောင်းတိုက် ပဓာနနာယက
သက်တော်(၇၆)နှစ်၊ သိက္ခာတော်(၅၆)ဝါ

ရန်ကုန်တိုင်း၊ သင်္ဃန်းကျွန်းမြို့နယ်၊ (ဆ/ခ)ရပ်ကွက်၊ ကျိုက္ကစံအရှေ့ကျောင်းတိုက်ကြီး၏ ပဓာနနာယကဆရာတော် ဘဒ္ဒန္တဝိဇယမဟာထေရ်သည် ၁၃၆၅ခုနှစ် နှောင်းတန်ခူးလပြည့်ကျော် ၁ ရက် ၅-၄-၂၀၀၄ရက်(တနင်္လာနေ့) နံနက် ၁၁း၃၀ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူပါသဖြင့် ဆရာတော်ကြီး၏ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို ၁၃၆၅ခုနှစ် နှောင်းတန်ခူးလပြည့်ကျော် ၃ ရက် (၇-၄-၂၀၀၄ရက်) ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် ကျိုက္ကစံအရှေ့ကျောင်းတိုက်ကြီး၌ အန္တိမအဂ္ဂိစျာပနသဘင် ဆင်ယင်ကျင်းပ ပြုလုပ်ပြီး ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။

ဦးနန္ဒမာလာနှင့်တပည့်ဒါယကာ၊ဒါယိကာမများ။

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး
ဦးအောင်ဝင်းသိန်း
လက်ထောက်ညွှန်ကြားရေးမှူး
(အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန)
ဒုရဲအုပ်လောင်းသင်တန်းအမှတ်စဉ်(၁၅)
အသက်(၄၇)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ တာမွေကြီး(က+ဂ)ရပ်ကွက်၊ ၁၅၅ လမ်း၊ အမှတ် ၈၊ အခန်း ၃/အေ နေ ဦးသိန်းမြင့်-(ဒေါ်လှကြည်)တို့၏သား၊ (ဦးမြအုံး)-ဒေါ်မြင့်မြင့်သန်းတို့၏သားသမက်၊ ဒေါက်တာနွဲ့နွဲ့ယဉ်(B.V.S)၏ ခင်ပွန်း၊ မောင်အောင်နေခန့် [B.Sc. (Phy)၊ A.G.T.I (MP)]၊ မသီဂီနွဲ့အောင်(2nd Year, UCSY)တို့၏ဖခင်၊ ဦးသင်းဌေး (NMT Co., Ltd.)၊ တပ်ကြပ်ကြီးမောင်မောင်ကျော်(တပ်မတော်-ရေ)-ဒေါ်တင်တင်ဝေ၊ ဦးမျိုးသန့် (Managing Director,NMT Co.,Ltd.)-ဒေါ်တင့်တင့်၊ ဦးအေးမော်-ဒေါ်သီတာအုန်းတို့၏အစ်ကို၊ တူ တူမ လေးယောက်တို့၏ ဘကြီးသည် ၆-၄-၂၀၀၄ရက် (အင်္ဂါနေ့) ညနေ ၄ နာရီတွင် ကွယ်လွန်သွားပါ၍ ၈-၄-၂၀၀၄ရက် (ကြာသပတေးနေ့) နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (အထက်ပါနေအိမ်မှ ကားများ နံနက် ၉း၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဝမ်းနည်းကြေကွဲခြင်း

ကျွန်တော်တို့နှင့် လုပ်ဖော်ကိုင်ဖက်တစ်ဦးဖြစ်ခဲ့သူ လက်ထောက်ညွှန်ကြားရေးမှူး(ငြိမ်း) ဦးစိုင်းတင်ငွေသည် ၄-၄-၂၀၀၄ရက်တွင် ကွယ်လွန်သွားကြောင်း ကြားသိရ၍ မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

စီမံကိန်းမိသားစုများ။

ဝမ်းနည်းကြေကွဲခြင်း
ဒေါ်တင်စမ်း (ကျောင်းအုပ်ဆရာမကြီး၊ ငြိမ်း)
အထက(၃)ဗိုလ်တထောင်

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ ၄၃ လမ်း၊ အမှတ် ၄၆၊ ပထမထပ်(ယာ)နေ (ဦးသာစု-ဒေါ်သိန်းတင်)တို့၏သမီး၊ (ဗိုလ်ကြီးအုန်းရွှေ၊ ငြိမ်း)၏ ဇနီးသည် ၁-၄-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။ **ပညာရေးမိသားစု**

မိဘဆရာအသင်းနှင့်ကျောင်းအကျိုးတော်ဆောင်အဖွဲ့၊
အထက(၃)ဗိုလ်တထောင်။

ဒေါ်သန်းမေ (မြေနီကုန်း)
အသက်(၈၅)နှစ်

ရန်ကုန်မြို့၊ အမှတ် ၃၀(ခြောက်လွှာ-အေ)၊ မဟာဗောဓိလမ်း၊ မြေနီကုန်း၊ စမ်းချောင်းမြို့နယ်နေ (ဦးသိန်းမောင်-ဒေါ်ကျော့တင်)တို့၏သမီးကြီး၊(ဦးကျော်ရှိန်)၏ဇနီး၊ ဦးစံမြင့် (MPPE ၊ငွေစာရင်း၊ ငြိမ်း)၊ဒေါ်မြင့်မြင့်သန်း(MOGE၊ ပစ္စည်းစီမံ)၊ ဒေါ်မြဝင်း၊ ဦးထွန်းထွန်း (စစ်ဆေးရေးမှူး) (MPPE ဧရာဝတီတိုင်း)၊ဒေါ်ညိုညို(ဘချိုအင်ဆန်းသက်န်း ပရိက္ခရာဆိုင်) ခရမ်းမြို့၊ ဦးသန်းဝင်း၊ ဒေါ်သင်းသင်းဆွေ (အမှတ်-၂၊ သတ္တုတွင်း ဌာန)၊ ဒေါ်ခင်ခင်ဌေး (တရားရုံးချုပ်)၊ ဒေါ်လှလှဌေး (စက်မှုစားကုန်) တို့၏မိခင်၊ မြေး ခုနစ်ယောက်၊ မြစ် သုံးယောက်တို့၏ ဘွားဘွားကြီးသည် ၅-၄-၂၀၀၄ရက်(တနင်္လာနေ့)ည ၈း၄၅ နာရီတွင် ကွယ်လွန်ပါ၍ ၇-၄-၂၀၀၄ ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၁း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊ရေကန်ဒါယိကာမကြီး
ဒေါ်စံရီ (မန္တလေး)
ကျော်ကျော်အေး-ကျော်ကျော်အောင်
နိဗ္ဗာန်ကုန်ဆိုင်
ရွှေတိဂုံဘုရားအရှေ့မုခ်၊ဗဟန်း
အသက်(၈၈)နှစ်

ခြံအမှတ် ၄၄(B)၊ ဗဟန်းအုတ်လမ်းနေ (ဦးစိုးမြင့်)၏ဇနီး၊ ဒေါ်သိန်းကြွယ်၏ အစ်မ၊ မန္တလေးမြို့နေ ဦးဒေဝ-ဒေါ်တင်အေး၊ ဒေါ်ခင်ညွန့်၊ ဦးတင်လှ-ဒေါ်မမလေး၊ ဒေါ်စန်းရင်၊ ဒေါ်စန်းခင်၊ ရန်ကုန်မြို့နေ ဦးအောင်သူ(မြန်မာ့အသံ၊ ငြိမ်း)-ဒေါ်မော်မော်စိုး၊ ဦးဇော်ဝင်း-ဒေါ်တင်နိုင်ထွန်း(ဆေး-၁)၊ ဒေါ်တင်တင်ဌေး၊ ဒေါ်အေးအေးထွန်း၊ ဒေါ်ညိုညိုထွန်း (ကထိက၊ သတ္တဗေဒဌာန၊ မန်းတက္ကသိုလ်)၊ ကိုသက်နိုင်ထွန်း၊ ဦးကျော်ကြီး-ဒေါ်တိုးအောင်၊ ဦးဇော်မင်း-ဒေါ်လှိုင်လှိုင်စိုး(သိမ်ကြီးဈေး E°ရုံ)၊ မခင်ညွန့်၊ ကိုအုန်းမြင့်၊ ကိုမြင့်အောင်-မမာမာအေးတို့၏အဒေါ်၊ ဦးအောင်ဝင်း-ဒေါ်ဆွေဆွေဝင်း(ရွှေအုန်းသီး နိဗ္ဗာန်ကုန်ဆိုင်၊ ရွှေတိဂုံဘုရား)၊ ဦးဝင်းမြင့်ထွန်း-ဒေါ်ရီရီစံ(ကြင်ကြင် နိဗ္ဗာန်ကုန်ဆိုင်၊ ရွှေတိဂုံဘုရား)၊ ဦးခင်မောင်ညွန့်-ဒေါ်မီမီကျော်၊ ကိုသူရ-မကေသီခိုင်၊ မြေး ၂၅ ယောက်၊ မြစ် ၂၀ယောက်တို့၏အဘွား၊ ဒေါ်နုနုစိုး၏မိခင်သည် ၆-၄-၂၀၀၄ရက် နံနက် ၈း၃၀ နာရီတွင် ကွယ်လွန်သွားပါ၍ ၈-၄-၂၀၀၄ရက် ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ဒေါ်သန်းသန်း (မြောင်းမြ)
အသက်(၈၂)နှစ်

မြောင်းမြမြို့နေ (ဦးထွန်းမောင်-ဒေါ်ဆင့်)တို့၏သမီး၊ ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ဝေဠုဝန်အိမ်ရာ(တိုက်ဟောင်း)၊ တိုက် ၁၈/၁၂ နေ (ဦးလှကျော်)၏ဇနီး၊ ဦးချစ်ထွန်း(ကကဆက်၊ ငြိမ်း)-ဒေါ်ရီရီလှ(လ/ထ ညွှန်မှူး၊ ကုန်သွယ်ဦးစီး)၊ ဦးကျော်မင်း (Myanmar Li Way Way Co.)-ဒေါ်ကြူကြူလှ (ဦးစီးအရာရှိနိုင်ငံသားပြုဌာနခွဲ)၊ဒေါ်ညိုညိုလှ (လ/ထညွှန်မှူး၊ ငြိမ်း၊ စာရင်းစစ်ချုပ်ရုံး၊ မိခင်/ကလေး၊ ဗဟို)၊ ဦးလှကြိုင်(စာရင်းစစ်မှူး၊ မော်ဘီစာရင်းရုံး)-ဒေါ်ဖြူဖြူလှ (စာရင်းစစ်မှူး၊ မော်ဘီ စာရင်းရုံး)၊ တကကသန်းအောင်(တပ်မတော်-ရေ)-ဒေါ်မို့မို့မာ၊ ဦးလှခိုင် (ကိုပြုံးလေး၊ SPMP) - ဒေါ်ရီရီမာ (Sein Min Co.)တို့၏မိခင်၊မောင်ကျော်ကျော်ထက်၊ မောင်အောင်ဥာဏ်ဖြိုး (B.Tech, Civil၊ မအူပင် G.T.C)၊ မောင်ထက်ဇေဟိန်း(ဒုနှစ်၊ ဥပဒေ)၊ ဗိုလ်လောင်းစိုးသူရ(နောက်ဆုံးနှစ်၊ အပိုင်း-က၊ D.S.M.A)၊ မဖြူပိုးဥ(တနှစ်၊ IC°ဒဂုံ တက္ကသိုလ်)၊မောင်ထက်ခိုင်လင်း(ဒုတိယတန်း၊ အထက-၂၊ စမ်းချောင်း)တို့၏ အဘွားသည် ၄-၄-၂၀၀၄ရက် မွန်းလွဲ ၁း၂၀ နာရီတွင်ကွယ်လွန်သွားပါသဖြင့် ၈-၄-၂၀၀၄ရက် (ကြာသပတေးနေ့) မွန်းတည့် ၁၂ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀း၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်း ဒါယိကာမကြီး
ဒေါ်တင်တင်
အသက်(၇၅)နှစ်

(ဦးကျော်ညွန့်-ဒေါ်လုံး)တို့၏သမီး၊ (ဦးကျော်ငြိမ်း - ဒေါ်ဒေါ်သိန်း)တို့၏ သမီးချွေးမ၊ ဗဟန်းမြို့နယ်၊ ရေတာရှည်လမ်းသစ်၊ တိုက် (A)၊ အခန်း ၅၀၆ နေ ဦးတိုး၏ဇနီး၊ ဦးစိန်စိုးလွင်-ဒေါ်စန္ဒာတိုး၊ ဦးခင်မောင်နီ-ဒေါက်တာဥမ္မာတိုး၊ ဦးလွင်ဦး(UNAIDS)-ဒေါ်အေးအေးမြင့်တို့၏မိခင်၊ မောင်မင်းခန့်၏ အဘွားသည် ၆-၄-၂၀၀၄ရက် ညနေ ၅း၂၀ နာရီတွင် ရွှေဂုံတိုင်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ၈-၄-၂၀၀၄ရက် နံနက် ၉ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (အထက်ပါနေအိမ်မှကားများ နံနက် ၈ နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၁၂-၄-၂၀၀၄ရက် နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်၌ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း
နော်အဲလစ်တင်
အသက်(၆၂)နှစ်

ပုသိမ်မြို့နေ သိက္ခာတော်ရဆရာ နိုးအာသိန်း၏ဇနီး၊ နော်စပယ်ဖောသိန်း၊ စောထိုဒိဝါးသိန်း၊ နော်ထားထူးသိန်း၊ နော်အယ်နဲမူးသိန်း၊ နော်သွေးသိန်း၊ စောခိုဖသိန်း၊ စောနွီးသိန်းတို့၏မိခင်၊ စောဂျက်စဖာသိန်း၊ စောအီမဲနုရွယ်တောတို့၏အဘွားသည် ၃-၄-၂၀၀၄ရက် နံနက် ၇း၁၅ နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါ၍ ၅-၄-၂၀၀၄ရက် မွန်းလွဲ ၂ နာရီတွင် ပုသိမ်မြို့ ကိုသာဖြူခန်းမဆောင်၌ ဝတ်ပြုဆုတောင်းပြီး အမျိုးသမီးကုန်းခရစ်ယာန်သုသာန်တွင် သင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဦးတင်ညွန့် (သံတွဲ)
အသက်(၆၁)နှစ်

သံတွဲမြို့နယ်၊ ရွှေလေ့ကျေးရွာနေ (ဦးသာညွန့်-ဒေါ်မြရင်)တို့၏ သား၊ ပြည့်ဝကျေးရွာနေ (ဦးအောင်ကျော်တင်)-ဒေါ်အေးညွန့်တို့၏သားသမက်၊ ရန်ကုန်မြို့၊ တိုက်အမှတ် ဘီ-၂၊ အခန်းအမှတ် ၄၀၂(ငါးလွှာ)၊ အောင်ချမ်းသာ အိမ်ရာ၊ ရွှေဂုံတိုင်နေ ဒေါ်တင်တင်မေ၏ခင်ပွန်း၊ ဦးဇော်လင်း-ဒေါ်တင်တင်မြင့်၊ ဒေါ်မေနွယ်စိုး-ဦးခင်ကျော်တို့၏ ဖခင်၊ မြေးခြောက်ယောက်တို့၏အဘိုး၊ ရန်ကုန်မြို့နေ ဦးကျော်ရင်-ဒေါ်သောင်းတို့၏မောင်၊ ဦးခင်ညွန့်-ဒေါ်မြင့်မြင့်သန်း(စစ်ကိုင်း ချည်မျှင်စက်ရုံ)၊ ရန်ကုန်မြို့နေ ဦးလှရွှေ-ဒေါ်ယဉ်ယဉ်သန်းတို့၏အစ်ကို၊ တူ တူမ ရှစ်ယောက်တို့၏ ဦးကြီးသည် ၆-၄-၂၀၀၄ရက် (အင်္ဂါနေ့) မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ အထွေထွေရောဂါကုဆေးရုံ(ဂျပန်ဆေးရုံ) သစ်ကြီး၌ကွယ်လွန်သွားပါသဖြင့် ၈-၄-၂၀၀၄ရက် (ကြာသပတေးနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (အထက်ပါဆေးရုံကြီးအအေးတိုက်မှ ကားများ နံနက် ၁၁ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်း ဒါယကာကြီး
ရွှေကြက် ဦးတင်ဦး(ပန်းတနော်)
သီဂီရွှေရည်လက်ဖက်ရည်ဆိုင်
အသက်(၇၂)နှစ်

အမှတ် ၆၊ စက်မှုလက်မှု ၁ လမ်း၊ မေတ္တာညွန့်ရပ်ကွက်၊ တာမွေနှင့်အမှတ် ၂၆၅၊ အထက်ဆိပ်ကမ်းသာလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့နေ (တရုတ်ဆေးဆရာကြီး ဦးတင်ကြိုင်-ဒေါ်တင်မြိုင်)တို့၏သားကြီး၊(ဦးဝါနန်း-ဒေါ်မြရင်)တို့၏သားသမက်၊ ဒေါ်ကြင်မွေး၏ခင်ပွန်း၊ (ဦးစံလွင်) [Second mate (F.G)]-ဒေါက်တာဒေါ်နွဲ့နွဲ့ဦး၊ ဦးသက်လင်း၊ ဦးဝင်းမိုး-ဒေါက်တာဒေါ်သန်းသန်းဝင်း၊ ဦးအောင်နိုင်ဦး-ဒေါ်ဗိုလ်ဗိုလ်အောင်၊ ဦးအောင်ဇော်ဦး-ဒေါ်ခင်မိုးအေးတို့၏ဖခင်ကြီး၊ မောင်အောင်ကိုဟိန်း၊ မစုစန္ဒီဦး၊ မမိုးဟေဟန်ဆု၊ မမြတ်သီဂီဆု၊ မောင်ဖွဲ့ပြည့်အောင်၊ မောင်အောင်ခန့်၊ မမိုးဟန်နီဇော်၊ မမိုးသီတာဇော်တို့၏အဘိုးသည် ၆-၄-၂၀၀၄ရက်(အင်္ဂါနေ့)နံနက် ၄း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၀-၄-၂၀၀၄ရက် (စနေနေ့)မွန်းလွဲ ၁ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(အမှတ် ၆၊ စက်မှုလက်မှု ၁ လမ်း၊ မေတ္တာညွန့် ရပ်ကွက်၊ သိမ်ကြီးဈေး D ရုံ၊ ရွှေကြက် ပဲလှော်ဆိုင်နှင့် အမှတ် ၂၆၅၊ အထက်ဆိပ်ကမ်းသာလမ်း၊ ကျောက်တံတား မြို့နယ် သီဂီရွှေရည်လမ်းဖက်ရည်ဆိုင်မှ ကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်လှညွန့် (ခရမ်း)
အသက်(၇၉)နှစ်

ရန်ကုန်တိုင်း၊ သာကေတမြို့နယ်၊ အမှတ် ၃၂၇၊ သုမန ၁ လမ်း၊ (၅) ရပ်ကွက်နေ ဦးသိန်းလှိုင်-ဒေါ်ခင်ငြိမ်း၊ ဦးဝင်းဌေး-ဒေါ်စန်းမြင့်၊ မသန်းသန်းဦး၊ ဦးတရုတ်ကြီး(ခ)ဦးသိန်းနိုင်-ဒေါ်ခင်ဝင်းတို့၏မိခင်၊ မြေး ၁၁ ယောက်တို့၏ အဘွားသည် ၆-၄-၂၀၀၄ရက် (အင်္ဂါနေ့)တွင် ကွယ်လွန်သွားပါ၍ ၈-၄-၂၀၀၄ရက်(ကြာသပတေးနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဒေါ်အေးသိန်း (သထုံ)
ရာသက်ပန်အသင်းဝင်အမှတ်-၄၁၄
အသက်(၇၁)နှစ်

ရန်ကုန်မြို့၊မြောက်ဥက္ကလာပမြို့နယ်၊ အမှတ် ၄၀၊ မေတ္တာလမ်း၊ (၅)ရပ်ကွက်နေ(ဦးချစ်ဟန်-ဒေါ်ဖွားရှိန်)တို့၏သမီး၊ (ဦးစိုးညွန့်၊ အငြိမ်းစားရုံးအဖွဲ့မှူး)၏ဇနီး၊ ဦးလှစိန်-ဒေါ်အေးသောင်းတို့၏ညီမ၊ (ဦးမြတ်သိန်း)-ဒေါ်ခင်မြင့်၊ ဦးငွေမြင့်-ဒေါ်မြင့်မြင့်သန်းတို့၏အစ်မ၊ ဒေါ်မာလာစိုး(အလုံ/ထွေအုပ်)၊ ဦးမြတ်စိုး-ဒေါ်သီတာစိုး (လှိုင်၊ စည်ပင်)၊ ဦးစိုးနိုင်-ဒေါ်ကြည်ကြည်ဝင်း၊ ဦးကျော်ဌေး(ရာသာချိုကုမ္ပဏီ)-ဒေါ်နီလာစိုး (မင်္ဂလာဒုံ၊ ပြန်/ဆက်)၊ ဦးသက်နိုင် (လဝက၊ ရုံးချုပ်)-ဒေါ်မာမာစိုး (ဗဟန်း၊ လဝက) တို့၏မိခင်၊ မြေးကိုးယောက်တို့၏ အဘွားသည် ၆-၄-၂၀၀၄ရက် (အင်္ဂါနေ့)နံနက် ၃ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈-၄-၂၀၀၄ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁း၃၀ နာရီတွင် မြောက်ဥက္ကလာပ ဆေးရုံမှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီ တွင်ထွက်ပါမည်။)ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊ကျောင်းဒါယကာကြီး
ဗိုလ်မှူးညွန့်ဟန် (ငြိမ်း)
ဗိုလ်သင်တန်းအပတ်စဉ်(၃၉)
အသက်(၆၆)နှစ်

ပဲခူးမြို့၊ ခရဲရွာနေ (ဦးအုန်းမောင်-ဒေါ်စိန်မေ)တို့၏သား၊ ရန်ကုန်မြို့နေ (ဦးထင်ပေါ်)-ဒေါ်တင်ကြည်တို့၏သားသမက်၊ ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၄/၃)ရပ်ကွက်၊ ယုဇနမာလာလမ်း၊ အမှတ် ၁၅၆/၂ နေ ဒေါ်အေးအေးမြင့်၏ခင်ပွန်း၊ ဦးဇော်ဦးဟန် (ပြည်နယ်မန်နေဂျာ၊ ဆက်သွယ်ရေး၊ ကျိုင်းတုံ)-ဒေါ်မေထိုက်အောင်၊ (ဒုဗိုလ်မိုးခိုင်ဟန်)၊ မောင်မိုးလွင်ဟန်၊ မောင်သူရဟန်-မနှင်းနှင်းဖြိုး၊ မောင်စိုးရ-မစမ်းသီတာဟန်၊ မသင်းမြသဇင်ဟန် (နောက်ဆုံးနှစ်၊ စီးပွားရေးတက္ကသိုလ်၊ ရွာသာကြီး)တို့၏ဖခင်၊ မြေးခြောက်ယောက်တို့၏အဘိုးသည် ၆-၄-၂၀၀၄ရက် (အင်္ဂါနေ့) မွန်းတည့် ၁၂ နာရီတွင် ရွှေဂုံတိုင်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ၈-၄-၂၀၀၄ ရက်(ကြာသပတေးနေ့)မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။(နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ရဟန်း၊ကျောင်းဒါယိကာမကြီး
ဒေါ်တင်ရွှေ (ဟင်္သာတ)
အသက်(၇၃)နှစ်

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ သုဓမ္မာလမ်း၊ သုမင်္ဂလာအိမ်ရာ၊ ခြံအမှတ် ၆၃-အေ နေ (ဦးဖိုးဥာဏ်-ဒေါ်မယ်တင့်)တို့၏သမီး၊ ဦးမြတင်၏ဇနီး၊ ဒေါ်လှသန်းဦး၊ ဦးခင်မောင်သန်း (MD-Ray Shipping Enterprise Co., Ltd.)-ဒေါ်သီဂီနွယ်၊ဦးကြည်တိုး (လ/ထ ညွှန်ကြားရေးမှူး၊ စစ်ကိုင်းမီးသတ်)-ဒေါ်ဝင်းဝင်းတင်(လယ်/ပြ)၊ ဒေါ်ရင်ရင်တင် (မူ/အုပ်၊ မော်ကျွန်း)၊ ဦးစိုးမင်း (CREW Manager Roy Shipping)-ဒေါ်ဆုမြတ်နိုင်၊ ဒေါ်အေးအေးတင်(လယ်/ပြ၊ အင်းစိန်)၊ဦးကျော်ကျော်နိုင် (2/0)-ဒေါ်သန်းသန်းအေး၊ ဦးခင်လှိုင်(World Marine)-ဒေါ်စုစုတင်၊ ဦးဆန်းဝင်းအောင်(A/B World Marine)-ဒေါ်တင်မိုးခိုင်တို့၏ မိခင်၊ မြေး ၁၄ ယောက်တို့၏ ဘွားဘွားကြီးသည် ၆-၄-၂၀၀၄ရက်(အင်္ဂါနေ့) ညနေ ၄း၅၀ နာရီတွင် ဆာကူရာဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ၁၀-၄-၂၀၀၄ ရက် (စနေနေ့)တွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

ဒေါ်အေးမြင့်
အသက်(၅၆)နှစ်

ရန်ကုန်မြို့၊ အမှတ် ၁၀၊ ၆ လမ်း၊ ပုသိမ်ညွန့်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်နေ (ဦးသန်းညွန့်-ဒေါ်သိန်းတင်)တို့၏သမီး၊ ဦးအောင်မြင့်၏ဇနီး၊ ကိုခင်မောင်သန်း-မနှင်းနှင်းအေး၊ ကိုဇော်မင်းအောင်-မခိုင်ခိုင်အေး၊ မစန်းစန်းဌေး၊ မောင်ထွန်းထွန်းဝင်း၊ မောင်ထွန်းထွန်းလင်းတို့၏မိခင်၊ မြေးရှစ်ယောက်တို့၏ အဘွားသည် ၅-၄-၂၀၀၄ရက် မွန်းလွဲ ၂း၅၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၇-၄-၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၀ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးမောင်မောင်ကြည်
မြန်မာ့လယ်ယာထွက်ကုန်
ပစ္စည်းရောင်းဝယ်ရေး
(ဓနုဖြူမြို့)
အသက်(၅၅)နှစ်

ဓနုဖြူမြို့၊အမှတ် ၈၁၇၊ (၂)ရပ်ကွက်၊ ဓနုသင်္ခါလမ်းနေ (ဦးကြည်ဝင်း-ဒေါ်ကျင်ရီ)တို့၏သား၊ ဒေါ်ခင်ဝင်း၏ခင်ပွန်း၊ ပြင်ဦးလွင်မြို့နေ ကိုအောင်ဇော်-မခင်သူလွင်၊ ဓနုဖြူမြို့နေ ကိုဝင်းသူလွင်-မမူမူခိုင်တို့၏ဖခင်၊ မောင်နဒီမင်းလွင်၊ မောင်အာကာမင်းလွင်တို့၏ အဘိုးသည် ၅-၄-၂၀၀၄ရက် (တနင်္လာနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၇-၄-၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂ နာရီတွင် ဓနုဖြူမြို့ ဖိုးမြကုန်း သုသာန်တွင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း
ဦးမုန်အောင်(ခ)အောင်အောင်
B.E (Mech)
အင်ဂျင်နီယာ(၂)
ညှိနှိုင်းဆောင်ရွက်ရေးဌာန
ရန်ကုန်မြို့တော်
စည်ပင်သာယာရေးကော်မတီ
အသက်(၃၃)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ဗျိုင်းရေအိုးစဉ်၊ ရွာမရပ်ကွက်၊ အမှတ် ၄၊ ခြောက်လွှာ၊ ဗဟိုလမ်းနေ ဦးအူလုံဂမ်-ဒေါ် S°လုတောင်တို့၏ သားထွေး၊ ဒေါ် M°ဂျာရော် (ဦးစီးအရာရှိ၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန၊ ဝန်ကြီးများရုံး)၏ ခင်ပွန်း၊ ဆရာဦးအူလုံအောင်ဂျာ၊ ဒေါ်အူလုံဆိုင်းခေါ်န်(အထက-၁၊ မြစ်ကြီးနားမြို့)-ဦး L°ဇော်ဂွန်(လဝက၊ မြို့နယ်မှူး၊ ကျောက်မဲ)၊ ဦးအူလုံနော်ဆန်း၊ ဒေါ်အူလုံထွယ်မိုင်-ဦးတူးဂျာတို့၏ ညီ/မောင်၊ တူ တူမ နှစ်ယောက်တို့၏ ဦးလေးသည် ၅-၄-၂၀၀၄ရက်(တနင်္လာနေ့)ညနေ ၄ နာရီတွင် ဗဟိုစည်အထူးကုဆေးခန်းတွင် ခရစ်တော်၌အိပ်ပျော်သွားပါ၍ ၇-၄-၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၉ နာရီတွင် ရေဝေးခရစ်ယာန်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ဦးခင်မောင်အုန်း
(တရားရုံးချုပ်ရှေ့နေ)
အသက်(၆၁)နှစ်

ဗဟန်းနေ (ဦးသန်းဆွေ-ဒေါ်ခင်မကြီး)၊ ဦးထွန်းလှ-(ဒေါ်မြသန်း)တို့၏ သား၊ (ဦးခင်မောင်ဆွေ)၏ညီ၊ ဒေါ်စန်းစန်းဆွေ၊ ဦးစိုးမင်းလွင်၊ ဒေါ်မြင့်မြင့်ဆွေ၊ ဒေါ်စုစုထွန်း၊ ဦးခင်မောင်ချို၊ ဒေါ်အေးအေးဆွေ(ဒေါ်အုန်းအုန်းထွန်း)၊ ဒေါ်ဌေးဌေးဆွေ၊ ဦးတင်မောင်ဆွေ၊ ဒေါ်ပြုံးပြုံးထွန်း၊ ဒေါ်မြမြဆွေ၊ ဒေါ်စိုးစိုးဆွေ၊ ဒေါ်ရီရီထွန်းတို့၏အစ်ကိုကြီး၊ (၄၂)ရပ်ကွက်၊ရွှေဒေါင်း၃လမ်း၊ အမှတ် ၆၆၀၊ ဒဂုံမြောက်နေ (ဒေါ်တင်နွဲ့ရီ)၊ ဒေါ်ရီမာ၏ခင်ပွန်း၊ ဥမ္မာအုန်း၊စန္ဒာအုန်း၊ သီတာအုန်း - ဦးဇော်နိုင် (ဗညားနွဲ့)၊ ငြိမ်းချမ်းနွဲ့တို့၏ဖခင်၊ ဝေဖြိုးဦး၊ ကောင်းထက်နိုင်၊ ကောင်းထူးနိုင်တို့၏အဘိုးသည် ၆-၄-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၈-၄-၂၀၀၄ရက် မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီ တွင်ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

မောင်သိန်းဇော်ဝင်း
အသက်(၂၉)နှစ်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ပန်းလှိုင်အိမ်ရာ၊ တိုက် ၈၊ အခန်း ၁၅ နေ ဦးစံရွှေလှ-ဒေါ်တင်ရွှေတို့၏သားကြီး၊ ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့၊ ပေါက်ပြင်ရွာနေ (ဦးထွန်းဘော်)-ဒေါ်နွေယ်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ မီးရထားဝင်းနေ ဦးဘခင်-(ဒေါ်တင်ညွန့်)တို့၏မြေး၊ မဝင်းဝင်းရွှေ၊ မောင်သိန်းကျော်မင်း၊ မောင်ကျော်ဆန်းဝင်းတို့၏အစ်ကိုကြီးသည် ၆-၄-၂၀၀၄ရက် (အင်္ဂါနေ့) နံနက် ၂း၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈-၄-၂၀၀၄ ရက်(ကြာသပတေးနေ့)မွန်းလွဲ ၂ နာရီတွင် ဝေဘာဂီအထူးကုဆေးရုံအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (ကြည့်မြင်တိုင်နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဦးခင်မောင်ဖြူ
အထက(၁)ဒဂုံ၊ (အငြိမ်းစား)
I.L.B.C (သင်္ချာဌာန)
အသက်(၆၃)နှစ်

ပြွန်တန်ဆာမြို့နေ (ဦးကျော်ဇော-ဒေါ်ခင်သက်)တို့၏သား၊ ရန်ကုန်မြို့၊ အမှတ် ၉၄၊ ဒုတိယထပ်(ဝဲ)၊ ဆိပ်ကမ်းသာလမ်း၊ ကျောက်တံတားမြို့နယ်နေ ဒေါ်မြင့်ဝါ၏ခင်ပွန်း၊ ဒေါ်မိုးမိုးဆမ်း၊ ဒေါ်ဆွေဆွေတင့်၊ ဒေါ်ဇင်သက်ခိုင်(ရိုးမဘဏ်၊ဗိုလ်တထောင်)၊ ဒေါ်ချောစုလှိုင်၊ ဦးသုတတို့၏ဖခင်သည် ၅-၄-၂၀၀၄ရက် ည ၆း၃၀နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၇-၄-၂၀၀၄ရက် မွန်းတည့် ၁၂ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊ကျောင်းဒါယကာ
ဦးအောင်ဝင်းသိန်း
လက်ထောက်ညွှန်ကြားရေးမှူး(စစစ)
ဒုရဲအုပ်လောင်းသင်တန်း
အမှတ်စဉ်(၁၅)
အသက်(၄၇)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ၁၅၅ လမ်း၊ အမှတ် ၈၊ အခန်း ၃-A နေ ဦးသိန်းမြင့်-(ဒေါ်လှကြည်)တို့၏သား၊ (ဦးမြအုန်း)-ဒေါ်မြင့်မြင့်သန်းတို့၏သားသမက်၊ ဦးသန်းထွေး (Sunflower Co., Ltd.)-ဒေါ်ခင်နိုင်ထွေးတို့၏တူ၊ ဦးမြသိန်း(ဆလရ) - ဒေါ်ခင်အေးမြင့်၊ ဦးစန်းအောင်(MICS)-ဒေါ်မမခိုင်တို့၏ညီ၊ဦးခင်မောင်ဝင်း-ဒေါ်ဥမ္မာညွန့် (MICS)၊ ဦးအောင်နိုင်၊ ကိုထင်ကျော်-မသက်သက်၊ ကိုမျိုးသန့်(ဆလရ)တို့၏ အစ်ကို၊ ဒေါက်တာနွဲ့နွဲ့ယဉ်(B.V.S) ၏ခင်ပွန်း၊ မောင်အောင်နေခန့်၊ မသီဂီနွဲ့အောင်တို့၏ဖခင်သည် ၆-၄-၂၀၀၄ ရက် (အင်္ဂါနေ့) ညနေ ၄ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈-၄-၂၀၀၄ ရက်(ကြာသပတေးနေ့)နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှကားများ နံနက် ၉း၃၀ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

မစန္ဒာမြင့်
B.A (History)
အသက်(၃၇)နှစ်

ရန်ကုန်မြို့၊မြေနီကုန်း၊ကျောင်းလမ်း၊ အမှတ်၂၇(ငါးလွှာ)နေ ဦးမြင့်စိန်-ဒေါ်ခင်မြင့် (ပြည်သူ့ဆေးရုံ-ဒလ၊ ငြိမ်း) တို့၏သမီး၊စစ်ကိုင်းမြို့နေ(ဦးဘဟန်)-ဒေါ်ခင်ဝင်းကြည်(ကျောင်းဆရာမ၊ငြိမ်း) တို့၏သမီးချွေးမ၊ မမူမူစိန်၏အစ်မ၊ ဗိုလ်မှူးစိုင်းဝင်းဟန် (နပခ)၏ဇနီးသည် အာရုတော်ဝင် အထူးကုဆေးခန်း၌ ၅-၄-၂၀၀၄ရက်(တနင်္လာနေ့)ညနေ ၅း၅၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၉-၄-၂၀၀၄ရက်(သောကြာနေ့)မွန်းလွဲ ၁ နာရီတွင် ထိန်ပင်အအေးတိုက်မှထိန်ပင် သုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်နီလာဦး
အသက်(၄၂)နှစ်

ရန်ကုန်မြို့၊ အမှတ် ၈၃၇(ဂ)၊ မာဂလမ်း၊ (၁၂)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်နေ (ဦးတင်ဦး-ဒေါ်ခင်ထွေး) တို့၏သမီး၊ (ဦးစိုးအောင်)-ဒေါ်မြင့်မြင့်သိန်းတို့၏သမီးချွေးမ၊ ဦးဝင်းနိုင်ဦး၏ ဇနီး၊ မောင်ဝင်းမောင်ထွန်း-ဆောင်းဝတ်ရည်နှင်း၊ ကောင်းထက်ဇေဏ်တို့၏ မိခင်၊ မဆုဝတ်ရည်နှင်း၏အဘွားသည် ၆-၄-၂၀၀၄ရက်တွင် သင်္ဃန်းကျွန်းစံပြဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၈-၄-၂၀၀၄ရက် မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ နတ်မောက်လမ်းသွယ်(၁)၊ အမှတ်(၅၃)၊ မြန်မာ့အလင်းသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ် ၄၀၊ ကြေးနန်းလိပ် မြန်/လင်း၊ စာတည်းမှူး ၅၄၄၃၁၃၊ မန်နေဂျာ ၅၄၄၃၁၄၊ စာတည်းအဖွဲ့ ၅၄၄၃၀၉၊ စီမံ ၅၄၄၃၁၅၊ ငွေစာရင်း ၅၄၄၃၁၆၊ ဖြန့်ချိ ၅၄၄၃၁၇၊ ကြော်ငြာ ၅၄၅၈၃၄၊ ပုံနှိပ် ၅၄၄၃၁၈။

R. 488

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံသမ္မတအား တွေ့ဆုံနှုတ်ဆက်

ရန်ကုန် ဧပြီ ၆

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ ပါမောက္ခဒေါက်တာအီယာကျူဒင်အာမက်အား ဧပြီ ၄ ရက် ညနေ ၅ နာရီတွင် ဒါကာမြို့ရှိ Bangabhaban သမ္မတအိမ်တော်သို့ သွားရောက်တွေ့ဆုံ နှုတ်ဆက်သည်။

စာမျက်နှာ ၆ ကော်လံ ၁ ■

တွေ့ဆုံ

ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဘင်္ဂလားဒေ့ရှ် ပြည်သူ့ သမ္မတ နိုင်ငံ သမ္မတ ပါမောက္ခ ဒေါက်တာ အီယာကျူဒင်အာမက်အား ဒါကာမြို့ရှိ Bangabhaban သမ္မတအိမ်တော်တွင် တွေ့ဆုံစဉ်။ **(သတင်းစဉ်)**

နှစ်နိုင်ငံဆက်ဆံရေးတိုးမြှင့်ရေး၊ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးဆွေးနွေး
မြန်မာနိုင်ငံ၏ဒီမိုကရေစီစနစ်ဖြစ်ထွန်းရေးကြိုးပမ်းဆောင်ရွက်မှုများကြိုဆိုထောက်ခံ
မြန်မာ–ဘင်္ဂလားဒေ့ရှ်နှစ်နိုင်ငံဝန်ကြီးချုပ်များ ခင်မင်ရင်းနှီးစွာတွေ့ဆုံဆွေးနွေး

ခင်မင်ရင်းနှီးစွာတွေ့ဆုံ

ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံဝန်ကြီးချုပ် ဘီဂမ်ခါလီဒါဇီယာတို့ ဝန်ကြီးချုပ်ရုံး ဧည့်ခန်းမဆောင်၌ ခင်မင်ရင်းနှီးစွာ တွေ့ဆုံကြစဉ်။ **(သတင်းစဉ်)**

ရန်ကုန် ဧပြီ ၆

ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ခေါင်းဆောင်သော မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များသည် ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ် ဘီဂမ်ခါလီဒါဇီယာ ခေါင်းဆောင်သော အဖွဲ့ဝင်များနှင့် တွေ့ဆုံဆွေးနွေးရန် ဧပြီ ၄ ရက် ညနေ ၃ နာရီတွင် ခေတ္တတည်းခိုသည့် ဒါကာမြို့ Hotel Sheraton မှ ဝန်ကြီးချုပ်ရုံးသို့ရောက်ရှိကြသည်။

ရင်းနှီးစွာတွေ့ဆုံ

နှစ်နိုင်ငံတွေ့ဆုံဆွေးနွေးပွဲ မကျင်းပမီ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ် ဘီဂမ်ခါလီဒါဇီယာတို့သည် ဝန်ကြီးချုပ်ရုံး ဧည့်ခန်းမဆောင်၌ ခင်မင်ရင်းနှီးစွာ တွေ့ဆုံကြသည်။

စာမျက်နှာ ၅ ကော်လံ ၁ ✻

မြန်မာ့ယဉ်ကျေးမှုသင်္ကြန်

✻ အမျိုးသားယဉ်ကျေးမှုကို ထိန်းသိမ်းပါ။

✻ သရုပ်ပျက်ယဉ်ကျေးမှုကို ရှောင်ကြဉ်ပါ။

✻ အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို မြန်မာ့ယဉ်ကျေးမှုသင်္ကြန်ဖြင့် မြှင့်တင်ပါ။

ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ

ယနေ့ထုတ်စောင်ရေ– ၂၀၀၇၃၄

အရိုးပေါ်အရွက်မဖုံးစေဖို့ ယဉ်ကျေးသောရိုးရာသင်္ကြန်ကိုဆင်နွှဲစို့

သတင်းဆောင်းပါး–မြင့်ခိုး၊ ဓာတ်ပုံမှတ်တမ်း–တင်ခိုး(မြန်မာ့အလင်း)

ရန်ကုန် ဧပြီ ၆

ယခုရက်ပိုင်းတွင် ရန်ကုန်မြို့ပေါ်ရှိ ရပ်ကွက်တော်တော်များများတွင် နှစ်သစ်ကိုကြိုဆိုသည့် သင်္ကြန်သီချင်းများ နေရာအနှံ့ကြားနေရသည်။ သင်္ကြန်တေးသံသာများကို မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ မြဝတီရုပ်မြင်သံကြား၊ မြို့တော်အသံလွှင့်ဌာနများက မကြာခဏ ထုတ်လွှင့်ပေးနေခြင်းကြောင့်လည်း နှစ်သစ်ကူး သင်္ကြန်ပွဲတော်ကြီးနီးလာပြီဟု အသိစိတ်ကဝင်လာပြန်သည်။

စာမျက်နှာ ၁၃ ကော်လံ ၁ ▼